# သစ်တောကြေးမုံ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ

## အင်းလေးကန် ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက်
## ရေဝေရေလဲဒေသတောင်ကတုံးများတွင်
## သစ်စေ့မြေလုံးများ ရဟတ်ယာဉ်ဖြင့်ကြဲချစိုက်ပျိုးခြင်း






# သစ်တောကြေးမုံ

## မာတိကာ


- ရေဝေရေလဲဒေသ တောင်ကတုံးများတွင် သစ်စေ့မြေလုံးများ ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးခြင်း — မျက်နှာဖုံး
- စားနပ်ရိက္ခာဖူလုံရေး ပိုင်းဝန်းထောက်ပံ့ပေးနေသော သစ်တောများ၏အခန်းကဏ္ဍ **(ခေါင်းကြီး)** — ၁
- သတင်းများကဏ္ဍ — ၂–၇
- တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိသတင်းများ — ၈–၉
- အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုများ -- **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန** — ၁၀–၁၁
- အဖြူရောင်နှလုံးသားနဲ့လူ (ကဗျာ) - **တင်သောင်း(တောအုပ်)** — ၁၁
- တိုတိုထွာထွာမှတ်စရာ–၂၀ - **တက္ကသိုလ်ဆရာတစ်ဦး** — ၁၂–၁၃
- ဟဲ ဟဲ ဒါလေးများ (၁၇) - **သိရိတင်(သစ်တော)** — ၁၄–၁၆
- သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း — ၁၆
- ကရဝေးပင် - **ဦးဟုတ်လင်း** — ၁၇
- ပြည်မြို့တောကျောင်းက နလံထ အင်တိုင်းတောမြင့် - **ဘသန်း** — ၁၈–၁၉
- မြန်မာနိုင်ငံ၏ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်ချက်များ -- **သိန်းသန်းထွန်း** — ၂၀–၂၂၊၂၅
- တတိယအချိုးအကွေ့ -- **ခင်အောင်ငြိမ်း** — ၂၃–၂၅
- တော်ဝင်တိရစ္ဆာန်ကြီးများအား လည်ပတ် တပ်ခြင်း - **WWF-မြန်မာ** — ၂၆
- မြကျွန်းမြိုင်မဟူရာဘုံ (၂) -- **မြတ်သင်း** — ၂၇–၃၀
- အင်းတော်ကြီးဒေသတွင် မှတ်တမ်းတင်ထားခြင်းမရှိသေးသော ရေပျော်ငှက်မျိုးစိတ်အသစ်တစ်မျိုးထပ်မံတွေ့ရှိ **--ဝန်းကျင်/သားငှက်ဌာန** — ၃၀
- ကျွန်တော်လည်း လူထဲကလူ -- **အုန်းလွင်လေး** — ၃၂–၃၄
- ခါကာဘိုရာဇီဥယျာဉ်ဝယ် အပင်မျိုးစိတ်တွေစုကြမယ် (၈) - **မြင့်မြင့်စန်း ၊ လက်ထောက်သုတေသနအရာရှိ (ငြိမ်း)** — ၃၅–၃၇၊၄၀
- အင်မျိုးရင်ဝင်သစ်မျိုးများဖြင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း -- **ဒေါက်တာညွန့်နိုင်** — ၃၈–၄၀
- လူသားတို့၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ခြိမ်းခြောက်လာသည့် ... -- **ဒေါ်ယဉ်ယဉ်မာ** — ၄၁–၄၃
- ကမ္ဘာ့အဆုတ်ကြီး မီးလောင်ကျွမ်းမှု -- **ဦးကျော်သက်** (GIS) — ၄၄
- Integration of Environment and Development for Sustainable Development - - **U Sein Thet, Director (Rtd)** — ၄၅–၄၆
- ကာတွန်းကဏ္ဍ — ၄၉
- ကမ္ဘာ့ဆောင်းခိုငှက်များနေ့ (၂၀၁၉)-- **ဒေါက်တာသိန်းအောင်၊ ဥက္ကဌ၊ မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း** — ၄၇–၄၈ (နောက်ကျောဖုံး)



သစ်တောဦးစီးဌာနက လစဉ်ထုတ်ဝေလျက်ရှိသော **"သစ်တောကြေးမုံ"** တွင် ဖော်ပြပါရှိသည့် စာမူများမှာ **"စာမူရှင်"** ၏ **"မူပိုင်"** ဖြစ်သည်။ အခြားနေရာတွင် ဖော်ပြလိုပါက/ အသုံးပြုလိုပါက **"စာမူရှင်"** ၏ ခွင့်ပြုချက်ကို စာဖြင့်တောင်းခံရန် မေတ္တာရပ်ခံအပ်ပါသည်။



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးစိုးဝင်း-၆

ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

**စာတည်း**

ဦးထွန်းညွှန့်တင် - လက်ထောက်ညွှန်ကြားရေးမှူး

**ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄**

extension@forest.gov.mm

**စာတည်းအဖွဲ့ဝင်များ**

ဦးအေးနိုင် — ဒုတိယညွှန်ကြားရေးမှူး

ဦးတင်မောင်ဝင်း — လက်ထောက်ညွှန်ကြားရေးမှူး

ဒေါက်တာဇာခြည်ဝင်း — ဦးစီးအရာရှိ(English Editor)

ဦးကောင်းညွှန့် — ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ-၀၀၆၆၀)

မဥ္ဇူပုံနှိပ်တိုက်၊ အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်

ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး




# စားနပ်ရိက္ခာ ဖူလုံရေး ပိုင်းဝန်း ထောက်ပံ့ပေးနေသော သစ်တောများ၏ အခန်းကဏ္ဍ

လူသားတို့ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေးသည် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ယနေ့ကမ္ဘာအရပ်ရပ်၌ စားနပ်ရိက္ခာမလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့ နေရပေသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့လူဦးရေ သန်း(၈၀၀) ကျော်ရှိသည့်အနက် ယနေ့ကမ္ဘာတွင် လူ(၉)ဦးအနက် တစ်ဦးမှာ အာဟာရပြည့်ဝမှုမရှိဘဲ ငတ်မွတ်မှုနှင့် ကြုံတွေ့နေရပါသည်။

ထို့ကြောင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် ကျရောက်သော " ကမ္ဘာ့စားနပ်ရိက္ခာနေ့" တွင် " Our Actions are Our Future. Healthy Diets for A #Zero Hunger World"၊ "ကျန်းမာမျှတ အာဟာရ၊ ပြည့်စုံနိုင်ရေး ရည်မှန်းတွေး၊ ယနေ့မှစ၍ ကြိုးစားပေး" ဟူသော ဆောင်ပုဒ်ကို သတ်မှတ်ခဲ့သည်။

ရေရှည်တည်တံ့သည့် အနာဂတ်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုပန်းတိုင် (SDG)၂၀၃၀ အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး၏ တာဝန်ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) အမှတ်စဉ်(၂)ပြည့်မီရန် ဆောင်ရွက်ရာတွင် ငတ်မွတ်ခေါင်းပါးမှု ကင်းစင်ရေး အလေးပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာများကို ထုတ်လုပ်ပေးနိုင်မှသာ လူသားတိုင်းအသက်ရှည်စွာ နေထိုင်နိုင်မည်ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍသည် မေ့ထား၍မရသော အချက်တစ်ချက်ဖြစ်ပါသည်။ သစ်တောများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အပံ့ပြုလျက်ရှိသည်။ သစ်၊ တိုင်၊ မျော နှင့် သစ်ဉသစ်ဖု၊ မျှစ်၊ မှို မှစ၍ တိုက်ရိုက်ရသော သစ်တောထွက်ပစ္စည်းပေါင်း မြောက်မြားစွာရှိသကဲ့သို့ သီးနှံသစ်တောရောနှောစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများမှလည်း စပါး၊ ပဲ၊ နှမ်း စသော စားနပ်ရိက္ခာများရရှိသည်။ ရာသီဥတုထိန်းညှိ၍ မျှတစေခြင်း၊ ရေဝေရေလဲဒေသများကို ထိန်းသိမ်းခြင်းဖြင့် လယ်ယာမြေများ တိမ်ကောပျက်စီးမှုကို ကာကွယ်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် ကောင်းမွန်သော ဇီဝမြေသြဇာကို ဖြစ်ထွန်းစေခြင်း၊ လေထုကိုသန့်ရှင်းစင်ကြယ်ခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ပေးနိုင်ခြင်းစသော သွယ်ဝိုက်သည့်အကျိုးကျေးဇူးများကိုလည်း ရရှိမည်ဖြစ်သည်။ သစ်ပင်သစ်တောများပြုန်းတီးခဲ့ပါက မြေဆီလွှာပျက်မည်၊ ရေပြတ်မည်၊ ရာသီဥတုဖောက်ပြန်၍ စိုက်ပျိုးရေ မလုံလောက်ခြင်း၊ သဲနုန်းများကျဆင်းမှုကြောင့် လယ်ယာမြေများ တိမ်ကော၊ သီးနှံအထွက်နှုန်းကျဆင်း၍ စားနပ်ရိက္ခာရှားပါးမှုနှင့် ကြုံတွေ့ရမည်။ ဒီရေတောများပျက်စီးပါက ငါး၊ ပုစွန်၊ ကဏန်းတို့၏ မျိုးတင်းပေါက်ဖွားရာဒေသ ပျက်စီးသဖြင့် စားနပ်ရိက္ခာရှားပါးမည်ဖြစ်သည်။

ထို့ကြောင့် စားနပ်ရိက္ခာဖူလုံရေးအတွက် သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်ရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် ဥပဒေ၊ နည်းဥပဒေများဖြင့်ကာကွယ်ခြင်း၊ သစ်တောနယ်မြေများတိုးချဲ့ဖွဲ့စည်းခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ မိုးရာသီလူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများမှ ကာကွယ်ပေးသော၊ လူသားတို့၏ စားနပ်ရိက္ခာကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသော သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းစိုက်ပျိုးရာတွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင် ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမြေကြီး၏ ကျေးဇူးကိုသိတတ်၍ ပြန်လည်ပေးဆပ်မည့် လူသားတစ်ဦးအနေဖြင့် သစ်တောသစ်ပင်များကို ကာကွယ်စိုက်ပျိုးထိန်းသိမ်းရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

FOREST

## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ကျင်းပပြုလုပ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲများတက်ရောက်ခြင်း








၂၀၁၉ ခုနှစ်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့သို့ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာလ(၂၂)ရက်နေ့တွင် နယူးယောက်မြို့ The University Center ၊ The New School ၌ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော အနာဂတ် နေ့ရက်များရရှိရေးပုံဖော်တည်ဆောက်ခြင်း (Building a Resilient Future Day)ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ မြန်မာနိုင်ငံ၏ သဘောထားအမြင်များကို ပြောကြားခဲ့သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများအပေါ် ခံနိုင်ရည်ရှိပြီး လိုက်လျောညီထွေနေထိုင်နိုင်ရေးအတွက် သိပ္ပံနည်းကျဆောင်ရွက်ရမည့် လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအပါအဝင် အင်္ဂလန်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဖီဂျီနိုင်ငံနှင့် ဘူတန်နိုင်ငံတို့မှ ဝန်ကြီးများတက်ရောက်၍ သဘောထားအမြင်များကို ပြောကြားခဲ့ပြီး အခမ်းအနားသို့ အစိုးရအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သိပ္ပံအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံကိုယ်စားလှယ်များနှင့် လူငယ်များ စုစုပေါင်းကိုယ်စားလှယ်(၄၀၀)ခန့် တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ(၂၄)ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့ Bronx Zoo တိရစ္ဆာန်ဥယျာဉ်ရှိ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society -WCS) ရုံးချုပ်သို့ရောက်ရှိရာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာပက်ထရစ်သောမတ်စ်နှင့် အာရှဒေသဆိုင်ရာတာဝန်ခံ ဒေါက်တာအိုင်လီခန်ထံတို့က ကြိုဆိုနှုတ်ဆက်ပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် ဒေသခံဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိရစ္ဆာန်ဥယျာဉ်အတွင်း တောရိုင်းတိရစ္ဆာန်များပြသမှုနှင့် တိရစ္ဆာန်ဆေးကုသရေးဌာနအားလေ့လာကြည့်ရှုခဲ့သည်။ WCS အဖွဲ့သည် မြန်မာနိုင်ငံတွင် ကျားထိန်းသိမ်းရေးလုပ်ငန်းများ၊ ဆင်နှင့် ရှားပါးသတ္တဝါများဖြစ်သည့် လိပ်၊ သင်းခွေချပ်နှင့် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများအား သစ်တောဦးစီးဌာနနှင့် ၁၉၉၄ ခုနှစ်ကတည်းက ပူးပေါင်းဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး သည် စက်တင်ဘာလ(၂၅) ရက်နေ့တွင် နယူးယောက်မြို့ Central Park Zoo တွင် ကျင်းပပြုလုပ်သည့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဖြေရှင်းနိုင်ရန် သဘာဝသစ်တောများ၏အခန်းကဏ္ဍကို အလေးထားအသိအမှတ်ပြုခြင်း Nature for Climate Coalition အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားကို သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ WCS၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP၊ Global Wildlife Conservation ၊ World Resource Institute နှင့် Rain Forest Foundation (နော်ဝေ)တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး သဘာဝသစ်တောများထိန်းသိမ်းရေး၊ ဒေသခံဌာနေတိုင်းရင်းသားများအတွက် ရေရှည်တည်တံ့ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှု

ဖြစ်စဉ်တွင် သဘာဝသစ်တောများ၏ အရေးပါပုံ အကြောင်းအရာများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါအခမ်းအနားသို့ WCS အဖွဲ့၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာ ခရစ်စယန်စန်ပါ၊ နော်ဝေ၊ ကော့စတာရီကာနှင့် ဂါဘွန်နိုင်ငံတို့မှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် ဘရာဇီးနိုင်ငံမှ ဒေသခံဌာနေတိုင်းရင်းသားများ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**မျက်နှာဖုံးသတင်း**

## အင်းလေးကန် ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက် ရေဝေရေလဲဒေသ တောင်ကတုံးနေရာများတွင် သစ်စေ့မြေလုံး (Seed Balls )များ ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးခြင်း

ရှမ်းပြည်နယ်၊တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် အင်လေးကန် ရေဝေရေလဲဧရိယာ တောင်ကတုံးနေရာများ၌ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး(Seed Balls) များကြဲချစိုက်ပျိုးပွဲအခမ်းအနားအား(၁၄–၉–၂၀၁၉)ရက်နေ့ နံနက် (၉)နာရီတွင် ညောင်ရွှေမြို့နယ်၊ အင်းလေးကန် ဟိုတယ်ဇုန်၊ စက်လှေဆိပ်ကွင်းပြင်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အခမ်းအနားသို့ တက်ရောက်လာသူများအား ရဟတ်ယာဉ်မှတစ်ဆင့် သစ်စေ့မြေလုံးများကြဲချရခြင်း အကြောင်းအရင်းများအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကြဲချရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုခံယူကာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အင်းလေးကန်ရေဝေရေလဲဒေသ တောင်ကတုံးများအား ပြန်လည်၍ စိမ်းလန်းစိုပြည်လာစေရန်၊ အင်းလေးကန်ကြီး ရေရှည်တည်တံ့စေရေးအတွက်ရည်ရွယ်၍ သစ်စေ့များကြဲချရခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ အင်းလေးကန်တွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် အင်လေးကန် ရေရှည်တည်တံ့နေစေရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့ပါသည်။ နောင်နှစ်များတွင်လည်း ယခုကဲ့သို့အလားတူ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြ က တက်ရောက်လာသူများအားကြဲချမည့် သစ်မျိုးများ၊ သစ်စေ့ပြုလုပ်ကြဲချရခြင်း အကြောင်းများအား ရှင်းလင်းပြောကြားခဲ့ပါသည်။ သစ်စေ့မြေလုံးများတွင် သစ်မျိုးများအနေဖြင့် ထင်းရှူး(၁)ပြည်၊ ချယ်ရီ(ရ)ပြည်၊ ဘင်္ဂ(၁)ဗူး၊ တမလန်း(၁)ဗူး၊ ရင်းတိုက်(၁)ပြည်၊ သံသတ်(၁)ပြည်၊ ဘုံမဲဇာ(၁)ပြည်၊ ထောပတ်(၄၅၀)စေ့၊ စန္ဒကူး(၃)ပြည်၊ သစ်ချို(၁)ဗူး၊ မဲဇလီ(၃)ပြည်၊ ညောင်(၃)ပြည်၊ စိန်ပန်းနီ(၂)ပြည်၊ စိန်ပန်းပြာ(၂)ပြည်၊ ကုက္ကို(၃)ပြည်၊ ဩရီရှား(၄)ဗူး၊ သစ်အယ်(၃)ပြည်၊ ခါတော်မီ(၄)ဗူး သစ်မျိုးများပါဝင်ကြောင်း၊ ဖော်ပြပါ သစ်မျိုးများအား သစ်စေ့မြေလုံး (၁၅၀၀၀၀)ကျော် ကြဲချစိုက်ပျိုးသွားမှာဖြစ်ပြီး၊ အသင့်ပြုလုပ်ပြီးငုတ်တက်(၃၀၀၀၀)ကျော် အား မြေအစိုဓာတ်ရှိ သောနေရာ၌ တိုက်ရိုက်ကိုင်းထိုး စိုက်ပျိုးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သစ်စေ့မြေလုံးများ ကြဲချမည့်နေရာများသည် အင်းလေးကန်၏ ရေဝေရေလဲဧရိယာတွင် ပါဝင်သော အင်းလေးအရှေ့ကြိုးဝိုင်း၊ အင်းလေးကန် အနောက်ကြိုးပြင် ကာကွယ်တောဧရိယာများဖြစ်ကြောင်း၊ သစ်စေ့မြေလုံးများ ပြုလုပ်ရခြင်းမှာ မြေကြီးမြေဆွေးနှင့် သစ်စေ့ရောနှော၍ သစ်စေ့မြေလုံးသည် ရေအစိုဓာတ်ရရှိပြီးဖြစ်ခြင်း ၊ ရဟတ်ယာဉ်ပေါ်မှ ကြဲချရာတွင် သစ်စေ့အနေဖြင့် အလေးချိန်ရှိပြီးဖြစ်သောကြောင့် မိမိကြဲချလိုသည့်နေရာသို့ တိကျစွာကြဲချခြင်းအကျိုးကျေးဇူးရရှိကြောင်း၊ သစ်စေ့အနေဖြင့် မြေကြီးနှင့် လုံးထားပြီးဖြစ်သည့်အတွက် မြေအစိုဓာတ်နှင့် ရေအစိုဓာတ်လုံလောက်စွာရရှိပြီးဖြစ်ကြောင်း၊ ထို့အတွက် သစ်စေ့အနေဖြင့်ကောင်းစွာအပင်ပေါက်ရောက်နိုင်မှာ ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ သစ်စေ့များကြဲချရာတွင် ရဟတ်ယာဉ်၏ ဝန်သယ်ဆောင်နိုင်မှုအပေါ်မူတည်၍ ရဟတ်ယာဉ်အကြိမ်ရေ(၅ ခေါက်မှ ၆ ခေါက်ထိ) ပျံသန်းဆောင်ရွက်ရကြောင်း ပြောကြားခဲ့ပါသည်။ သစ်စေ့မြေလုံးများကြဲချရန် ရဟတ်ယာဉ်သည် ပထမအခေါက်အနေဖြင့် နံနက်(၉း၃၀)နာရီတွင် စတင်ပျံသန်းပါသည်။

အခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

## အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း



အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီ ပထမအကြိမ် အစည်းအဝေးအား(၁၈-၉-၂၀၁၉) ရက်နေ့ နံနက်(၉)နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သဘာဝသယံဇာတများအားရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်၊ စီမံအုပ်ချုပ်၊ စနစ်တကျအသုံးပြုခြင်းတို့ကိုဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံဒေသအဆင့်တွင် သတ်မှတ်သည့် အာဆီယံအမွေအနှစ်ဥယျာဉ်(ASEAN Heritage Park)၊ ကမ္ဘာ့အဆင့်တွင်သတ်မှတ်သည့် ကမ္ဘာ့အမွေအနှစ်(World Heritage)၊ ရမ်ဆာရေဝပ်ဒေသ(Ramsar Site)၊ လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve)စသည့် နိုင်ငံတကာနှင့်ဒေသအဆင့် အသိအမှတ်ပြု ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခံရရန် ကြိုးပမ်းနေပါကြောင်း၊

ယနေ့တွင် နိုင်ငံတကာအသိအမှတ် ပြုထိန်းသိမ်းကာကွယ်ရေး နယ်မြေအမျိုးအစားတစ်ခုဖြစ်သည့် ကမ္ဘာ့ဘူမိဥယျာဉ်(Global Geopark) သတ်မှတ်ခံရရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘူမိဥယျာဉ်(Global Geopark) အစီအစဉ်သည် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization-UNESCO) ၏ အစီအစဉ်တစ်ခုဖြစ်ကြောင်း၊

UNESCO သည် ကမ္ဘာ့ဘူမိဥယျာဉ် အစီအစဉ်ကို ၂၀၀၁ ခုနှစ်တွင်စတင်ခဲ့ပြီး၊ လက်ရှိမှာ(၄၁)နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် (၁၄၇)ခုရှိကြောင်း၊ တရုတ်နိုင်ငံမှာဆိုလျှင် ကမ္ဘာ့ဘူမိဥယျာဉ်(၃၉)ခု၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများတွင်လည်း ကမ္ဘာ့ဘူမိဥယျာဉ်များရှိပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဘူမိဥယျာဉ်အဖြစ်သတ်မှတ်ခံရရန် ဘူမိသိပ္ပံအသင်း၏ လေ့လာမှုအရ ပုပ္ပါးတောင်ဒေသသည် အလားအလာအကောင်းဆုံးဖြစ်ကြောင်းနှင့် ယင်းဒေသတွင် ထူးခြားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ပုဂံခေတ်သံရည်ကြို မီးဖိုများ၊ ထူးခြားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် အစွယ်(၂)ထပ်ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်း မေးရိုးများရှိကြောင်း၊ အာဆီယံအမွေအနှစ်ဥယျာဉ်၊ ကမ္ဘာ့အမွေအနှစ်၊ ရမ်ဆာရေဝပ်ဒေသနှင့် လူသားနှင့်ဇီဝအဝန်းနယ်မြေများသည် ပုံမှန်အားဖြင့် ဝန်ကြီးဌာနအောက်တွင်ရှိ စီမံခန့်ခွဲပိုင်ခွင့်ရှိသော သစ်တောနယ်မြေတွင် သစ်တောဦးစီးဌာနမှ အဓိကဆောင်ရွက်လျက်ရှိကြောင်း၊ ဘူမိဥယျာဉ်အခြေအနေများသည် ကွဲပြားသည့် စီမံခန့်ခွဲမှုများပါဝင်သည့် သဘောသဘာဝရှိသည့်အတွက် ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ဆက်စပ်သည့်ဌာနအဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့ ပုပ္ပါးဒေသသို့သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ကမ္ဘာ့ဘူမိဥယျာဉ်သတ်မှတ်ခံရရေး မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ဆောင်ရွက်နေမှုကို တင်ပြခဲ့ပါကြောင်း၊ ဒုတိယသမ္မတ(၁)ဦးဆောင်သည့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီတွင်လည်းတင်ပြခဲ့ပါကြောင်း၊

ကမ္ဘာ့ဘူမိဥယျာဉ် (Global Geopark)သည် ကျယ်ပြန့်သည့်နယ်မြေတစ်ခုကို လွှမ်းခြုံပြီး ထိန်းသိမ်းကာကွယ်မှု၊ သိမြင်နိုးကြားလာစေမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစသည့် ဒေါက်တိုင်(၃)ခုအပေါ် အခြေခံရသောကြောင့် နယ်မြေစီမံခန့်ခွဲရေးပညာရပ်နှင့် သုတေသနဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိနိုင်ကြောင်း၊ ယခုကဲ့သို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သော အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဘူမိဥယျာဉ်(Global Geopark)သတ်မှတ်ခံရရေးနှင့် သတ်မှတ်ခံရပြီးနောက် စီမံခန့်ခွဲရေးဆောင်ရွက်နိုင်ရန် ဌာနအဖွဲ့အစည်းများ စုံလင်စွာပါဝင်သော ဘူမိဥယျာဉ်(Geopark)ဆိုင်ရာ လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီတွင် သယံဇာတနှင့်သဘာဝပတ်ဝန်း

ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဦးဆောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဝင်များတက်ရောက်ကြပြီး၊ တက်ရောက်လာကြသူများမှ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကမ္ဘာ့ဘူမိဥယျာဉ်(Global Geopark) သတ်မှတ်ခံရနိုင်ရေးနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

## မြန်မာနိုင်ငံ အမျိုးသားအဆင့် REDD+ မဟာဗျူဟာ အတည်ပြု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း



သစ်တောဦးစီးဌာနနှင့်UN-REDD Programme တို့မှ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် REDD+ မဟာဗျူဟာအတည်ပြု အလုပ်ရုံဆွေးနွေးပွဲအား (၁၀–၉–၂၀၁၉)ရက်နေ့ နံနက်(၉)နာရီတွင် သင်္ဂဟဟိုတယ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် ကမ္ဘာကြီးသည်လွန်ခဲ့သော(၁၀)နှစ်နှင့်နှိုင်းယှဉ်လျှင် အပူချိန်တိုးလာကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်နှစ်တိုင်း အပူချိန်လွန်ကဲမှု၊ ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နေကြောင်း၊ REDD+ သည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း(UNFCCC)အောက်မှာ အဆိုပြုခဲ့သော လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းမှာ ထုတ်လွှတ်လျက်ရှိသည့် မှန်လုံအိမ်ဓာတ်ငွေ့များအား လျော့ချခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှု အကျိုးသက်ရောက်မှုတွေကိုလျော့ပါးသက်သာစေရေး နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုတွေမှာ ပါဝင်ကူညီဆောင်ရွက်ဖို့ ရည်ရွယ်ကြောင်းပြောကြားခဲ့ပါသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသော ရလဒ်ကောင်းများအား ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်ပြုစုထားသော မဟာဗျူဟာအား ထပ်မံမျှဝေဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့အား တင်ပြအတည်ပြုချက်တောင်းခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ဆက်စပ်ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)၊ UN-REDD Programme တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အကျိုးဆက်စပ်ပတ်သက်သူများ တက်ရောက်ခဲ့ကြပါသည်။

## သစ်တောဦးစီးဌာနသို့ Korea Forest Service and Asian Forest Cooperation Organization (AFoCO) မှ မီးသတ်ယာဉ်နှင့် ကွန်ပျူတာများပေးအပ်လှူဒါန်းခြင်း





သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တောဦးစီးဌာနသို့(AFoCO)မှ မီးသတ်ယာဉ်နှင့် ကွန်ပျူတာများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို(၁၂–၉–၂၀၁၉)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Korea Forest Service မှ Minister Mr.Kim Jae Hyum နှင့် AFoCO မှ အမှုဆောင်ဒါရိုက်တာ Mr.Chencho Norbu တို့ကနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

ထို့နောက် Korea Forest Service မှ Minister နှင့် AFoCO မှအမှုဆောင် ဒါရိုက်တာတို့က မီးသတ်ယာဉ်များ၊ ကွန်ပျူတာများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအားပေးအပ်ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့အခမ်းအနားတွင် Korea Forest Service နှင့် AFoCO Secretariat တို့ပူးပေါင်း၍ သစ်တောမီးဘေးကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း အစီအစဉ်များ အထောက်အကူပြုနိုင်ရေးအတွက် သစ်တောဦးစီးဌာနသို့ မီးသတ်ယာဉ်လေးစီးနှင့် ကွန်ပျူတာ(၂၄)လုံးလှူဒါန်းခဲ့ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် Korea Forest Service တို့ ပူးပေါင်း၍ အာဆီယံ–ကိုရီးယားသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတည်ထောင်ခြင်း နားလည်မှုစာချွန်လွှာ(MoU)ကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် သင်တန်းကျောင်းဧရိယာသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သစ်တောဦးစီးဌာန၊ သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ရေး ဌာနဝင်းအတွင်းဖြစ်ပြီး စီမံကိန်းကာလ ၂၀၁၄–၂၀၁၅ ခုနှစ်မှ ၂၀၂၃–၂၀၂၄ ခုနှစ်အထိ (၁၀)နှစ်ကာလဖြစ်ပါသည်။ စီမံကိန်းကာလအတွင်း အာဆီယံဒေသတွင်းအဆင့် သင်တန်းကျောင်းတည်ဆောက်၍ အဖွဲ့ဝင်နိုင်ငံများမှ သင်တန်းသားများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသနလုပ်ငန်းများနှင့် လေ့လာရေးအစီအစဉ်များကို ပြည်တွင်းပြည်ပပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း နှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း





၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားအား(၇–၉–၂၀၁၉)ရက်နေ့၊ နံနက်(၈)နာရီ၌ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမတွင် ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေသည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)မှ ထုတ်ပြန်ခဲ့သည့် သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာခြင်း (FRA 2015)အရ နိုင်ငံဧရိယာအကျယ်အဝန်း၏ ၄၂.၉၂%ရှိသည့်အတွက် မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံချက် (၂၀၁၇–၂၀၁၈ မှ ၂၀၂၆–၂၀၂၇)ထိ (၁၀)နှစ်တာ စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဤစီမံကိန်းသည် အထက်ဌာနမှသတ်မှတ်ပေးသည့် လုပ်ငန်း (Top down)မျိုးမဟုတ်ဘဲ အောက်ခြေမှမိမိတို့အမှန်တကယ် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများအား တင်ပြပြီး တင်ပြသည့်အတိုင်း ဆောင်ရွက်စေသည့် (Bottom up) လုပ်ငန်းဖြစ်ကြောင်း၊ MRRP စီမံကိန်းတွင်ပါဝင်သော လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ရည်ရွယ်ချက်များကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း၊ Plantation Policy အစား Plantation Strategy အား ရေးဆွဲနေပြီဖြစ်ကြောင်း၊

သစ်တောဦးစီးဌာန ပေါ်ပေါက်လာသည်မှာ နှစ်ပေါင်း(၁၀၀)ကျော်ပြီဖြစ်သည့်အတွက် ဌာန၏အစဉ်အလာ

အား ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ စီးပွားရေးစိုက်ခင်းများ တည်ထောင်ရခြင်းသည် စီးပွားရေးတွက်ခြေကိုက်ရန်ဖြစ်၍ သူ့အချိန်နှင့်သူ ကြီးထွားရှင်သန်လာရန် လိုအပ်ကြောင်း၊ ကျွန်း၏မူရင်းဒေသဖြစ်သော ပဲခူးရိုးမကိုလည်း သဘာဝ သစ်တောများ ပြန်လည်ကောင်းမွန်လာစေရန် ရည်ရွယ်၍ သစ်ထုတ်လုပ်ခြင်းအား (၁၀)နှစ်တာ အနားပေးခဲ့ကြောင်း၊ တရားမဝင်သစ်ဖမ်းဆီးရေး ဆောင်ရွက်ရာတွင်လည်း ထိရောက်စွာဖမ်းဆီးမိရေး၊ ကြိုတင်သတင်းရရှိနိုင်ရေး ကြိုးပမ်းကြရန်၊ ဖမ်းဆီးရေးတွင် အခက်အခဲရှိပါက အထက်ရုံးအဆင့်ဆင့်သို့ အခြေအနေအမှန်ကို အချိန်မီသတင်းပေးပို့ တင်ပြရန်လိုအပ်ကြောင်း၊

တောရိုင်းတိရစ္ဆာန်များကာကွယ် ထိန်းသိမ်းခြင်းသည်လည်း အရေးကြီးသည့်အတွက် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ်(Re-establishing Natural Habitats Programme - RNHP)ကိုလည်း ၂၀၁၉ – ၂၀၂၀ မှစ၍ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ရာတွင် ပိုမိုထိရောက်လာစေရန်၊ နိုင်ငံ၏ သဘာဝအမွေအနှစ်များ ရေရှည်တည့်တံ့စေရန်၊ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းမှ ရရှိသည့်အကျိုးများကို ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် ခံစားရခြင်းဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် ပူးပေါင်းပါဝင်မှု မြင့်မားလာစေရန် နိုင်ငံ၏သဘာဝထိန်းသိမ်းရေးနယ်မြေ တည်ထောင်ရေးဆိုင်ရာ ရည်မှန်းချက်ပြည့်မီစေရန်နှင့် နိုင်ငံတကာသဘောတူညီချက်များ၊ အစီအစဉ်များနှင့် ကွန်ဗင်းရှင်းများသို့ထားရှိရသည့် ကတိကဝတ်များ ဖြည့်ဆည်းခြင်းကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊

အစည်းအဝေးအား ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သော ရလဒ်များရရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## ကမ္ဘာ့စားနပ်ရိက္ခာနေ့ World Food Day




**၂၀၁၆–၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လကုန်ထိ သစ်တောမြေသတ်မှတ်ဖွဲ့စည်းခြင်း**

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော (၇၆)ခု၊ ၁,၂၃၇,၅၆၀ ဧက
သဘာဝထိန်းသိမ်းရေးနယ်မြေ (၅)ခု၊ ၁၇၆,၁၉၇ ဧက

**၂၀၁၉ ခုနှစ် ဩဂုတ်လကုန်ထိ သစ်တောမြေသတ်မှတ်ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှု**

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော (၁၂၄၇)ခု၊ ၄၂,၅၅၉,၁၄၃ ဧက
သဘာဝထိန်းသိမ်းရေးနယ်မြေ (၄၄)ခု၊ ၉,၇၈၃,၆၀၉ ဧက

Our Actions are Our Future.
Healthy Diets for A #ZeroHunger World

"ကျန်းမာမျှတ အာဟာရ၊ ပြည့်စုံနိုင်ရေး ရည်မျှော်တွေး၊ ယနေ့မှစ၍ ကြိုးစားပေး"
၂၀၁၉ ခုနှစ် ၊ အောက်တိုဘာ (၁၆) ရက်

ပူတာအိုဒေသမှရေခဲတောင်ထွက် သဘာဝဆေးဖက်ဝင်များ



သစ်တောနှင့် ဒီရေတောများမှ ရရှိနိုင်သောအစားအစာများ





ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှ ထွက်ရှိသောလျှော်ဖြူစေးများ

**ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS)ဖြင့် သတင်းပေးပို့ချက်အရ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်း သတင်းကဏ္ဍ**

## ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး







(၁၀-၉-၂၀၁၉)ရက်နေ့မှ (၁၂-၉-၂၀၁၉)ရက်နေ့အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် **ပဲခူးတိုင်းဒေသကြီး၊** ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ်(၇၀/၆)၊ မှိုင်းတုံရွာအနီးနေရာ၌ မော်တော်ယာဉ်အမှတ်(5J/4021)တပ်ဆင်ထားသော Alphard (အဖြူရောင်)ယာဉ်ပေါ်မှ တရားမဝင်ကျွန်းပရိဘောဂခွဲသား(ဆိုဒ်စုံ)(၅၄၄)ချောင်း၊ (၀.၉၁၂၄)တန်အားလည်းကောင်း၊ **စစ်ကိုင်းတိုင်းဒေသကြီး၊** မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ လမ်းချောင်းအနီးကိုင်းတောအတွင်း နောက်တွဲပါထွန်စက်(အပြာရောင်)ပေါ်မှ တရားမဝင်ကျွန်းပကာ(၁၁၅)ချောင်း၊ (၂.၄၉)တန်အားလည်းကောင်း၊ မုံရွာ/ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ လာပို့-မင်းကင်းကားလမ်းအနောက်ဘက်ခြမ်း၊ မုံတုံးတံတားအနီးတွင် မော်တော်ယာဉ်အမှတ်(YGN 4B/5430)တပ်ဆင်ထားသော Super Custom (ခဲရောင်)ယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသား(၁၁)ချောင်း၊ (၁.၃၇၈၄)တန်အားလည်းကောင်း၊ ကလေးဝမြို့နယ်၊ မဟာမြိုင်ဘိနယ်၊ ရွှေကျင်ကြိုးဝိုင်းအတွင်း တရားမဝင်ကညင်သစ်(၆)လုံး၊ (၁၁.၅၃၄၀)တန်အားလည်းကောင်း၊ **မန္တလေးတိုင်းဒေသကြီး၊** ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ဆီဆုံကျေးရွာအရှေ့မြောက်ဘက်(၄)ဖာလုံခန့်အကွာ၊ သရက်တောမှ တရားမဝင် ပျဉ်းကတိုးခွဲသား(၆၉၈)ချောင်း၊ (၁၄.၅၈၅၂)တန်အားလည်းကောင်း၊ **မကွေးတိုင်းဒေသကြီး၊** ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ပခုက္ကူ-မြိုင်ကားလမ်း၊ မိုင်တိုင်အမှတ်၊(၁၂/၅)အနောက်ဘက် (၄)ဖာလုံခန့်အကွာ မုံညှင်းရွာအဝင်လမ်းဘေးအနီးနေရာတွင် တရားမဝင်ပိတောက်ခွဲသား(၄၅)ချောင်း၊(၃.၅၇၀၆)တန်အားလည်းကောင်း၊ **ရန်ကုန်တိုင်းဒေသကြီး၊** မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊အမှတ်(၄)လမ်းမကြီး ကန်သာယာမီးပွိုင့်အနီး မြဝတီဓာတ်ဆီဆိုင်ရှေ့တွင် မော်တော်ယာဉ်အမှတ် (YGN P/3320)တပ်ဆင်ထားသော Nissan Diesel (၆)ဘီး ခေါင်းဖြူ/ပြာကြား ကိုယ်ထည်မီးခိုးရောင်ယာဉ်ပေါ်မှ တရားမဝင် ကျွန်း(၁၄၀)ခွဲခြမ်း/ခွဲသား/တံခါး/ပြတင်း(၉.၇၃၇၆)တန်အားလည်းကောင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ ဖောင်းပြင်-ပင်လည်ဘူးသွားကားလမ်း၊ လက်ယာဘက်ခြမ်း(၆)ဖာလုံခန့်နေရာ၌ မော်တော်ယာဉ်(၂)စီး၊ထွန်စက်(၁)စီးနှင့်အတူ တရားမဝင်ပိတောက်ခွဲသားဆိုဒ်စုံ(၁၀၉)ချောင်း၊ (၂.၆၉၉၀)တန်၊ (၂၅)ကောင် အင်ဂျင်(၁)လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများနှင့်အတူ တရားခံ(၁၀)ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

## ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်







(၁၇-၉-၂၀၁၉)ရက်နေ့မှ (၁၈-၉-၂၀၁၉)ရက်နေ့အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ရတခလရ(၂၇၆)တပ်မှ ဗိုလ်ကြီးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **ကရင်ပြည်နယ်၊** ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်ဝစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်အမှတ်

(BGO-1M/9887)တပ်ဆင်ထားသော NISSAN (၆)ဘီး၊ အဖြူရောင်ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသားဆိုဒ်စုံ (၅၃၂၂)ချောင်း(၅.၂၉၀၆)တန်အား တရားခံ(၅)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ထို့ပြင် **ရခိုင်ပြည်နယ်၊** သံတွဲခရိုင်၊ ဂွမြို့နယ်အတွင်း မွေးလွန်းချောင်း ပတ်ဝန်းကျင်တောတွင်းနေရာများမှ တရားမဝင် ကညင်၊ ကညောင်း၊ တောင်ပိန္နဲ၊တောင်သရက် သစ်လုံး/ခွဲသား စုစုပေါင်း(၂၁၉)လုံး/ချောင်း၊(၁၂၂.၄၈၉၄)တန်အားလည်းကောင်း၊ လိပ်ပုတ်ချောင်းနှင့် ငထွေးချောင်း ပတ်ဝန်းကျင်တောတွင်းနေရာများမှ တရားမဝင် ကညင်၊ ကညောင်း၊ တောင်သရက်၊ မကျည်းပွေး ခွဲသား(၃၀၀)ချောင်း၊ (၄၆.၉၃၆၈)တန်အားလည်းကောင်း၊ စုစုပေါင်း(၁၆၉.၄၂၆၂)တန်နှင့် **ကချင်ပြည်နယ်**၊မိုးမောက်မြို့နယ် မိုးမောက်–လွယ်ဂျယ် ကားလမ်းတစ်လျှောက် နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ရာ ပန်မူကျေးရွာအနီး စိန်လုံ–ပန်မူသွား တောလမ်းဘေး၊ စိန်လုံကျေးရွာအရှေ့ဘက်မိုင်တိုင်အမှတ်(၂၂)၊(၂၃)နှင့်အနီးဝန်းကျင်နေရာတို့တွင် တရားမဝင် သစ်တင်ယာဉ်(၃)စီးနှင့် တရားမဝင်ကျွန်း/ ပိတောက်ခွဲသားဆိုဒ်စုံ(၂၅၂)ချောင်း(၆.၅၅၈၀)တန်အားလည်းကောင်း၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မံစီမြို့နယ်၊ စီကော်ကျေးရွာ အရှေ့မြောက်ဘက် (၅)မိုင်ခန့်အကွာ၊ နမ့်မဲကြိုးဝိုင်း၊ အကွက်အမှတ်(၆၀) အတွင်းမှ တရားမဝင် ကညင်သစ်လုံး(၁၀၂)လုံး (၄၈.၇၈၈၀)တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ မှ စက်တင်ဘာလအထိ တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁၉၈၈၄.၄၂၆၁ | |
| ၂ | သစ်မာ | တန် | ၉၂၀၅.၅၇၈၈ | |
| ၃ | အခြား | တန် | ၁၉၀၉၂.၈၄၅၁ | |
| | စုစုပေါင်း (တန်) | | ၄၈၁၈၂.၈၅၀၀ | |
| ၄ | မီးသွေး | တန် | ၅၉၃၈.၂၅၈၃ | |
| ၅ | ကား | စီး | ၁၇၆၂ | |
| ၆ | မြေတူးစက်/မြေကော်စက်/ ကရိန်း | စီး | ၉ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၁၆၅ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၆၆၂ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ရေယာဉ် | စီး | ၃၆၉ | |
| | စုစုပေါင်း (စီး) | | ၂၉၆၇ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၆၁၇ | |

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာရှိ ဘက်စုံသုံးတစ်ရွာ(၁)ကေ ခုတ်လှဲထုတ်လုပ်ရောင်းချခြင်း အကျိုးကျေးဇူး

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊



အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် ဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး (၄)ရပ်ဖြစ်သော စ.ထ.ထ.ရ လုပ်ငန်းများအပြင် ပြည်သူ့ဗဟိုပြု သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းစဉ်အား နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ဗဟိုပြုသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်း ဆိုသည်မှာ ဌာနမှပျိုးပင်နှင့် စိုက်ပျိုးပြုစုခြင်းဆိုင်ရာ နည်းစနစ်နှင့် ဥပဒေကြောင်းအရ ခုတ်လှဲခွင့်ရရှိရေးတို့ကို ကူညီပံ့ပိုးပေးပြီး၊ ဒေသခံပြည်သူများမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ပြည်သူ့ဗဟိုပြု သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းစဉ်များတွင် တစ်အိမ်ထောင်လျှင်ကျွန်း(၃)ပင်စိုက်ပျိုးခြင်း၊ သစ်မာအပင် (၂၀) စိုက်ပျိုးခြင်းနှင့် ဘက်စုံသုံးတစ်ရွာ(၁)ကေ စိုက်ပျိုးခြင်း အစရှိသည့်လုပ်ငန်းစဉ်များပါဝင်ပါသည်။ ဘက်စုံသုံးတစ်ရွာ(၁)ကေ စိုက်ပျိုးခြင်းသည် ဒေသခံကျေးရွာများ၏ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုရုံသာမက ကျေးရွာနေပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း တစ်ဖက်တစ်လမ်းမှအကူအညီများစွာပေးနိုင်သည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။



ကျေးရွာပိုင်ဘက်စုံသုံး တစ်ရွာ(၁)ကေ စိုက်ပျိုးရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ–

(က) ကျေးရွာဘက်စုံသုံး (၁)ကေစိုက်ခင်း၏ မူလ ရည်ရွယ်ချက်ဖြစ်သည့် ထင်းတိုင်/ မျောရရှိချိန်တွင် ခုတ်လှဲထုတ်လုပ်သုံးစွဲရန်

(ခ) ထုတ်လုပ်ထွက်ရှိလာသောတိုင်/မျော/ ထင်းတို့ကို ကျေးရွာသူ/သားများ၏ဆုံးဖြတ်ချက်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီထုခွဲရောင်းချရန်

(ဂ) ရရှိလာသည့်အကျိုးအမြတ်အား ကျေးရွာသူ/ သားများ၏ အများဆန္ဒဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် အသုံးပြုရန်

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုရန် ခုတ်လှဲရောင်းချပြီးမြေနေရာလွတ်တွင် ထပ်မံ၍ဘက်စုံသုံးတစ်ကေပြန်လည်စိုက်ပျိုးရန်နှင့်

(င) ဘက်စုံသုံးတစ်ကေမြေနေရာကို စိုက်ပျိုးပြုစုထိန်းသိမ်းပြီး သတ်မှတ်သည့်ခုတ်ပတ်ကာလတွင် ခုတ်လှဲထုတ်လုပ်ရောင်းချ၍ ရေရှည်အကျိုးအမြတ်ခံစားနိုင်စေရန် တို့ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ၂၀၁၀ခုနှစ်တွင် ပြည်သူ့ဗဟိုပြု သစ်ပင်စိုက်ပျိုးခြင်းအတွက် ဖြန့်ဝေသော ယူကလစ်အပင်(၃၀၀)အား ကသဲကုန်းကျေးရွာမှ ဘက်စုံသုံးတစ်ရွာ(၁)ကေအဖြစ် စိုက်ပျိုးတည်ထောင်ခဲ့ပါသည်။ မြစ်သားမြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဝန်ထမ်းများမှ ပန္နက်ရိုက်ခြင်း၊ ပျိုးပင်ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ရမည့်နည်းစနစ်များကိုသာ ဖြန့်ဝေပေးခဲ့ပြီး၊ ကျေးရွာမှ ကျင်းတူးခြင်း၊ မြေဆွေးထည့်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခဲ့ပါသည်။

တည်ထောင်စိုက်ပျိုးပြီး (၉) နှစ်အကြာ (၁–၄–၂၀၁၉)ရက်နေ့တွင် ကသဲကုန်းကျေးရွာမှ အဆိုပါယူကလစ်ဘက်စုံသုံးတစ်ရွာ(၁)ကေအား ခုတ်လှဲထုတ်လုပ်ရောင်းချလိုကြောင်း တင်ပြခဲ့သဖြင့် မြစ်သားမြို့နယ်၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဝန်ထမ်းများမှ ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ ပင်ထောင်ရိုက်မှတ်ပေးခဲ့ပါသည်။ (၁၂–၆–၂၀၁၉) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး သက်ဆိုင်ရာဌာန



များ၊ လွှတ်တော်ကိုယ်စားလှယ်များ ကြီးကြပ်ကွပ်ကဲ၍ ကျေးရွာဘက်စုံသုံးတစ်ရွာ (၁) ကေစိုက်ခင်းမှ ယူကလစ် (၂၂၀)ပင်အား ခုတ်လှဲခဲ့ပါသည်။ ခုတ်လှဲရာမှ ထွက်ရှိလာသော အိမ်တိုင်(၃၀)လုံး၊ ခြံစည်းရိုးတိုင် (၂၀၀) လုံးနှင့် ထင်းတန်(၇)တန်(ထင်း/တိုင်/မျော ၁၇ တန်ခန့်)အား သစ်တောဦးစီးဌာနမှ အခွန်ကင်းလွတ်ခွင့်ပြုသဖြင့် မြစ်သားမြို့နယ်မှ ဦးကျော်လေးအား ပုတ်ပြတ် ငွေကျပ်သိန်း (၂၀)ဖြင့် တရားဝင်ရောင်းချခဲ့ပါသည်။

ကသဲကုန်းကျေးရွာအနေဖြင့် မိမိကျေးရွာပိုင်ဘက်စုံသုံးတစ်ရွာ(၁)ကေမှ ရရှိခဲ့သော ငွေကျပ်သိန်း(၂၀)အား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သုံးစွဲရန် ကျေးရွာကော်မတီမှဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ကသဲကုန်းကျေးရွာ အလယ်ရှိ ချောင်းကူးတံတားမှာ မူလက သစ်သားတံတားဖြစ်ပြီး၊ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သဖြင့် အဆိုပါတံတားအားပြင်ဆင်ရန် တိုင်းဒေသကြီးအစိုးရ၏ အကူအညီ၊ ကျေးရွာသားများမှ ထည့်ဝင်လှူဒါန်းငွေနှင့် ဘက်စုံသုံးတစ်ရွာ(၁)ကေ စိုက်ခင်းမှ ခုတ်လှဲထုတ်လုပ်ရောင်းချငွေတို့ဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် သံကူကွန်ကရစ်တံတား အလျား (၃၀)ပေ၊အနံ (၂၀)ပေ၊ အမြင့်(၁၀)ပေ ရှိသည့် တံတားတစ်ခု ဖြစ်ပေါ်လာခဲ့ပြီ ဖြစ်ပါသည်။

ထို့အပြင် မြစ်သားမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် (၁၉-၉-၂၀၁၉) ရက်နေ့တွင် ၁/၂၀၁၁ ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသောထင်းတန် (၁၁)တန်ကို ဂဠုန်ကန်ကျေးရွာသို့လည်းကောင်း၊ ၁/၂၀၁၃ ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသော ထင်းတန် (၉) တန်ကို မယ်ညိုကျေးရွာသို့လည်းကောင်း၊ (၁၁-၉-၂၀၁၉) ရက်နေ့တွင် ၂/၂၀၁၃ ကျေးရွာသုံးစိုက်ခင်းမှ ထွက်ရှိသော ထင်းတန်(၁၂.၅)တန်ကို မယ်ညိုကျေးရွာသို့လည်းကောင်း အခမဲ့ဖြန့်ဝေခဲ့သည်။



သို့ဖြစ်ပါ၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ ဗဟိုပြု သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းစဉ်အနက်မှ ဘက်စုံသုံးတစ်ရွာ (၁)ကေစိုက်ပျိုးခြင်းလုပ်ငန်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးသာမက ကျေးရွာ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့တွင်ပါ အထောက်အကူရပါကြောင်း၊ မြစ်သားမြို့နယ်၊ ကသဲကုန်းကျေးရွာ၏ ဘက်စုံသုံးတစ်ရွာ(၁)ကေ ခုတ်လှဲထုတ်လုပ် ရောင်းချခြင်းအား အခြားတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များ၏ကျေးရွာများမှ စံနမူနာယူ၍ ဆောင်ရွက်နိုင်ရေးတိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

## တမြေရောင်နှင်းသာဆီ။

**တို့တစ်တွေ ပေါင်းစု**
**ကောင်းမှုကို ကြံဆောင်**
**အောင်မြင်မှုအရေး**
**အရာရာကိုတွေးလို့**
**လုပ်ဆောင်မှုအပေါင်း**
**ကောင်းချီးပေးလိမ့်မည်။**
**ကိုယ်တိုင်နိုကပ်**
**စိတ်ညစ်ပတ်ကြောင့်**
**ဘယ်သို့ လုပ်လုပ်**
**အဟုတ်တကယ်**
**ဖြစ်တည်မလာဘဲ**
**အောင်မြင်မှုနဲ့ဝေးလိမ့်မည်။**
**ဒါကြောင့်သာပင်**
**တို့တစ်တွေရင်ထဲ**
**စိတ်အညစ်အထေးကိုဖယ်**
**ကောင်းတာကိုလုပ်**
**ကောင်းအောင်ကြိုးကုတ်**
**အလုပ်လုပ်ကြစို့ မိတ်ဆွေတို့**
**ကောင်းချီးမင်္ဂလာအဖြာဖြာ**
**သင့်ဆီကေန် အမှန်လာမှာမလွဲ**
**ရဲရဲသာ နွှဲလိုက်ပါ သူငယ်ချင်း။**

(ကြိုးစားလုပ်ဆောင်နေမှုများကို ဖော်ညွှန်းလျက်)

တင်သောင်း၊ တောအုပ်

တက္ကသိုလ်ဆရာတစ်ဦး

# တိုတိုထွာထွာမှတ်စုများ-၂၀

## မျှခြေညီအစိုဓာတ်၊ သစ်သား၏အတိုင်းအတာပြောင်းလဲမှုနှင့် Timber Seasoning

သစ်သားကို နေရာတစ်နေရာတည်း၌ အချိန်ကြာမြင့်စွာထားရှိပါက သစ်သား၏ အစိုဓါတ်သည် ယင်းကိုထားရှိရာ ပတ်ဝန်းကျင်လေထု၏ စိုထိုင်းဆ(Relative Humidity-RH) နှင့် အပူချိန်တို့ဖြင့် မျှခြေညီသော အစိုဓါတ်သို့ရောက်ရှိမည်ဖြစ်သည်။ ဤအစိုဓါတ်ကို သစ်သားထားရှိသည့်နေရာ၏ မျှခြေညီအစိုဓါတ် – "**Equilibrium Moisture Content**"**(EMC)** ဟုခေါ်ဆိုပြီး ရာခိုင်နှုန်းဖြင့်သတ်မှတ်သည်။

အပူချိန်နှင့်စိုထိုင်းဆတို့ကို တစ်သမတ်တည်းထိန်းသိမ်းထားသည့် အခန်းတစ်ခန်းတွင် သစ်သားထည်ပစ္စည်းများကို အချိန်ကြာမြင့်စွာထားရှိပါက၊ တစ်ချိန်တွင် ယင်းပစ္စည်းများ၏ အစိုဓါတ်သည် မပြောင်းလဲတော့ဘဲ တစ်သမတ်တည်းရှိနေမည်။ ဤအစိုဓါတ်သည် ဖော်ပြပါအခန်း၏ မျှခြေညီအစိုဓါတ်(EMC)ဖြစ်သည်။ ဥပမာ အပူချိန် ၉၀˚F နှင့် စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းခန့်ရှိသော အခန်းတစ်ခန်းတွင် အချိန်ကြာမြင့်စွာထားရှိသည့် ပရိဘောဂများ၏ အစိုဓါတ်သည် ၉ ရာခိုင်နှုန်းခန့်ရှိသည်ဆိုပါက၊ ၄င်းအခန်း၏ EMC သည် ၉ ရာခိုင်နှုန်းဖြစ်သည်။ ထိုအခန်းထဲသို့ မည်သည့်သစ်သားထည်ပစ္စည်းကိုမဆိုထားရှိပါက တစ်ချိန်တွင် ယင်းပစ္စည်းများ၏ အစိုဓါတ်သည် ၉ ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်သည်။

မိမိအသုံးပြုမည့် သစ်သား သို့မဟုတ် သစ်သားထည်ပစ္စည်းများ၏ အစိုဓါတ်နှင့် ထားရှိမည့်နေရာ၏ EMC တန်ဖိုးကိုသိရှိထားခြင်းဖြင့် သစ်သား၏ **အတိုင်းအတာပြောင်းလဲမှု**–(အတိုးအဆုတ်)–**Movement** ကို ကြိုတင်ခန့်မှန်းနိုင်သည်။

အခြောက်ခံထားရှိသည့် သစ်များဖြင့်ပြုလုပ်ထားသော သစ်သားထည်ပစ္စည်းများသည် မိုးရာသီသို့ရောက်ရှိသည့်အခါတွင်လည်းကောင်း မူလအသုံးပြုလျက်ရှိသည့်နေရာဒေသထက် စိုထိုင်းဆ ပို၍များသောနေရာဒေသများသို့ ပြောင်းရွှေ့ပြီး အသုံးပြုသည့်အခါတွင်လည်းကောင်း၊ မူလအတိုင်းအတာများထက် ပို၍များလာမည်ဖြစ်သည်။ ထိုနည်းတူပင် နွေရာသီသို့ရောက်ရှိသည့်အချိန်၌လည်းကောင်း၊ မူလအသုံးပြုသည့်နေရာဒေသထက် စိုထိုင်းဆပို၍နည်းသော နေရာဒေသများသို့ ပြောင်းရွှေ့၍အသုံးပြုသည့်အခါတွင်လည်းကောင်း၊ မူလအတိုင်းအတာများထက် အနည်းငယ်ပို၍ကျုံ့သွားမည်ဖြစ်သည်။ ဤသို့ သစ်သားကို ထားရှိသည့်ပတ်ဝန်းကျင် လေထု၏စိုထိုင်းဆအတက်အကျဖြစ်မှုကြောင့် သစ်သားထည်ပစ္စည်းများ၏ အတိုင်းအတာအတိုးအဆုတ်ဖြစ်ခြင်းကို **"Movement"** ဟုခေါ်ဆိုသည်။

သစ်မျိုးတစ်မျိုး၏ ကျုံ့မှုကိုသတ်မှတ်ရာတွင် ၄င်းသစ်သား၏ အစိုအခြေအနေမှ ပေါင်းခံအခြောက်(Green to Oven-dry)အခြေအနေနှစ်ခုပေါ်တွင်မူတည်၍ သတ်မှတ်ထားခြင်းဖြစ်သဖြင့် အခြောက်ခံသည့် သစ်သားထည်ပစ္စည်းများ၏ Movement ကို ကျုံ့မှုတန်ဖိုးပေါ်တွင်မူတည်ပြီး အတိအကျ ခန့်မှန်း၍မရနိုင်ပါ။ လက်တွေ့စမ်းသပ်ချက်များအရ– အချို့သစ်မျိုးများသည် ကျုံ့မှုတန်ဖိုးများသော်လည်း စိုထိုင်းဆအတက်အကျရှိသော မိုးရာသီနှင့်နွေရာသီများအတွင်း အတိုင်းအတာ ပြောင်းလဲမှုမများကြောင်း သိရှိရသည်။ သို့ရာတွင် မြန်မာသစ်မျိုးများ၏ Movement များကို ရှာဖွေထားရှိမှုမရှိသေးသဖြင့် ကျုံ့မှုတန်ဖိုးများပေါ်တွင်သာမူတည်၍ ခန့်မှန်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သာမန်အဆောက်အအုံများနှင့် အကာမပါသော အဆောက်အအုံများ(Shed) ၏ EMC သည် အရပ်ဒေသကိုလိုက်၍ ၁၂ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းထိရှိတတ်သည်။ လေအေးစက်တပ်ဆင်ထားသည့် အဆောက်အအုံများ၏ EMC သည် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိရှိတတ်ပြီး အလွန်အေးသော နိုင်ငံများရှိ အဆောက်အအုံများတွင် ဆောင်းရာသီ၌ EMC သည် ၄ ရာခိုင်နှုန်းထိကျဆင်းနိုင်ကြောင်း သုတေသနပြုချက်များအရ သိရှိရသည်။

သစ်သားထည်ပစ္စည်း သို့မဟုတ် သစ်ခွဲသား၏ အစိုဓါတ်သည် မျှခြေညီအစိုဓါတ်သို့ရောက်ရှိရန် ကြာမြင့်သည့်အချိန်သည် သစ်သား၏ အထူအပါး(ဒ)၊ သစ်သား၏မူလအစိုဓါတ်၊ သစ်သားကိုသုတ်ထားသည့် ဆေး(ပေါ်လစ်၊ သဘော်ဆေး၊ လက်ကာ စသည်များ)နှင့် သစ်မျိုးပေါ်တွင်မူတည်သည်။ သစ်သားကိုစနစ်တကျ အခြောက်ခံရာတွင် ယခုဖော်ပြခဲ့သည့်**'မျှခြေညီအစိုဓါတ်'**၏ အခြေခံသဘောကို သိရှိနားလည်ထားရန် အလွန်အရေးကြီးသည်။

ရေဆင်း(ဇေယျာသီရိမြို့နယ်၊ နေပြည်တော်)တွင် နှစ်ပေါင်း(၃၀)ကျော်အသုံးပြုခဲ့စဉ်က စာရေးသူ၏ ကျွန်းဘီရို(အဝတ်အစားထည့်သည့် ဘီရို)သည် အဖွင့်အပိတ်ပြုရာတွင် တံခါးရွက်များကျပ်နေ၍ ပိတ်မရသည့်အဖြစ်မျိုး တစ်ခါမျှမကြုံခဲ့ဘူးပါ။ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီးနောက် မိုးတွင်း၌ မိုးအဆက်မပြတ် လေးငါးရက် ဆက်တိုက်ရွာသည့်အချိန်တွင် ဘီရိုတံခါးကို ပိတ်၍မရတော့ပါ။ ဘီရိုကိုထားရှိရာ လေထု၏ စိုထိုင်းဆသည် ၁၀၀ ရာခိုင်နှုန်းဝန်းကျင်တွင် ရောက်ရှိသွားသဖြင့် တံခါးရွက်များ၏ အတိုင်းအတာတိုးလာခြင်းကြောင့်ဖြစ်ပါသည်။ မိုးသုံးလေးရက်ပြတ်သွားချိန်တွင် ပြန်ပိတ်၍ရပြီး မိုးဆက်တိုက်ရွာချိန်တွင် ယခင်အတိုင်း ပိတ်၍မရပြန်တော့ပါ။ စာရေးသူကိုယ်တိုင် ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်–လေးနှစ်လုံးလုံး မိုးတွင်းအခါ၌ ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါသည်။ ယခု အောက်တိုဘာလဆန်းသို့ရောက်ရှိနေပြီဖြစ်သောကြောင့် အဆိုပါပြဿနာမရှိတော့ပါ။

ဤသို့ဖြစ်ရသည်မှာ ရန်ကုန်မိုးတွင်း၏ အမြင့်ဆုံးမျှခြေညီအစိုဓါတ်(Maximum EMC)သည် ရေဆင်းမိုးတွင်း၏ အမြင့်ဆုံးမျှခြေညီအစိုဓါတ်ထက် ပို၍များနေသောကြောင့်ဖြစ်သည်။ ရန်ကုန်ကဲ့သို့ပင် မိုးများသော ပုသိမ်၊ မော်လမြိုင်၊စစ်တွေ၊ထားဝယ်စသည့်ဒေသများ၏ အမြင့်ဆုံး EMC သည် အညာဒေသများ၏ အမြင့်ဆုံး EMC ထက်များမည်ဖြစ်သည်။ ထိုနည်းတူပင်–ပင်လယ်နှင့်နီးသောဒေသများ၏ နွေနှင့်ဆောင်းရာသီများရှိ အမြင့်ဆုံး EMC သည်လည်း အညာဒေသများ၏ နွေနှင့်ဆောင်းရာသီများရှိ အမြင့်ဆုံး EMC ထက်များနေမည်ဖြစ်သည်။

ထို့ကြောင့် ပရိဘောဂများနှင့် အခြားသစ်သားထည်ပစ္စည်းများပြုလုပ်မည့် သစ်သားများကို အခြောက်ခံစဉ်နှင့် ပြုလုပ်စဉ်ကတည်းက ယင်းတို့အား အသုံးပြုမည့်ဒေသ၏ အနိမ့်ဆုံး EMC နှင့် အမြင့်ဆုံးများEMC များနှင့် လိုက်လျောညီထွေဖြစ်စေရန် စနစ်တကျအစီအစဉ်ချ၍ ဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ သို့မှသာလျှင် တံခါးရွက်များ၊ ဘီရိုတံခါးများ၊ အံဆွဲများကို အဖွင့်အပိတ်ပြုရာတွင် ချောင်လွန်ခြင်း၊ ကျပ်လွန်းခြင်းစသည့် ပြဿနာများမှ ကင်းဝေးမည်ဖြစ်သည်။

အလျဉ်းသင့်သဖြင့် " **Timber Seasoning** " ဘာသာရပ်ကို **'သစ်အသားသေ'**ဟု မြန်မာလိုခေါ်ဝေါ်ခဲ့မှုနှင့် ပတ်သက်၍ အနည်းငယ်ရှင်းလင်းလိုပါသည်။

အသားသေသွားသည့် သစ်သားဟူ၍မရှိပါ။ သစ်သားတစ်တုံးကို ၁၀၀˚C ရှိသည့် ပေါင်းဖို(Oven)တစ်ခုတွင် အခြောက်ခံပါက အစိုဓါတ်(၀)ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်သည်။ သို့သော် ယင်းသစ်သားတုံးကို ပေါင်းဖိုအတွင်းမှထုတ်ယူပြီး ပြင်ပသို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် သစ်သားဆဲလ်များရှိ သစ်မျှင်များက လေထုအတွင်းရှိ ရေငွေ့များကိုစုပ်ယူမည်ဖြစ်ရာ တစ်ချိန်တွင် ပြင်ပလေထု၏ EMC နှင့်တူညီသော အစိုဓါတ်(ရာခိုင်နှုန်း)သို့ ရောက်ရှိသွားမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သော စာရေးသူ၏ အဝတ်ဘီရိုကို ပြုလုပ်ခဲ့စဉ်က ကျွန်းခွဲသားများကို ရေဆင်း FRI ရှိ နေရောင်ခြည်စွမ်းအင်သုံး သစ်အခြောက်ခံပေါင်းဖိုဖြင့် စနစ်တကျအခြောက်ခံပြီးမှ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရေဆင်းတွင် နှစ်ပေါင်းများစွာ အသုံးပြုခဲ့စဉ်က ရေဆင်းဒေသ၏ EMC နှင့် ကိုက်ညီနေခဲ့သောကြောင့် ပြဿနာမရှိခဲ့ပါ။ သို့ရာတွင် ယင်းဘီရိုကို ရန်ကုန်သို့ ပြောင်းရွှေ့အသုံးပြုချိန်တွင် ရန်ကုန်ဒေသ၏ EMC နှင့် ကွာခြားသွားခြင်းကြောင့် ပြဿနာပေါ်ခဲ့ခြင်းဖြစ်ပါသည်။

ဖော်ပြပါအချက်များသည် **အသားသေသွားသည့် သစ်သားဟူ၍မရှိနိုင်ကြောင်း** လက်တွေ့မြင်လွယ်သည့် သာဓကများပင်ဖြစ်ပါသည်။ ထို့ကြောင့် **'သစ်အသားသေ'**ဆိုသည့် ဝေါဟာရကို မသုံးသင့်တော့ပါ။ ယခင်ခေတ်ကာလများက Timber Seasoning ဟုခေါ်ဝေါ်သုံးနှုန်းခဲ့ကြသော်လည်း နောက်ပိုင်းတွင် – **'Wood Drying'** **'သစ်အခြောက်ခံမှု'** ဟုခေါ်ဝေါ်ကြပြီး Wood Drying ဘာသာရပ်တွင် Air Drying ၊ Kiln Drying ၊ Solar Drying ..... စသည့် နည်းပညာများပါဝင်သည်။ Air Drying သည် သဘာဝအတိုင်း လေဖြင့်အခြောက်ခံခြင်းဖြစ်သောကြောင့် ယင်းကို Natural Seasoning ဟုလည်းခေါ်ဝေါ်ကြသည်။

**ကိုးကားသော အထောက်အထား**

–သစ်အခြောက်ခံမှုနည်းပညာ၊ ဝင်းချစ်(အမျိုးသားစာပေဆုရ)၊ ဒုတိယအကြိမ်–၂၀၁၇၊ အောက်တိုဘာ။



APK



သီရိတင်
(သစ်တော)

# ဟဲ - - ဟဲ - - ဒါလေးများ (၁၇)

ယခင်လမှအဆက်

မေး။(၁၁) ➢ မိကျောင်းလှောင်းစခန်းခွဲမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်း (Environmental Education Center- EEC )၊ အသိပညာပေးအထောက်အကူပြု အသံစနစ်ထိန်းချုပ်ရေးအခန်း(Audio Room)၊ အစည်းအဝေး၊ ခဲတတ်ခွဲခန်း၊ ပရဆေးဥယျာဉ်၊ စီမံကိန်းပျိုးဥယျာဉ်၊ သစ်ခွခြံတို့ရှိတယ်လို့သိရပါတယ်။ စခန်းတည်နေရာကလည်း ကားလမ်းမကြီးဘေးမှာပဲတည်ရှိတော့ အဝင်အထွက်လည်း လွယ်ကူပါတယ်။ တန်နိုးကြီး ရှင်ကိုးရှင်မှာ အဓိကဖြစ်တဲ့ ကလိန်အောင်ဆံတော်ရှင်ဘုရားနဲ့လည်းနီးတယ်။ အနယ်နယ်အရပ်ရပ်ကလာတဲ့ ဧည့်သည်တွေ ခလုတ်တိုက်တဲ့နေရာဖြစ်ပါတယ်။ အဲဒီတော့ မိကျောင်းလှောင်း စခန်းခွဲပျိုးဥယျာဉ် ဧရိယာအတွင်းမှာ သဘာဝတိရစ္ဆာန်ဥယျာဉ်ငယ်လေးတစ်ခုနဲ့ ဒါန်း၊ဆီးဆောစတဲ့ ကလေးကစားစရာစုံတဲ့ ကလေးကစားကွင်းတစ်ခုတည်ဆောက်ပြီး ဇီဝမျိုးစုံမျိုးကွဲတွေအကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးအစီအစဉ်တွေလေ့လာနိုင်တဲ့နေရာ၊ ဒေသခံတွေနဲ့ အများပြည်သူတွေလေ့လာနိုင်တဲ့(Ecotourism spot) တစ်ခုတည်ထောင်ဖို့အကြံပြုလိုပါတယ်။ အဲဒီမှာဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လက်တွေ့ပညာပေးလို့ရတာပေါ့။ ပြီးတော့ TNR စီမံကိန်းPamphlet တို့အမှတ်တရ ရှပ်အင်္ကျီတို့၊ TNR ထွက်ကုန် ဝါးနဲ့ကြိမ်ကနေလုပ်တဲ့ ခြင်းတောင်း၊ ဦးထုပ်စတဲ့ Handicraft တွေကိုလည်း အမှတ်တရရောင်းလို့ရတာပေါ့ အအေးနဲ့လက်ဖက်ရည်ဆိုင်လဲဖွင့်ပေါ့၊ ဝန်ထမ်းမိသားစုသက်သာချောင်ချိရေးဆိုင်ပေါ့ တွေးလိုက်ရုံနဲ့ကျွန်တော် တော်တော်ပျော်သွားတယ်။ အဲ့တာနဲ့ပတ်သတ်လို့ ညွှန်မှူးကြီးရဲ့သဘောထားကိုလည်း သိပါရစေ။

ဖြေ။ ➢ မိကျောင်းလှောင်းစခန်းခွဲမှာရှိတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်းမှာ ဒေသခံပြည်သူတွေအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ၊ သဘာဝပတ်ဝန်းကျင်၊ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့သင်တန်းများ၊ ဒေသထွက်ကုန်တန်ဖိုးမြှင့်သင်တန်းများ၊ လက်မှုပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ ကျောင်းသား/သူတွေ၊ ဒေသခံပြည်သူတွေအတွက် အသိပညာပေးဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ၊ အထိမ်းအမှတ်အခမ်းအနားတွေကို သက်ဆိုင်ရာကျေးရွာ၊ ကျောင်းတွေမှာလည်း လိုက်လံဟောပြောခြင်းကျင်းပြုသလျက်ရှိပါတယ်။

ဒေသခံပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နည်းပညာအကြံပေးအဖွဲ့ WCS နဲ့ပူးပေါင်းပြီး ကလုန်းထာနဲ့ သက္ကယ်ကွက်စခန်းခွဲဧရိယာတို့မှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီခရီးသွားလုပ်ငန်းကို အထောက်အကူပြုစေဖို့အတွက် မိကျောင်းလှောင်းစခန်းမှာ ဒေသခံတွေကိုယ်တိုင်ပြုလုပ်တဲ့ ဝါးနဲ့ကြိမ်ထည်လက်မှုပစ္စည်းများ၊ TNRP အမှတ်တရပစ္စည်းများ ရောင်းချဖို့စီစဉ်လျက်ရှိပါတယ်။ မိကျောင်းလှောင်းစခန်းကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအသိပညာပေးစခန်းအဖြစ် Ecotourism Spot တစ်ခုအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။(၁၂) ➢ TNR စီမံကိန်းဧရိယာနဲ့ဆက်စပ်တဲ့ကျေးရွာတွေက ဒေသခံတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝနယ်မြေရေရှည်တည်တံ့ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲတွေပေါ်များ ကြွယ်ဝနိုင်ရေးတို့အတွက် အသိပညာပေးဟောပြောပွဲတွေကျင်းပဖို့ အဲ့ဒီဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိရာရရှိကြောင်းနဲ့ အဲ့ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့ TNR ကတွေ့ဆုံဆွေးနွေးလိမ့်မယ်လို့ထင်ပါတယ်။ အထူးသဖြင့် TNR ဧရိယာမှာရှိတဲ့ မွန်ပြည်သစ်ပါတီ(New Mon State Party-NMSP)တို့ ကရင်အမျိုးသားအစည်းအရုံး(Karen National

Union – KNU)တို့နဲ့ မကြာခဏတွေ့ဆုံဆွေးနွေးဖို့ အထူးလိုအပ်ပါတယ်။ တွေ့ဆုံဆွေးနွေးတယ်လို့လည်း ကြားသိရပါတယ်။ ဆွေးနွေးပွဲရလဒ်အခြေအနေလေးသိပါရစေ။

ဖြေ။ ➢ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းဧရိယာအတွင်း ကျေးရွာ(၄၄)ရွာရှိပြီး ကရင်အမျိုးသားအစည်းအရုံး(KNU) နယ်မြေအတွင်း(၃၂)ရွာနဲ့ မွန်ပြည်သစ်ပါတီ(NMSP)နယ်မြေအတွင်းမှာ (၁၂)ရွာတည်ရှိပါတယ်။ ဒီကျေးရွာများက သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများရဲ့ ဩဇာလွှမ်းမိုးမှုရှိနေတာကြောင့် ဒေသခံတိုင်းရင်းသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီမှုများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့အစည်းများနဲ့ ပုံမှန်တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရပါတယ်။ ဒါ့အပြင် လစဉ်ကင်းလှည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ကင်းလှည့်မည့်လမ်းကြောင်းကို ဧရိယာပြမြေပုံများနှင့်အတူ ကြိုတင်အသိပေးပြီး ခွင့်ပြုချက်ရမှဆောင်ရွက်ရတာဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေဖို့အတွက် အထူးသဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်း (ကင်းလှည့်လုပ်ငန်း)များမှာ တိုင်းရင်းသားအဖွဲ့အစည်းများနဲ့ စီမံကိန်းဝန်ထမ်းများ ပူးတွဲဆောင်ရွက်ဖို့ဆွေးနွေးညှိနှိုင်းထားပြီးဖြစ်ပါတယ်ခင်ဗျ။

မေး။(၁၃) ➢ TNR မှာ–စီမံကိန်းလုပ်ငန်းတွေက အလွန်များပါတယ် အဲ့ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စီမံကိန်းဝန်ထမ်းတွေရော လုံလောက်ပါရဲ့လား၊ ဝန်ထမ်းအင်အားအခြေအနေကို သုံးသပ်ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ➢ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းရဲ့ ဝန်ထမ်းအင်အားဖွဲ့စည်းပုံအရ သစ်တောဦးစီးဌာနမှ ဝန်ထမ်း(၃၃)ဦး၊ ဒေသခံဝန်ထမ်း(၄၈)ဦး စုစုပေါင်း(၈၁)ဦးဖြင့် ဆောင်ရွက်ရမှာဖြစ်သော်လည်း လက်ရှိမှာတောအုပ်ကြီး(၃)ဦး၊ တောခေါင်း(၅)ဦး၊ ရုံးအုပ်(၁)ဦးလိုအပ်လျက်ရှိပါတယ်။ ကင်းလှည့်လုပ်ငန်းများနဲ့ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာမှာ စီမံကိန်းဧရိယာနဲ့နှိုင်းယှဉ်ပါက လက်ရှိဆောင်ရွက်နေတဲ့ ဝန်ထမ်းအင်အား အချိုးအစားနည်းပါးသော်လည်း အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါ စီမံကိန်းလုပ်ငန်းများ ပြည့်မီအောင်ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

မေး။(၁၄) ➢ TNR စီမံကိန်းစတင်အကောင်အထည်ဖော်စဉ် ပထမ(၄)နှစ်တာကာလက ပြည်ပရေနံကုမ္ပဏီတွေဖြစ်တဲ့ MGTC နှင့် TPC တို့ကစီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဘဏ္ဍာငွေကြေးထောက်ပံ့ပေးခဲ့ပါတယ်။ မှတ်မိသလောက်ပြောရရင်၊ ဘတ်ဂျက်နှစ်တစ်နှစ်ကို အမေရိကန်ဒေါ်လာ သုံးသိန်းပံ့ပိုးကူညီပါတယ်။ ခုဆိုရင် အင်ဒမန်ပို့ဆောင်ရေး ကုမ္ပဏီလီမိတက်(ATL)ပါတိုးလာတော့ ထောက်ပံ့ငွေတိုးလာပါသလား၊ ပံ့ပိုးငွေနဲ့လုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရတာ လည်ပတ်ပါရဲ့လား၊လုံလောက်မှုရှိပါသလား သိပါရစေ။

ဖြေ။ ➢ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း ပထမလေးနှစ်စီမံကိန်း (၂၀၀၅–၀၆ ခုနှစ်မှ ၂၀၀၈–၀၉ ခုနှစ်) နဲ့ ဒုတိယလေးနှစ်စီမံကိန်း(၂၀၀၉–၁၀ ခုနှစ်မှ ၂၀၁၂–၁၃ ခုနှစ်)ကာလများတွင် မုတ္တမဓာတ်ငွေ့ပို့ဆောင်ရေးကုမ္ပဏီ MGTC နဲ့ တနင်္သာရီပိုက်လိုင်းကုမ္ပဏီ TPC တို့က တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသုံးသိန်းပံ့ပိုးပေးခဲ့ပြီး၊ တတိယလေးနှစ်စီမံကိန်း (၂၀၁၃–၁၄ ခုနှစ် မှ ၂၀၁၇–၁၈ ခုနှစ်) ကာလမှစ၍ အန်ဒမန်ပို့ဆောင်ရေးလီမိတက်(ATL)ပါဝင်လာပြီး တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ(၄၅၀,၀၀၀)ဖြင့် စီမံကိန်းလုပ်ငန်းများကို ယနေ့အချိန်အထိဆောင်ရွက်လျက်ရှိပါတယ်။ ယခုလက်ရှိအချိန်အထိ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုံလောက်မှုရှိပါတယ်။

မေး။(၁၅) ➢ TNR စီမံကိန်းအတွက် ချမှတ်ထားရှိတဲ့ရည်မှန်းချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့လုပ်ငန်းတွေ၊ ကိုက်ညီမှုတမှုရှိပါရဲ့လား၊ဆိုလိုတာက ချမှတ်ထားတဲ့ ရည်မှန်းချက်တွေအားလုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရဲ့လား၊ကျန်ရှိတဲ့လုပ်ငန်းတွေရှိရင် ဘာကြောင့်ကျန်ရှိတယ်ဆိုတာသိပါရစေ။

ဖြေ။ ➢ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းကာလအလိုက် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များရေးဆွဲပြီး နှစ်အလိုက် လုပ်ငန်းစီမံချက်များချမှတ်လျက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပထမလေးနှစ်စီမံကိန်းနဲ့ ဒုတိယလေးနှစ်စီမံကိန်းကာလများမှာ စီမံကိန်းအတွက်လိုအပ်တဲ့ အခြေခံအဆောက်အဦများဆောက်လုပ်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်တင်း၍စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တနင်္သာရီသဘာဝကြိုးဝိုင်း နယ်နိမိတ်အမှတ်အသားများ၊ ဘုတ်တိုင်များစိုက်ထူခြင်း၊ အပင်နှင့်သားငှက်တိရစ္ဆာန်များနှင့်ပတ်သက်သည့် သုတေသနစာတမ်းများပြုစုခြင်း၊ ဒေသခံပြည်သူ

အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ တတိယလေးနှစ်စီမံကိန်းကာလမှစ၍ အပင်နဲ့သားငှက်တိရစ္ဆာန်များနဲ့ပတ်သက်သည့် သုတေသနစာတမ်းများဆက်လက်ဆောင်ရွက်ခြင်း၊ သဘာဝထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် စခန်းခွဲရုံးများထပ်မံတည်ဆောက်ခြင်း၊ ဒေသခံများရဲ့လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် မတည်ရင်းနှီးငွေများပံ့ပိုးခြင်း၊ နှစ်စဉ်သစ်တောပင်(၇၀၀၀၀)နှင့် ဝင်ငွေတိုးစားပင်သီးပင်များဖြန့်ဝေပေးခြင်း၊ ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစတဲ့လုပ်ငန်းများကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်တဲ့လုပ်ငန်းတွေမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူတွေ ပိုမိုပူးပေါင်းပါဝင်လာစေဖို့ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းကာလအလိုက် သတ်မှတ်လုပ်ငန်းများကို လုပ်ငန်းလျာထားချက်များနှင့်အညီ ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ဖော်ပြပေးပါဦးမည်

## သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ရာသီဥတုပြောင်းလဲလာရာ၌ သဘာဝဘေးအန္တရာယ်များကို ပိုမိုကျရောက်စေသည့်အပြင် ပို၍လည်းပြင်းထန်စေပါသည်။

အဓိကအားဖြင့် အပူချိန်၊ ရေ၊ လေတို့ဖြင့် သက်ဆိုင်သောသဘာဝဘေးအန္တရာယ်များသည် မြန်မာပြည်ဒေသအလိုက် ဖြစ်ပွားနိုင်သည်။ မြန်မာပြည်အောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများတွင် အဓိကအားဖြင့် ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်း၊ လှိုင်းကြီးခြင်း၊ ပင်လယ်ဒီရေဖုံးလွှမ်းခြင်း၊ လေပြင်းတိုက်ခြင်း၊ လေမုန်တိုင်းတိုက်ခြင်း၊ မိုးကြီးခြင်းတို့ဖြစ်ပေါ်စေနိုင်သကဲ့သို့ အလယ်ပိုင်းဒေသများတွင် အပူလှိုင်းကျခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းတို့ဖြစ်စေနိုင်သည်။ တောင်တန်းဒေသများတွင်မူ မိုးကြီးခြင်းနှင့် အအေးလွန်ကဲခြင်းတို့ဖြစ်နိုင်သည်။




မြန်မာနိုင်ငံတွင် မုတ်သုံဝင်ထွက်ကာလများ ပြောင်းလဲသွားသောကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ ပိုမိုလာနိုင်ကြောင်းတွေ့ရပါသည်။ အထူးသဖြင့် မုတ်သုံအကြိုကာလ ပိုမိုရှည်ကြာလာသဖြင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပွားသောဆိုင်ကလုံးမုန်တိုင်းများ မြန်မာပြည်တွင်ကျရောက်မှု ရာခိုင်နှုန်းများပြားလာပါသည်။ ထို့အတူ မုတ်သုံနှောင်းကာလ ပိုမိုရှည်ကြာသောကြောင့်လည်း အလားတူမုန်တိုင်းကျရောက်နိုင်မှု အလားအလာများ ရင်ဆိုင်ကြုံတွေ့နိုင်ပါသည်။ မုတ်သုံအကြိုကာလနှင့် မုတ်သုံနှောင်းကာလများအတွင်း မုတ်သုံအင်အားဖြစ်ပေါ်မှု အားနည်းသည့်အလျောက် တိမ်စိုင်တောင်များဖြစ်ပေါ်လေ့ရှိပါသည်။ နောက်ဆက်တွဲအားဖြင့် စိုက်ဆင်းလေပြင်းများကျရောက်ခြင်း၊ လေဆင်နှာမောင်းများဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခတ်ခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမြင်ဖွင့်ပညာပေးမှတ်စုစာအုပ် မှ ကောက်နုတ်ဖော်ပြသည်။

# ကရဝေးပင်

ဦးဟုတ်လင်း



| | |
|---|---|
| အင်္ဂလိပ်အမည် | Bay leaf tree |
| ရုက္ခဗေဒအမည် | *Cinnamomum inunctum* (Nees) Meisn. |
| မျိုးရင်း | Lauraceae |
| မျိုးစု | Cinnamomum |
| မျိုးစိတ် | inunctum |

၄င်းမျိုးစု၌ပါဝင်သော သစ်ပင်ကြီးများမှာ–

ပရုတ်ပင် True camphor, *Cinnamomum camphora.*

ဆိတ်နံကြီးပင် False camphor, *Cinnamomum granduliferum*

မှန်သင်းပင် Clove cinnamon, *Cinnamomum iners*.

နလင်ကျော်ပင် Chinese cassia, *Cinnamomum obtusifolium*.

သစ်လေးညှင်းပင် Martaban camphor-wood, *Cinnamomum parthenoxylon.*

သစ်ကြံပိုးပင် Indian cassia, *Cinnamomum tamala*.

မှန်သင်းဖိုပင် Camphor tree, *Cinnamomum tavoyanum*.

သီဟိုဠ်သစ်ကြံပိုးပင် Ceyloncinnamon, *Cinnamomum zeylanicum* စသည်တို့ ဖြစ်ကြသည်။

ကရဝေးပင်များသည် မြန်မာနိုင်ငံအနှံ့အပြား၌ ပေါက်ရောက်ကြသော်လည်း အထူးသဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းမြစ်ကြီးနားခရိုင်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ အမြဲစိမ်းလန်းသောသစ်တောများ၌ အမြောက်အမြားပေါက်ရောက်ကြသည်။ ကရဝေးပင်သည် သစ်ကြံပိုးမျိုးဝင်အပင်မျိုးဖြစ်ပြီး သစ်ကြံပိုးပင်နှင့်ခပ်ဆင်ဆင်တူပါသည်။ ကရဝေးပင်သည် အမြဲစိမ်းလန်းသောအလတ်စားအပင်မျိုးဖြစ်ပြီး အပင်ပေါက်ရောက်ပုံမှာအလွန်လှပသည်။ ပင်စည်များမှာ ရှည်လျားဖြောင့်တန်းပြီးမတ်သည်။ ရွက်အုပ်များမှာ အရွက်ကြဲကြဲထွက်ပြီး ပွင့်လင်းသည်။ အရွယ်ရောက်သည့်အပင်များသည် အမြင့်ပေ(၅၀)အထိနှင့် ပင်စည်မှာ ရင်စို့လုံးပတ်(၇)ပေအထိကြီးအောင် ပေါက်ရောက်သည်။ အခေါက်မှာပါးပြီး မီးခိုးရင့်ရောင်(သို့မဟုတ်)အညိုရောင်ဖြစ်သည်။ အတွင်းအခေါက်မှာ နီညိုရောင်ဖြစ်ပြီး အနံ့ပြင်းစွာမွှေးကြိုင်သည်။ အရွက်များမှာရွက်ရိုးရွက်လွှဲဖြစ်ပြီး အကိုင်းထိပ်များ၌ရစ်၍ထွက်သည်။ အရွက်များမှာ အရင်းအဖျားလုံသွားပုံချွန်၍ အရောင်ပြောင်လက်နေသည်။ အရွက်များမှာလည်း ကြွပ်ဆတ်ပြီးအလွန်မွှေးကြိုင်ပါသည်။ ကရဝေးအရွက်များသည် စိမ်းပြာရောင်ဖြစ်သော်လည်း အရွက်ဟောင်းများမှာ အရောင်နီပါသည်။ ရွက်ညှာများလည်းရှည်သည်။ အရွက်ဟောင်းများကြွေကျပြီးနောက် ဧပြီလနှင့် မေလတွင် ရွက်နုရွက်သစ်များ ထွက်ပေါ်လာကြသည်။ အရွက်နုအရောင်သည် ကြေးနီရောင်သို့မဟုတ် ပန်းနုရောင်ဖြစ်သည်။ အပင်ငယ်များမှာ အချိန်မရွေး ရွက်နုရွက်သစ်များထွက်လာတတ်သည်။ ကရဝေးပင်ကို လူတိုင်းမြင်ဖူးကြမည် မဟုတ်သော်လည်း ကရဝေးအရွက်ခြောက်ကိုမူ လူတိုင်းမြင်ဖူးရုံမက အသုံးချပုံကိုလည်း သိကြသည်။ ဟင်းခတ်အမွှေးအကြိုင်များတွင် ကရဝေးရွက်ပါဝင်သည်။ မြန်မာနိုင်ငံတွင် ဆေးဝါးများဖော်စပ်ရာတွင်လည်း ကရဝေးရွက်ကို အသုံးပြုကြသည်။ ဖြူဝါနုရောင်ရှိသောပန်းများသည် ဖေဖော်ဝါရီလမှ မေလအတွင်း အကိုင်းထိပ်ဖျားများမှ အခိုင်လိုက်ထွက်ပြီး အသီးသီးပါသည်။ အသီးများမှာ လက်မဝက်ခန့်ရှည်၍ ခပ်လျားလျားအလုံးပုံဖြစ်ပြီး အတွင်းခွံမာသီးများဖြစ်ကြသည်။ ဇွန်လမှ ဩဂုတ်လအတွင်း အသီးများရင့်မှည့်ကြပြီး အသီးမှည့်အရောင်မှာ အနက်ရောင်ဖြစ်သည်။ ကရဝေးရွက်များကို ဆွတ်ခူးရာ၌ အရွက်ရင့်များမကြွေကျမီ ဆွတ်ခူးပြီး နေရောင်အောက်တွင် အခြောက်မခံစေပဲ အရိပ်အောက်၌ ခြောက်သွေ့စေရသည်။ အရွက်များ၌ ရွက်ကြောမကြီးသုံးခုစီပါရှိကြသည်။ ကရဝေးသစ်၏အရောင်မှာ လိမ္မော်ညိုရောင်ဖြစ်ပြီး စမုန်စပါးနံ့သင်းလျက်ရှိသည်။ လုပ၍အသင့်အတင့်မာကျောသဖြင့် နေအိမ်များနှင့် အဆောက်အအုံများဆောက်လုပ်ရန်အသုံးဝင်သည်။ ပျဉ်အုတ်ကြွပ်၊ ဗီရိုစသော အိမ်အသုံးအဆောင်ပရိဘောဂများပြုလုပ်ရန်အတွက်လည်း အသုံးကျသည်။ ကရဝေးသစ်ကို အသားသေအောင်ပြုလုပ်ပြီးမှ အသုံးချသင့်သည်။ လေသွေ့ရာတွင်သစ်ခွဲသားများမှာ ရွဲ့စောင်းခြင်း၊ ကွေးကောက်ခြင်း၊ ကွဲအက်ခြင်းတို့ဖြစ်ပေါ်တတ်သောကြောင့် ဖိုဖြင့်ပေါင်းတင်အခြောက်ခံနည်းကိုသာ အသုံးပြုသင့်သည်။ လေသွေ့ပြီးသော ကရဝေးသားသည် တစ်ကုဗပေလျှင် အလေးချိန် ၃၇ပေါင်စီးသည်။ ကျွန်းသစ်၏ ဂုဏ်သတ္တိများကို ၁၀၀စီထား၍နှိုင်းယှဉ်လျှင် ကရဝေးသားမှာ အလေးချိန် ၁၀၀၊ ရက်မအဖြစ် ခိုင်ခန့်အား ၇၅၊ ရက်မအဖြစ်တောင့်ခံအား ၁၀၀၊ တိုင်/ကျားကန်အဖြစ်ခံနိုင်အား ၈၀၊ ထုနှက်ခံနိုင်အား ၈၀၊ လျော့ပြတ်အား ၈၀၊ မာရည်၆၅ နှင့်ပုံတည်မြဲမှု ၆၅ ဖြစ်ကြောင်းတွေ့ရှိရသည်။

(U Hoke Lin Facebook) **လူမှုကွန်ရက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်။**
https://web.facebook.com/uhoke.lin.3/posts/1553840222055581

# ပြည်မြို့ တောကျောင်းက နလံထ အင်းတိုင်းတောမြင့်

**Deciduous, Diptercarp, Secondary High Indaing forest in Tawkyaung, Centre in Pyay Township**

ဘာသန်း
















မြန်မာ့တောတစ်မျိုးဖြစ်သည့် အင်တိုင်းတောသည် ဒီရေတော Mangrove Forest, ရောနှောတောခြောက် Dry Forest အမျိုးအစားများလိုပဲ နိုင်ငံ့တောများ၏ ၅% (Not updated)ရှိပါသည်။ အဓိက (၅)နေရာနှင့် ဒေသအနှံ့အပြားမှာ တွေ့ရပါတယ်။ မည်သည့်တောအမျိုးအစားမှာမဆို မြေအခြေအနေ ပြောင်းသွားတာနဲ့ အင်တိုင်းတောဟာ ဘောလီဘောကွင်းတစ်ကွင်းစာအရွယ်ကစလို့ ဖြစ်လာနိုင်ပါတယ်။ မလစ်လပ်သေးတဲ့တောများကလည်း ခုတ်ပြီးငုတ်တက်Coppice နှင့်ပြန်ပေါက်နလံထတော Secondary Forest တွေများပါတယ်။ အင်တိုင်းတောသဘာဝနှင့် ပြန်ထတောသဘာဝတို့သည် သစ်မျိုးနည်းပြီး အစုလိုက်ပေါက်နေတတ်ပါသည်။ အမြင့်၊ လုံးပတ်၊ ရွက်အုပ်အများအားဖြင့် စိုက်ခင်းကဲ့သို့ ညီနေတတ်ပါသည်။ မျိုးဆက်မှု Natural Regeneration ကောင်း၍ သဲကျောက်စရစ်ပါဝင်မှုများပါသည်။ ကုန်းမြင့်လျှင် မြေတိုက်စားမှု(Erosion) ဖြစ်နေပါသည်။

မြေသားထူရင် အင်တိုင်းတောမြင့် High Indaing၊ မိုးနည်း(သို့) မြေသားတိမ်ပြီး အောက်ခံကျောက်သားနီးရင် Scrub Indaing ၊ အာဟာရနည်းပါး (Nutrient Deficiency)ပြီး ရေထိန်းမှုနည်းပါးတာကြောင့် Symbiosis phenomenum ရှိ အပင်များနဲ့ Xerophiric species များတွေ့ရပါလိမ့်မည်။ အင်တိုင်းတောများသည် အထက်ရွက်ပြတ်ရောနှောသော တောခြောက် DUMD Positive Succession trend နဲ့ Dry forest negative trend ကြားအဆင့်မို့ ယင်းတောနှစ်မျိုးရဲ့ သစ်မျိုးများ(ရင်းမာ၊ ရင်းတိုက်၊ ရှား၊ သန်း၊ ဒဟတ်၊ ဖက်ဝန်း၊ ဖက်သန်း၊ ထောက်ကြံ့၊ ဖျောက်ဆိပ်၊ တမလန်း အစရှိသော)အပင်များလည်း ရောနှောပါဝင်နေတတ်ပါတယ်။ တောင်ပေါ်မြေပြန့်မရွေး၊ အင်တိုင်းကိုတွေ့ရပါမယ်။ မြန်မာနိုင်ငံတွင်(၁)ရာသီဥတု Locality factors (အဓိက အပူ၊ အအေး၊ မိုးရေချိန်၊ တောင်အမြင့်)Mini–Maxi–Average Temperature, Rainfall–amount & pattern, Above sea level, slope aspect)နှင့် (၂)မြေပေါ်မူတည်ဖြစ်တဲ့တော Edaphic

Forest ဆိုပြီး အုပ်စုနှစ်စုရှိပါသည်။

အင်တိုင်းတောများကအုပ်စု(၂)စုမှာ အဓိကအား ဖြင့် မြေကြောင့်ဖြစ်၍ ဒီရေတော၊ စိမ့်တော၊ မြစ်နားကမ်း နားတောများက ( Raparine/ Swamp/ Mangrove forest)အစိုဓါတ်ပမာနနဲ့ ချဉ်ငံဓါတ်ခြားနားမှုကြောင့် ဖြစ် လာတာပါ။ အင်တိုင်းတောကောင်း/ဆိုးကို ပြဋ္ဌာန်းတဲ့ အချက်တွေက –

(က)သဲ/ကျောက်စရစ်/ဂဝံပါဝင်မှု (Soil Structure)၊

(ခ)မြေသားအတိမ်အနက် (Soil Depth)၊

(ဂ)ဓါတုနှင့်အာဟာရပါဝင်မှု (Chemical composition)၊

(ဃ)မီးလောင်ခြင်းနှင့် လေ/မြေစားခြင်း (Fire incidents & Wind or water erosion)၊

(င)ဇီဝရုပ်ဆွေးထိန်းသိမ်းမှု (Organic matter retension)၊

(စ)မြေအသုံးချမှု (Land use type and management) တို့ကြောင့်ဖြစ်ပါသည်။ အင်တိုင်းတောတွင် ပင်တိုင် မင်းသားအပင်အနေဖြင့်–အင်၊ အင်ဖို၊ သစ်ရာ၊ အင်ကြင်း၊ သစ်စေးတို့ပါဝင်လေ့ရှိပါတယ်။ တောကောင်းလျှင် ပျဉ်း ကတိုးပင် ပါဝင်လေ့ရှိပါသည်။ အောက်ပေါင်းဇာတ်ရံ များအနေဖြင့် Cycas မုန့်တိုင်ပင်၊ သင်ပေါင်းပင်၊ မျှင်ဝါး ကျစ်၊ သိုက်ဝါး ကျစ်များ ပုံမှန်ပါဝင်လေ့ရှိပါသည်။ အင် တိုင်းတောတွင် ကျွန်းပင်ပါခဲလှပြီး၊ ပါခဲ့လျှင်/ စိုက်ခဲ့လျှင် လည်း အလွန်ကိုညံ့မှာပါ။

ဒေသကိုလိုက်၍ (According to Locality + Edaphic Factors) အင်တိုင်းတောများမှာ သစ်မျိုးပါဝင်မှု မတူပဲကွဲပြားနေပါသည်။ တောင်ပေါ်မှာ ဝံသပုပ် စသော ဝက်သစ်ချ သစ်အယ်မျိုး Fagaceae များ၊ သျှိသျှားပင် များပါသော်လည်း သစ်ရာပင် မပါတတ်ပါ။ ရေဆင်း အင်တိုင်းတွင် ပျဉ်းကတိုးပါခဲ့ပြီး Xerophiric spp များ ပိုမိုပါဝင်ပါတယ်။ ပြည်မြို့က အင်တိုင်းတောမှာတော့ ပျဉ်း ကတိုးပင်များပိုမိုတွေ့ရပြီး မှန်နီ၊ ထောက်ကြံ့ပင်များလည်း ရှိပါသည်။

မြေနိမ့်ပိုင်းမှာ Hydrophytes ကတွတ်၊ ကြို့ ရင်းမာ၊ လျှော်ဖြူ၊ လျှော်နီ၊ ဖန်ခါး၊ မြရာ၊ ဒီဒူး၊ လက်ပံပင် များတွေ့ရပါတယ်။ထူးခြားမှုအနေနှင့် အင်တိုင်းမှာဖြစ်ထွန်း သည့် သီဟိုဠ်သရက်ပင်နှင့် ငှက်ချေးစွန့်ရာမှ ဖြစ်ထွန်းလာ သော စန္ဒကူးပင်များလည်းတွေ့ရပါသည်။ ပြည်မြို့ တောရ ကျောင်းမှာ တွေ့ရတဲ့အပင်များကိုဖော်ပြပါမည်။ လာလေ့ လာမည့် ကျောင်းသားများအတွက် Species briefing ကလေးများရေးသားပြီး အပင်မှာချိတ်ဆွဲပညာပေးဖို့ ကျွန်တော်အကြံပြုထားပါသည်။

အများစုက ပျဉ်းကတိုး၊ အင်ပင်များ၊ အင်ဖိုပင် များ၊ရင်းတိုက်၊ အင်ကြင်း၊ သိုက်ဝါးကျစ်၊ တည်၊ သစ်စေး၊ လွန်ဖို၊ တောင်သပြေ (ခေါ်) မုန့်တိုင်၊ Cycas မုန့်တိုင်ပင်၊ သင်ပေါင်း၊ စာသူငယ်ဦးနှောက်၊ ဖက်သန်း၊ ရေငတ်ပင်၊ ခေါင်းသေးပင်၊ ခပေါင်းကြီး၊ ကျွန်းခေါက်နွယ်၊ သံသော၊ မြရာ၊ မှန်ဖြူပင်၊ ဖက်ရုပ်၊ ဇင်ပွန်း၊ အောက်ပေါင်းအနေ နှင့် ဆေးဥတလုံး၊ ချေး/ချေးငယ်၊ ဖလံတောင်ဝှေး၊ တော ဝါပန်း၊ ပျဉ်းမကြီး/ရေပျဉ်းမ၊ ကင်ပလင်း၊ တောနနွင်း၊ မြေစိုက်သစ်ခွ။ ဖလံတောင်ဝှေး တို့ဖြစ်ကြပါသည်။ဒေသ ရာသီဥတုနှင့် မြေဆီလွှာအချက်အလက်များမှာ(ယေဘု ယျအချက်များဖြစ်၍ ကွဲလွဲမှုရှိနိုင်ပါသည်)။

မိုးရေချိန် ၄၇"၊ တစ်နှစ်မိုးရွာရက်(၈၃)ရက်၊ အများဆုံးတစ်ရက်မိုးရေချိန်(၅.၄၆")၊ အမြင့်ဆုံးအပူချိန် (၁၁၁ ̊F)၊အနိမ့်ဆုံးအပူချိန်(၄၇ ̊ F)၊ မြေအမြင့် (asl - 249-270 feet)၊တောခြောက်မြေအမျိုးအစား (Nitosol, Silty Loam)၊ဖြစ်နိုင်သော ချဉ်ငံကိန်း (pH- 6 to 7)၊ Soil depth (>3 ပေ)၊ Nitrogen & Phosphorus ပါဝင်မှုနည်းပြီး (၄–၅ miligram per 10 gram soil)၊ Potasium (>20 miligram per 10 gram soil) ပါဝင်မှုများနိုင်သည်။ ကုန်း အခြေလွင်ပြင်က မြေပိုမိုကောင်းမွန်ပါသည်။

Ba Than facebook (လူမှုကွန်ရက်စာမျက်နှာမှ ကူးယူးဖော်ပြပါသည်။)
https://web.facebook.com/ba.than.9/posts/2418785651536925?__tn__=K-R

## သိကောင်းစရာ အတိုအထွာများ

**ပထမဆုံးသော သစ်တောအက်ဥပဒေ**

၁၈၆၅ခုနှစ်တွင် မြန်မာပြည်အတွက် ပထမဆုံးသော အစိုးရသစ်တောအက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

**ပထမဆုံးသော သစ်တောကြိုးဝိုင်းဖွဲ့စည်းခြင်း**

၁၈၇၀ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော သစ်တောကြိုးဝိုင်း(၁၇)ခုကို ဖွဲ့စည်းခဲ့သည်။

**ဆင်ထိန်းသိမ်းရေးအက်ဥပဒေ**

ဆင်များထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၈၈၃ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သည်။

**နေရင်းဒေသ**(Habitat)

နေရင်းဒေသဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာ နယ်မြေနှင့်အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာနယ်မြေတို့ကို ဆိုလိုသည်။

**၂၀၀၈ ခုနှစ်၊ ဂျူလိုင်လ (သစ်တောရေးရာဂျာနယ်)**

# မြန်မာနိုင်ငံ၏ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကြိုးပမ်း ဆောင်ရွက်ချက်များ (၁၉၉၄ခုနှစ်မှ ၂၀၁၉ခုနှစ်ထိ)



သိန်းသန်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၁၉၉၀ ပြည့်နှစ်၌ အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မရှင် (National Commission for Environmental Affairs-NCEA)ကိုစတင်ဖွဲ့စည်းခဲ့ပြီး၊ သစ်တောရေးရာဝန်ကြီး ဌာနအနေဖြင့် ၁၉၉၄ခုနှစ်တွင် အပူပိုင်းဒေသ၊ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး(၃)နှစ်စီမံကိန်းကို စတင်အကောင်အ ထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၅ခုနှစ်တွင် မြန်မာ့ သစ်တောမူဝါဒ(Myanmar Forest Policy-1995) ပြဋ္ဌာန်း ပြီးနောက်၊ ၁၉၉၇ခုနှစ်၊ ဇန်နဝါရီလတွင် သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံများအသင်းကြီး(United Nation Convention to combat Desertification-UNCCD )သို့ အဖွဲ့ ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်၍ တက်ကြွစွာပါဝင်လှုပ် ရှားခဲ့ပါသည်။ ၂၀၀၁ခုနှစ် ဖွန်လတွင် အမျိုးသားသစ်တော ကဏ္ဍ ပင်မစီမံကိန်း(၂၀၀၁–၂၀၀၂ခုနှစ်မှ ၂၀၃၀–၂၀၃၁ခုနှစ်အထိ) နှစ်(၃၀)စီမံကိန်း ရေးဆွဲပြဋ္ဌာန်းရာ တွင်လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီး ဌာန အနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှစ်(၃၀) စီမံ ကိန်းကို အတွဲ(၁)မှ အတွဲ(၁၁)အထိအောက်ပါအတိုင်း ရေး ဆွဲပြဋ္ဌာန်း၍ လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

| စဉ် | အတွဲ | အကြောင်းအရာ | စာမျက်နှာ (မှ-ထိ) |
|---|---|---|---|
| ၁။ | ၁ | နောက်ခံသမိုင်း | (၁ - ၄၅) |
| ၂။ | ၂ | လက်ရှိမြေအသုံးချမှုအခြေအနေ | (၁-၁၆၄) |
| ၃။ | ၃ | မြေဆီလွှာစီမံအုပ်ချုပ်ခြင်း | (၁-၆၀) |
| ၄။ | ၄ | ရေအရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့် ဖော်ထုတ်ခြင်း | (၁-၄၉) |
| ၅။ | ၅ | သစ်တောစိုက်ခင်းများတည်ထောင်ခြင်း | (၁-၁၀၉) |
| ၆။ | ၆ | သဘာဝတောများစီမံအုပ်ချုပ်ခြင်း | (၁-၉၄) |
| ၇။ | ၇ | လေ့ကျင့်သင်ကြားခြင်း၊ သုတေသနနှင့် တိုးချဲ့ပညာပေးခြင်း | (၁-၈၄) |
| ၈။ | ၈ | ထင်းအစားထိုးလောင်စာ တိုးမြှင့်အသုံးချခြင်း | (၁-၈၅) |
| ၉။ | ၉ | အဖွဲ့အစည်းခိုင်မာတောင့်တင်းရေးနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေး | (၁-၄၀) |
| ၁၀။ | ၁၀ | မူဝါဒနှင့်ဥပဒေရေးရာအကြောင်းရင်းခံများ | (၁-၃၈) |
| ၁၁။ | ၁၁ | ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း | (၁-၅၉) |

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၏ ပထမအကြိမ်အမျိုးသားအဆင့်အစီရင်ခံစာ(First National Report)ကို UNCCD သို့ပေးပို့တင်ပြခဲ့ပါသည်။

ဆက်လက်၍၂၀၀၂ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံ၏ဒုတိယအကြိမ်အမျိုးသားအဆင့်အစီရင်ခံစာ(Second National Report)ကိုUNCCD သို့ ပေးပို့တင်ပြခဲ့ပါသည်။ ထို့နောက် ၂၀၀၅ ခုနှစ်တွင် ရန်ကုန်မြို့ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များ(NAPs) ရေးဆွဲပြုစုနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကိုသက်ဆိုင်သူများ (Stakeholders) ပါဝင်ဆွေးနွေးကျင်းပခဲ့ပြီးနောက်(National Action Programme-NAP)ကို UNCCD သို့ ၂၀၀၅ခုနှစ် ဩဂုတ်လတွင်ပေးပို့တင်ပြခဲ့ပါသည်။

ဆက်လက်၍ ၂၀၀၆ ခုနှစ်ဇူလိုင်လတွင် မြန်မာ နိုင်ငံ၏တတိယအကြိမ်အမျိုးသားအဆင့် အစီရင်ခံစာ (Third National Report)ကို UNCCD သို့ပေးပို့တင်ပြခဲ့ ပါသည်။

ထို့နောက် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စတုတ္ထ အကြိမ်အမျိုးသားအဆင့်အစီရင်ခံစာ(Fourth National Report)ကိုလက်တွေ့လုပ်ကိုင်ဆောင်ရွက်သည့် နည်းစနစ် များအကဲဖြတ်ခြင်းနှင့်စွမ်းဆောင်ရည်သုံးသပ်ချက်အစီရင်ခံစာ ပုံစံဖြင့် UNCCD သို့ ပေးပို့တင်ပြခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် ဇူလိုင်လ(၁၁)ရက် နေ့တွင် မြန်မာနိုင်ငံ၏ ပဉ္စမအကြိမ်အမျိုးသားအဆင့် အစီရင်ခံစာ(Fifth National Report)ကို UNCCD သို့ပေးပို့တင်ပြခဲ့ပါသည်။

ထို့နောက် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ ဆဋ္ဌမ အကြိမ်အမျိုးသားအဆင့် အစီရင်ခံစာ (Sixth National Report)ကို UNCCD သို့ပေးပို့တင်ပြခဲ့ပါသည်။

၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်(National Action Programme - NAP)ရေးဆွဲတင်ပြရသည့် အဓိကရည်ရွယ်ချက်များမှာ–

(က)စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် ခိုင်မာသောမြေ သယံ ဇာတ ရေရှည်တည်မြဲရေးနှင့် မြေပေါ်၌သစ်တောနှင့်

အခြား သယံဇာတများဖြစ်ထွန်းရှင်သန်စေရေး၊

(ခ) ဒေသနေပြည်သူလူထုများအား သစ်တောထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောပြန်လည် ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင် ကိုယ်ကျပါဝင်ဆောင်ရွက်ခွင့်ရရှိစေပြီး၊ သစ်တော သယံဇာတမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ခံစားပိုင်ခွင့်ရရှိစေရေး၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးတို့အတွက် သဲကန္တာရဖြစ်ထွန်းမှုမှ ကာကွယ်တားဆီးရေး၊ မြေအတန်းအစားကျဆင်းမှုမှကာကွယ်ရေး၊ အပူချိန်လျော့ကျစေရေးလုပ်ငန်းများကို ပြည်သူများနှင့်အာဏာပိုင်အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး နိုးကြားတက်ကြွသည့်အသိစိတ်ဓာတ်ရှင်သန်စေရေး၊

(ဃ) သဲကန္တာရဖြစ်ထွန်းမှုတားဆီးကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံတော်ရည်မှန်းချက်များ ဖော်ဆောင်ရာတွင် သစ်တောကဏ္ဍသည် အဓိကလုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း သိမြင်လုပ်ကိုင်စေရေးတို့ဖြစ်ကြပါသည်။

ထိုအစီအစဉ်ပါ ရည်မှန်းချက်များအောင်မြင်စေရေးအတွက် အစိုးရဌာနများ၊ ဒေသခံပြည်သူများ၊ မြေအသုံးချသူများနှင့်သယံဇာသုံးစွဲသူများအတွက် အောက်ပါလုပ်ငန်းရပ်များဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။

(၁) ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားမူဝါဒနှင့်အညီ သဲကန္တာရဖြစ်ထွန်းမှုတားဆီးကာကွယ်ရေးနှင့် ပြင်းထန်သောအပူချိန် ခံစားရမှုလျော့နည်းရေးတို့အတွက် နှစ်ရှည်မဟာဗျူဟာများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၂) ပြောင်းလဲလာသည့်ခေတ်၊ စနစ်၊ အခြေအနေများနှင့်အညီ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်သည့် အဆင့်များ၌ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး တို့ကိုလုံလောက်သည့် ရင်းနှီးမြှုပ်နှံမှုပြုသည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၃) ပျက်စီးကာလ မြေသယံဇာတများကို စနစ်တကျကြိုတင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ အဓိကထားဆောင်ရွက်ရေး၊

(၄) အပူချိန်လျော့ကျစေရေးလုပ်ငန်းစဉ်များအတွက် နိုင်ငံတော်၏ မိုးလေဝသဇလဗေဒနှင့်ရေသယံဇာတဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်သွားရန်၊

(၅) အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် အဖွဲ့အစည်းများအင်အားတောင့်တင်းခိုင်မာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သင့်တော်သည့်သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုဆောင်ရွက်သွားရန်၊

(၆) အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်များ(NAPs) ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ သက်ဆိုင်ရာနီးနွယ်ပတ်သက်သူများအားလုံးအနေဖြင့် မူဝါဒရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လက်တွေ့လုပ်ကိုင်ခြင်းနှင့်သုံးသပ်စိစစ်အကဲဖြတ်ခြင်းစသည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

၂၀၁၉ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့မှ(၁၃)ရက်နေ့အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအစည်းအဝေးအမှတ်စဉ် (၁၄)(United Nations Convention to Combat Desertification -UNCCD) (Conference of Parties -COPs -14)ကို အောင်မြင်စွာကျင်းပပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် ၁၉၉၇ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ (စ–ထ–ထ–ရ )လုပ်ငန်းများကိုအောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။**

(က)သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး (၃)ခုအတွင်း အောက်ပါအတိုင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

| စဉ် | စိုက်ခင်းအမျိုးအစား | တိုင်းဒေသကြီး | | | စိမ်းစိုပေါင်း (ဧက) |
|---|---|---|---|---|---|
| | | စစ်ကိုင်း | မကွေး | မန္တလေး | |
| ၁။ | ကျေးရွာသုံး(ဧက) | ၃၈၁၁၀ .၀၀ | ၁၀၀၇၉၅.၄၇ | ၅၀၁၄၉.၁၇ | ၁၈၉၀၅၄.၆၄ |
| ၂။ | ရေဝေရေလဲ(ဧက) | ၁၀၂၀၀.၀၀ | ၆၂၄၅၇.၀၀ | ၄၄၇၉၅.၀၀ | ၁၁၇၄၅၂.၀၀ |
| ၃။ | တောင်တန်း(ဧက) | ၈၇၈၀.၀၀ | ၁၆၇၈၃.၀၀ | ၈၀၆၀.၀၀ | ၃၃၆၂၃.၀၀ |
| ၄။ | သုတေသန(ဧက) | ၁၀၃.၇၅ | ၁၅၀.၀၀ | ၁၅၂.၀၀ | ၄၀၅.၇၅ |
| ၅။ | အခြား(ဧက) | ၁၅၉၇၀.၀၀ | ၁၈၆၁၀.၀၀ | ၁၁၁၇၅.၀၀ | ၄၅၇၅၅.၀၀ |
| | စုစုပေါင်း(ဧက) | ၇၃၁၆၃.၇၅ | ၁၉၈၇၉၅.၄၇ | ၁၁၄၃၃၁.၁၇ | ၃၈၆၂၉၀.၃၉ |

(ခ) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

| စဉ် | တိုင်းဒေသကြီး | ဧရိယာ(ဧက) |
|---|---|---|
| ၁။ | စစ်ကိုင်း | ၅၁၅,၀၀၀ |
| ၂။ | မကွေး | ၁,၂၂၂,၄၃၁ |
| ၃။ | မန္တလေး | ၄၂၀,၅၀၀ |
| | **စိမ်းစိုပေါင်း** | **၂,၁၅၇,၉၃၁** |

(ဂ) ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေးဆောင်ရွက်ခြင်းလုပ်ငန်းကို အောက်ပါအတိုင်းဆောင်ရွက်ပြီးစီးခဲ့ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအမည် | ရေတွက်ပုံ | တိုင်းဒေသကြီး | | | |
|---|---|---|---|---|---|---|
| | | | စစ်ကိုင်းတိုင်း | မကွေးတိုင်း | မန္တလေးတိုင်း | စိမ်း/စိုပေါင်း |
| ၁။ | ရေကန်ငယ်တူးဖော်ခြင်း | ကန် | ၅၁၀ | ၈၂၇ | ၄၇၃ | ၁၈၁၀ |
| ၂။ | ကျောက်စီနုန်းထိန်းတမံငယ်ပြုလုပ်ခြင်း | ကန် | ၇၉၂ | ၁၀၉၆ | ၁၀၀၅ | ၂၈၉၃ |
| ၃။ | မြေအောက်ရေတူးဖော်ခြင်း | တွင်း | ၄၈ | ၄၅ | ၃၄ | ၁၂၇ |
| ၄။ | မိုးရေစုကန်တည်ဆောက်ခြင်း | ကန် | ၁၁ | ၁၆ | ၁၆ | ၄၃ |
| ၅။ | တစ်ဖက်ရပ်ဆည်တည်ဆောက်ခြင်း | ခု | ၅ | ၃ | ၅ | ၁၃ |
| ၆။ | တိမ်ကောရေကန်များပြုပြင်ခြင်း | ကန် | ၁၀ | ၉ | ၁၅ | ၃၄ |
| ၇၊ | ဂါလံ(၁၀၀)ဆန့် မိုးရေခံကွန်ကရစ်ကန်ပြုလုပ်ခြင်း | ခု | ၂၀၀ | ၂၀၀ | ၂၀၀ | ၆၀၀ |

(ဃ) ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို အောက်ပါအတိုင်းဆောင်ရွက်ပြီးစီးခဲ့ပါသည်။

| စဉ် | လုပ်ငန်းအမည် | ရေတွက်ပုံ | တိုင်းဒေသကြီး | | | |
|---|---|---|---|---|---|---|
| | | | စစ်ကိုင်းတိုင်း | မကွေးတိုင်း | မန္တလေးတိုင်း | စိမ်း/စိုပေါင်း |
| ၁။ | စွမ်းအားမြင့်မီးဖိုဖြန့်ဝေသုံးစွဲခြင်း | လုံး | ၁၆၀၁၀၆ | ၂၉၉၃၅၈ | ၁၇၆၀၉၀ | ၆၂၆၅၅၄ |
| ၂။ | လောင်စာတောင့်ဖြန့်ဝေသုံးစွဲခြင်း | တုံး | ၂၇၃၃၇၅၇၂ | ၅၇၆၆၃၄၁၆ | ၃၃၇၁၈၅၆၉ | ၁၁၈၇၁၉၅၅၇ |
| ၃။ | စိုက်ပျိုးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း | တန် | ၁၃၀၈၅၅ | ၇၄၅၈၂၂ | ၁၉၂၃၈၈ | ၁၀၆၉၀၆၅ |
| ၄။ | လူထုပညာပေးဟောပြောပွဲကျင်းပ | ကြိမ် | ၆၄၇၉ | ၇၉၈၀ | ၅၉၉၀ | ၂၀၄၄၉ |
| ၅။ | တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်ပြသခြင်း | ကြိမ် | ၂၅၄ | ၂၆၀ | ၂၅၅ | ၇၆၉ |
| ၆။ | စံပြကျေးရွာတည်ထောင်ခြင်း | ရွာ | ၂၄၁ | ၂၁၃ | ၁၈၇ | ၆၄၁ |

(င) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်။

| စဉ် | အဖွဲ့အစည်း | စီမံကိန်းကာလ | တည်နေရာ | သစ်တောစိုက်ခင်း(ဧက) |
|---|---|---|---|---|
| ၁။ | Yomiuri Shinbun | 1996-1999 | ညောင်ဦးမြို့နယ် | ၁၂၀၀ |
| ၂။ | JIFPRO(I) | 1997-1999 | ညောင်ဦးမြို့နယ် | ၇၄၀ |
| ၃။ | JIFPRO(II) | 1998-2000 | ညောင်ဦးမြို့နယ် | ၃၇၀ |
| ၄။ | JIFPRO(III) | 2000-2002 | ညောင်ဦးမြို့နယ် | ၅၀၀ |
| ၅။ | JICA (I)to (IV) | 2003-2007 | ရေစကြိုမြို့နယ် | ၁၇၈၆.၇၈ |
| ၆။ | OISCA | 1999-2001 | ညောင်ဦးမြို့နယ် | ၆၀၀ |
| ၇။ | JIFPRO(I) | 1997-1999 | ॥ | ၁၁၇ |
| ၈။ | JIFPRO(II) | 1998–2000 | ॥ | ၇၄၀ |
| ၉။ | JIFPRO(III) | 2000-2002 | ॥ | ၂၅၀ |
| ၁၀။ | KOICA(I) | 1998-2000 | ॥ | ၃၀၀ |
| ၁၁။ | KOICA(II) | 2005-2006 | ॥ | ၈၁၅ |
| ၁၂။ | KOICA(III) | 2009-2011 | ॥ | ၃၇၀.၆၅ |
| ၁၃။ | KOICA(IV) | 2013-2015 | ॥ | ၅၉၃.၀၀ |
| ၁၄။ | JICA (I) | 2003-2004 | ॥ | ၁၅၄.၆၁ |
| ၁၅။ | JICA (II) | 2005-2006 | ॥ | ၇၅၈.၂၀ |
| ၁၆။ | JICA (III) | 2006-2007 | ॥ | ၃၅၂.၁၉ |
| ၁၇။ | JICA (IV) | 2007-2008 | ॥ | ၇၄၆.၇၄ |
| ၁၈။ | JICA (V) | 2008-2009 | ॥ | ဖာထေးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း |

**(၁)UNDP- AF စီမံကိန်း**

မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံမှုတို့အပေါ် ထိခိုက်နိုင်ခြေများအား စီမံဖြေရှင်းရေးစီမံကိန်း ''Addressing Climate Change Risks on Water Resources and Food Security in the Dry Zone of Myanmar''ကို ၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ၊ UNDP- Adaptation Fund အမေရိကန်ဒေါ်လာ(၇.၉)သန်းဖြင့် ဆောင်ရွက်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံနှင့် ညောင်ဦးမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုနှင့်မုံရွာမြို့နယ်များတွင် ဆောင်ရွက်ခဲ့ပါကြောင်းတင်ပြအပ်ပါသည်။

**(၂) ADB- GEF စီမံကိန်း**

အာရှဖွံ့ဖြိုးရေးဘဏ်(Asia Development Bank-ADB)နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၊ အပူပိုင်းသစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးစီမံကိန်း(Rural Production in Ecosystem Services Enhanced in Central Dry Zone Forest Resource)ကို မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းနှင့်မလှိုင်မြို့နယ်ရှိ မယ်ညိုတောင်ကြိုးဝိုင်းနှင့် အနီးဝန်းကျင်ရှိကျေးရွာ (၁၆)ရွာတွင် ၂၀၁၇ခုနှစ်၂၀၂၂ခုနှစ်အထိ Global Environment Facility (GEF) အကူအညီဖြင့် အမေရိကန်ဒေါ်လာ(၄.၇၉) သန်းဖြင့်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

စာမျက်နှာ (၂၅)သို့




VOLVO ခေါ် သစ်တင်/ချယန္တရားကြီးက ရောမသစ်လုံးကြီးကို ကွန်တိန်နာရှေ့တွင်ချိမထား၏။ ကွန်တိန်နာအတွင်းတွင်လည်း သစ်လုံးကြီးနှစ်လုံးကို တွေ့မြင်ရသည်။ ယခုနှစ်မေလ ၁၂ရက်ထုတ် 7 Day Daily သတင်းစာရှေ့မျက်နှာဖုံးတွင် ဖော်ပြထားသည့် ဓါတ်ပုံကြီးတွင်ဖြစ်ပါ၏။ သစ်လုံးတွေ ပြည်ပသို့တင်ပို့ပြန်ပြီလောဟု ထိတ်ခနဲဖြစ်သွားရင်း သတင်းခေါင်းစဉ်ကို ပြူးပြဲ၍ကြည့်လိုက်မိသည်။ **"ပြည်ပမှသစ်လုံးတန် ၆၀ ခန့် ပထမအကြိမ်တင်သွင်း"**ဟု စာလုံးမည်းကြီးများဖြင့် ခေါင်းစဉ်တပ်ထားသည်ကိုတွေ့ရ၏။ သတင်းခေါင်းစဉ်အား အရေးအပါဆုံးသတင်းကိုသာ ဖော်ပြလေ့ရှိသည့် 'နဖူးစည်းစာတန်း'(Banner)နေရာတွင် ဖော်ပြထားသည်ကို ထောက်ရှု၍ ဤသတင်းမည်မျှအရေးပါကြောင်း တွက်ဆမိသည်။ စင်စစ်တွင် သစ်၊ သစ်ပင်နှင့် သစ်တောသည် မြန်မာနိုင်ငံအတွက် အရေးအပါဆုံးကဏ္ဍပင် မဟုတ်ပါလော။

မြန်မာကုမ္ပဏီတစ်ခုဖြစ်သည့် Jewellery Teak Timber ကုမ္ပဏီက အာဖရိကတိုက် 'ကွန်ဂို'နိုင်ငံမှ သစ်လုံးတန် ၆၀ ခန့်တင်သွင်းလာခြင်းဖြစ်ပါသည်။ Kosipo ခေါ် သစ်မာအမျိုးအစားဟု သိရသည်။ လုံးဝန်းဖြောင့်တန်းသော ရောမသစ်လုံးကြီးများပါပေ။ မြန်မာနိုင်ငံမှ အင်ကညင်သစ်လုံးများနှင့် ဆင်တူ၏။ သစ်ပါးလွှာထုတ်လုပ်မည်ဟု သိရသည်။ မြန်မာ့သမိုင်းတွင် ပြည်တွင်းမှ သစ်သည်ပြည်ပသို့ အထွက်သာရှိ၏။ အဝင်ကား မရှိသလောက်ပင်။

မြန်မာနိုင်ငံသည် သစ်သယံဇာတနှင့် ဆက်နွယ်၍သူ့ကျွန်ဘဝရောက်ခဲ့ရ၏။ ဗြိတိသျှတို့ အုပ်စိုးသည့် ၁၈၉၆ ခုနှစ်က နိုင်ငံအကျယ်အဝန်း၏ ၇၀% ကို သစ်တောများဖုံးလွှမ်းနေကြောင်း ဗြိတိန်အခြေစိုက် EIA အဖွဲ့ကြီး၏အဆိုကို မှတ်သားဖူးပါသည်။ လွတ်လပ်ရေးရပြီး ဆယ်နှစ်ကြာကာလတွင် သစ်တောဖုံးလွှမ်းဧရိယာသည် ၅၅% အထိရှိသေးသည်ဟုဆိုသည်။ တော်လှန်ရေးကောင်စီ နှင့် မဆလခေတ်တို့တွင် သဘာဝသစ်တောများမှ သစ်ကိုဆင်ဆင်ခြင်ခြင် ခုတ်ခဲ့ကြသေး၏။ ထိုကာလအတွင်း အစွန်းရောက်ရာသီဥတုများ မခံစားခဲ့ကြရသလို သဘာဝဘေးအန္တရာယ်များလည်း ကြီးကြီးမားမား မကြုံတွေ့ခဲ့ရပေ။ နဝတ၊ အစိုးရခေတ်များတွင်ကား နိုင်ငံခြားဝင်ငွေရရှိမှုသည် သစ်သယံဇာတအပေါ် အဓိကမှီခိုပြုလာသည်။ သစ်ကို တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်၍ မဆင်မခြင်ခုတ်လှဲ ထုတ်လုပ်လာတော့၏။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံးနိုင်ငံစာရင်းတွင် တတိယနေရာသို့ ရောက်ရှိလာသည်။ အကျိုးဆက်အနေဖြင့် သဘာဝဘေးအန္တရာယ် ထိခိုက်အလွယ်ဆုံး (၁၀)နိုင်ငံစာရင်းတွင် ဒုတိယနေရာသို့ တိုးမြှင့်ရောက်ရှိသွားရတော့၏။

NASA အဖွဲ့ကြီးက ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ထုတ်ပြန်လိုက်သော ဂြိုဟ်တုပုံရိပ်အရ မြန်မာ့အိမ်နီးချင်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် နှစ်ပေါင်း ၂၀ အတွင်း သစ်ပင်များစွာစိုက်ပျိုးခဲ့သဖြင့် မြန်မာထက်အဆပေါင်းများစွာ စိမ်းလန်းနေကြောင်း၊ ၂၆-၄-၂၀၁၉ ရက်နေ့ထုတ် 7 Day Daily သတင်းစာအယ်ဒီတာ့အာဘော်တွင် ဖတ်ရှုရပါသည်။ သစ်တောသစ်ပင်များ ပိုမိုဖြစ်ထွန်းလာခြင်းအပေါ်တွင် ကမ္ဘာ့အမြင်ဖြင့်သော်လည်းကောင်း၊ နိုင်ငံ့အမြင်ဖြင့်သော်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုအမြင်ဖြင့်သော်လည်းကောင်း၊ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရပါ၏။ သို့သော်ငြားလည်း စိတ်ထဲတွင်မခံချိမခံသာဖြစ်မိသည်ကား အမှန်ပင်။

ရင်ဖွင့်ပါမည်။ အိန္ဒိယနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ ၎င်း၏သဘာဝသစ်တောများကို မတို့မထိဘဲကာကွယ်စောင့်ရှောက်ထား၏။ ပြည်တွင်းသုံးစွဲရန်နှင့် သစ်ကုန်ချောပြည်ပတင်ပို့ရန်အတွက် လိုအပ်သော သစ်ကုန်ကြမ်းကိုပြည်ပမှ တင်သွင်း၍လည်းကောင်း၊ ပြည်တွင်းစိုက်ခင်းများမှလည်းကောင်းရယူအသုံးပြုပါသည်။ စိုက်ခင်းကျွန်းကို လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများ၊ လာအိုနှင့်ထိုင်းနိုင်ငံတို့ထံမှတင်သွင်းယူသည်။ သစ်မာကို ဘရာဇီးလ်၊ အာဖရိကနိုင်ငံများ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ပစိဖိတ်ကျွန်းနိုင်ငံများနှင့် မလေးရှားနိုင်ငံတို့မှ တင်သွင်းယူ၏။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ သဘာဝတောထွက်ကျွန်းနှင့် သစ်မာများကို နှစ်စဉ်တန်ပေါင်း သန်းနှင့်ချီ၍ နှစ်ပေါင်းများစွာ ဆက်တိုက်တင်သွင်းခဲ့ပါသည်။ အနီးစပ်ဆုံး ဥပမာပြရလျှင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံသည် မြန်မာ့ကျွန်းနှင့် သစ်မာတန်ချိန် ၁.၁၃၈ သန်း တင်သွင်းခဲ့၏။ ဤသို့လျှင် မိမိသစ်ပင်ကို

မထိဘဲ အခြားနိုင်ငံများမှ သစ်ကုန်ကြမ်းကို ဝယ်ယူသုံးစွဲသောနိုင်ငံတစ်နိုင်ငံအနေဖြင့် ပို၍အစိမ်းရောင်သမ်းလာသည်မှာ စင်စစ်တွင်မဆန်းလောက်ပါပေ။

တရုတ်နိုင်ငံဘက်ကိုလှမ်းကြည့်ပါမည်။ ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ကျွန်းနှင့်သစ်မာ တန်ချိန်သောင်းကျော်သာ တရားဝင်တင်သွင်းခဲ့ကြောင်းသိရှိရသည်။ လူဦးရေသန်းပေါင်းနှစ်ထောင်နီးပါးကို ကိုယ်စားပြုသည့် တရုတ်နိုင်ငံအနေဖြင့် သစ်တန်ပမာဏ ဤမျှသာ တင်သွင်းခြင်းမှာ ယုံနိုင်ဖွယ်မရှိပါချေ။ သို့သော် ယုံရပါမည်။ 'မြန်မာ့သစ်တောထဲမှ တရားမဝင်ထုတ်ယူလာသော သစ်များကို (၇)မိနစ်လျှင် ၁၅ တန်ပါကားတစ်စီးနှုန်းဖြင့် တစ်နှစ်ပတ်လုံးပျက်ရက်မရှိ တရုတ်နိုင်ငံတွင်းသို့ ဖြတ်သန်းဝင်ရောက်နေသည် ---' Global Wintness ဟု အဖွဲ့၏ထုတ်ပြန်ချက်မှန်ကန်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်သူ့လွှတ်တော်တွင် ပြောဆိုခဲ့သည်မဟုတ်ပါလော။ ထို့ပြင် 'အင်္ဂလန်အခြေစိုက် EIA စာရင်းအရ မြန်မာနိုင်ငံ၏သစ်များကိုခိုးထုတ်ပြီး တရုတ်နိုင်ငံအတွင်းရှိ သစ်များကိုမူ ထိန်းသိမ်းနိုင်မှုကြောင့် ကမ္ဘာ့သစ်တောပြန်လည်ဖုံးလွှမ်းမှုမြင့်တက်ခဲ့သည့် နိုင်ငံများစာရင်းတွင် တရုတ်နိုင်ငံက ထိပ်ဆုံးမှရပ်တည်နေနိုင်သည်။ သို့သော် သစ်တောအများဆုံးပြုန်းတီးနေသည့် ကမ္ဘာ့နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံက သစ်တောပြုန်းတီးမှုအဆိုးဆုံး စာရင်းဝင်နေသည်' ဟု ၉–၂–၂၀၁၇ ရက်နေ့ထုတ် သတင်းစာတစ်စောင်တွင်ဖော်ပြထားပါသည်။ မိမိနိုင်ငံ၏သစ်တောများကို ပိုးမွေးသလိုပြုစုစောင့်ရှောက်ထားချိန်တွင် မြန်မာနိုင်ငံရှိ သဘာဝတောများမှသစ်ကို တရားဝင်ရော၊ တရားမဝင်ပါ နှစ်ပေါင်းများစွာ သိမ်းကျုံးထုတ်ယူသွားကြသော အိမ်နီးချင်းနိုင်ငံ အစိမ်းရောင်ပို၍သန်းလာသည့်အပေါ် မြန်မာတစ်ယောက်အနေဖြင့် ဖြောင့်ဖြောင့်တန်းတန်း မုဒိတာပွားရန်ခက်လှပါဘိ။

မည်သို့ပင်ဖြစ်စေ မြန်မာ့သဘာဝတောများ ပြုန်းတီးမှုလျော့ပါးသက်သာလာစေရန်အလို့ငှါ ယခင်သစ်တောရေးရာဝန်ကြီးဌာန၊ ယင်းနောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် ယခု သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့သည် ခေတ်ကာလအလျောက် သစ်သမိုင်းအချိုးအကွေ့များကို ကြိုးပမ်းဖြတ်ကျော်ခဲ့သည်သာ။

## ပထမအချိုးအကွေ့

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံအစိုးရအဆက်ဆက်သည် နှစ်စဉ်ပို၍ ပို၍လိုအပ်လာသော နိုင်ငံခြားဝင်ငွေရရှိရေးအတွက် သဘာဝသစ်တောမှ ကျွန်းနှင့်သစ်မာများကို တန်ပမာဏ တိုး၍ တိုး၍ထုတ်ကာ ပြည်ပသို့တင်ပို့ခဲ့ကြသည်။ သမ္မတဦးသိန်းစိန်လက်ထက် ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျွန်းနှင့်သစ်မာတန်ပေါင်း ၁.၇၃၇ သန်းကို ပြည်ပတင်ပို့ခြင်းဖြင့် သစ်သမိုင်း၏ အကြီးမားဆုံး သစ်တင်ပို့မှုစံချိန်တင်လိုက်လေသည်။ သို့သော်စံချိန်ကို ဆက်ထိန်းမထားနိုင်ပေ။ ပညာရှင်များ၊ ပြည်သူများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ 'ညာသံ' ပေးမှုကြောင့် လက်ကိုင်ချိန်းလွှခလုတ်ကို လျှော့လိုက် ရပါတော့သည်။ တစ်ချိန်တည်းတွင် **'ပြည်ပသို့သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်းခြင်း'(Log Export Ban)** ကို ၁–၄–၂၀၁၄ ရက်နေ့တွင် ကမ္ဘာသိကြေညာလိုက်လေသည်။ မြန်မာ့သစ်သမိုင်း၏ ကြီးမားသော အချိုးအကွေ့ ကြီးပေတည်း။

## ဒုတိယအချိုးအကွေ့

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစကာလက သစ်တောဖုံးလွှမ်းမှုဧရိယာသည် နိုင်ငံအကျယ်အဝန်း၏ ၅၇% ရှိခဲ့သည်ဆိုသော်ငြားလည်း ၂၀၁၆ ခုနှစ်တွင် တက်လာသည့် လက်ရှိအစိုးရလက်ထက်ရောက်သောအခါ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၄၂.၉၂% သာကျန်ရှိတော့၏။ လက်ရှိအစိုးရသည် မြန်မာ့သစ်တောများကို အဖတ်ဆယ်နိုင်ရန်အလို့ငှာ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွက် တစ်နိုင်ငံလုံး သစ်ထုတ်မှုလုံးဝရပ်ဆိုင်းကြောင်း အမိန့်ထုတ်ပြန်လိုက်လေသည်။ ၎င်းအပြင် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ပဲခူးရိုးမကြီးကို သစ်ထုတ်ခွင့်(၁၀)နှစ်ရပ်နားပစ်လိုက်၏။ တစ်ဆက်တည်းပင် ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ သစ်ထုတ်ပမာဏကို သိသိသာသာကြီးလျှော့ချပစ်လိုက်လေသည်။ ပြည်သူအပေါင်းက နှစ်ထောင်းအားရကြိုဆိုကြပါသည်။ ရက္ခစိုးနတ်မင်းများကလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြမည်သာ။ မြန်မာ့သစ်တောသမိုင်း၏ ရေမအချိုးအကွေ့ကြီးတစ်ခုပင်ဖြစ်တော့သည်။

## တတိယအချိုးအကွေ့

နိုင်ငံ၏ သဘာဝသစ်တောများကို လုံးဝမတို့မထိဘဲ သစ်ကုန်ကြမ်းကို ပြည်ပမှတင်သွင်းအသုံးပြုခြင်းနှင့် စိုက်ခင်းသစ်များကိုသာ ကုန်ကြမ်းအဖြစ်သုံးစွဲခြင်းဖြင့် မြန်မာ့သစ်သမိုင်း၏ **'တတိယအချိုးအကွေ့'**ကို ကျွန်ုပ်တို့ဖော်ဆောင်ရမည်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကုန်ကြမ်းသစ်လုံးတန်(၆၀)ခန့် တင်သွင်းလာခြင်းသည် တတိယအချိုးအကွေ့အတွက် ကနဦးခြေလှမ်းပင်ဖြစ်သည်။ တစ်နည်းဆိုရပါလျှင် စွန့်ဦးတီထွင်သူ၏ မရဲတရဲခြေလှမ်းပေတည်း။ ရဲရဲလျှောက်လှမ်းနိုင်ရန် သက်ဆိုင်ရာတို့က ဝိုင်းဝန်းဖေးကူသွားကြရမည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွင်းကလည်း သစ်ကုမ္ပဏီနှစ်ခုက ဆွစ်ဇာလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ သစ်ကုန်ကြမ်းအချို့ကို အစမ်းသဘောတင်သွင်းခဲ့ဖူး၏။ အခွန်အခနှုန်းထားများ ကြီးမြင့်၍ အခက်အခဲနှင့်ရင်ဆိုင်ရကြောင်း သစ်သမား

အသိုင်းအဝိုင်းမှ ကြားသိရပါသည်။

မြန်မာသစ်အခြေခံ စက်မှုလုပ်ငန်းရှင်များအနေဖြင့် ယခုအခါမှ သစ်ကုန်ကြမ်းကို ပြည်ပမှစမ်းသပ်တင်သွင်းသည့်အဆင့်တွင်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများကမူ ပြည်ပမှသစ်ကုန်ကြမ်းဖြင့် ကုန်ချောထုတ်၍ EU ဈေးကွက်၊ US ဈေးကွက်များသို့ အကျိုးအမြတ်ရှိစွာ တင်ပို့နေသည်မှာ ဆယ်စုနှစ်နှင့်ချီ၍ကြာမြင့်ခဲ့လေပြီ။ ဝေးလံလှသောပင်လယ်ရပ်ခြားဒေသများမှသစ်ကို မိမိတို့စက်ရုံဝင်းခြံထဲအရောက် သက်သောင့်သက်သာ မည်သို့တင်သွင်းယူလာခဲ့ပုံကို စူးစမ်းရမည်ဖြစ်၏။ မြန်မာ့သဘာဝသစ်တောများ သက်သာမှုရရှိရန်အလို့ငှာ ပြည်ပမှ သစ်တင်သွင်းရာလမ်းကြောင်းပေါ်ရှိ အတားအဆီးအဖုအထစ်များကို ဖြေလျှော့ပေးနိုင်မည့်နည်းလမ်းရှာဖွေရမည်ဖြစ်ပေသည်။ ''ကျုပ်တို့မှာ စက်ရုံနဲ့ စက်ပစ္စည်းကိရိယာတွေအစုံရှိတယ်။ ကျွမ်းကျင်တဲ့ အလုပ်သမားတွေရှိတယ်၊ နည်းပညာလည်းရှိတယ်။ ပြည်ပကသစ်ကုန်ကြမ်းကို လုပ်သာ ကိုင်သာလောက်တဲ့ အခွန်အခနှုန်းထားနဲ့သာ တင်သွင်းခွင့်ပြုလို့ကတော့ ဈေးကွက်အထိဝင်ပြီးယှဉ်ရဲတယ်''ဟု သစ်သမားတစ်ဦးက လက်မ ထောင်ပြီးပြောဆိုလိုက်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တတိယအချိုးအကွေ့၏ ဒုတိယမျက်နှာစာမှာ ''စိုက်ခင်းသစ်များကိုသာ ကုန်ကြမ်းအဖြစ်သုံးစွဲခြင်း''ဖြစ်ပါသည်။ ထိုစဉ်က သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ စတင်၍ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လကုန်အထိ ပုဂ္ဂလိကကျွန်းနှင့်သစ်မာစိုက်ခင်းစုစုပေါင်း ၂၆၂၃၆၆ ဧကနှင့် အစုအဖွဲ့ပိုင်သစ်တောဧရိယာ ၆၁၅၃၈၀ ဧကကို တည်ထောင်ပြီးစီးကြောင်းသိရ၏။ ၂၀၁၇ မှ ၂၀၂၆ ခုနှစ်အထိ (၁၀)နှစ်စီမံကိန်းကာလအတွင်း နိုင်ငံပိုင်သစ်တောစိုက်ခင်း ၃၅၂၄၃၈ ဧကနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း ၂၈၅၁၀၄ ဧကထူထောင်သွားမည်ဟုဆိုပါသည်။ မည်သို့ဆိုစေ သစ်ကုန်ကြမ်းသုံးစွဲမှုကဏ္ဍတွင် စိုက်ခင်းသစ်သည် လောက်လောက်လားလား ပမာဏဖြစ်ဖို့လိုအပ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံသည် သစ်တောအခြေပြုရာသီဥတုဖေါက်ပြန်မှုနှင့်ဆက်နွယ်၍ သဘာဝဘေးဒဏ်ကိုနှစ်စဉ်ခံစားနေရသည်ဖြစ်ရာ သဘာဝသစ်တောများ မထိခိုက်မပွန်းရှိရန် အထူးလိုအပ်လှပါ၏။ ထို့ကြောင့် သဘာဝသစ်တောများ ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်စေရန် အလို့ငှာ''သစ်ကုန်ကြမ်းကို ပြည်ပမှတင်သွင်းအသုံးပြုခြင်းနှင့် စိုက်ခင်းသစ်များကိုသာ ကုန်ကြမ်းအဖြစ်သုံးစွဲခြင်း'တည်းဟူသော လှော်တက်နှစ်လက်ဖြင့် စည်းချက်ညီညီလှော်ခတ်၍ တတိယအချိုးအကွေ့ကို ကျော်ဖြတ်ရမည်ဖြစ်ပါကြောင်း ။ ။

စာမျက်နှာ ( ၂၂ )မှအဆက်

**(၃) Climate Change Centre စီမံကိန်း**

ကိုရီးယားသမ္မတနိုင်ငံ၊ Climate Change Centre (CCC) အစီအစဉ်ဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှဖွံ့ဖြိုးဆဲနိုင်ငံများ/ မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေပေးရေးစီမံကိန်း(The Project of CCC Program of Activities for the Distribution of Improved Cook stoves in developing South and SouthEast Asian Countries (Myanmar))ကို ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၆)နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ(၇.၂)သန်းဖြင့် မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်၊ ပခုက္ကူခရိုင်၊မကွေးခရိုင်၊မြင်းခြံခရိုင်နှင့် ရမည်းသင်းခရိုင်များတွင် ဆောင်ရွက်ဆဲဖြစ်ပါသည်။

(၄) **သာစည်မြို့နယ်ကျေးလက်နေ ပြည်သူများနှင့် အိမ်ထောင်စုများ စွမ်းအင်ရရှိရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း (REACH Project)**

အဆိုပါစီမံကိန်းကို (၂၁၀၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်)အထိ၊ ပြင်သစ်နိုင်ငံဖွံ့ဖြိုးမှု အကူအညီပေးရေးအဖွဲ့၏ ရန်ပုံငွေ ယူရို(၆၂၀,၀၀၀)ဖြင့် GERES အဖွဲ့မှ ဆောင်ရွက်နေပါသည်။

သို့ဖြစ်ပါ၍ UNCCD အဖွဲ့အစည်းကြီးကို ၁၉၉၄ ခုနှစ်မှ စတင်ဖွဲ့စည်းရန် အဆိုပြုခဲ့သည့်ကာလမှ စတင်ရေတွက်သော် ၂၀၁၉ ခုနှစ်တွင် (၂၅)နှစ်မြောက်(Silver Jubilee)ငွေရတုရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း ဂုဏ်ပြုဖော်ပြပါသည်။

မြန်မာနိုင်ငံအနေဖြင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ(UNCCD) အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည်နှင့်အညီ UNCCD မှ သတ်မှတ်ပြဋ္ဌာန်းထားရှိသည့် မဟာဗျူဟာရည်မှန်းချက် လုပ်ငန်းစဉ်များ အောင်မြင်စေရေး၊ သဲကန္တာရဖြစ်ထွန်းလာမှု ဟန့်တားကာကွယ်ရေး၊ မြေနှင့်ရေသယံဇာတထိန်းသိမ်းကာကွယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော် ရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာအစိုးရ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

# တော်ဝင်တိရစ္ဆာန်ကြီးများအား လည်ပတ် တပ်ခြင်း

WWF - မြန်မာ

အဖွဲ့သားအားလုံး ဝါးတောတစ်ခုရဲ့အစပ်က အရိပ်အောက်မှာ ငိုက်သူငိုက်လျက် တိတ်ဆိတ်စွာထိုင်နေကြသည်။ အချိန်မှာပူပြင်းသည့် ဧပြီလ၏ မွန်းလွဲပိုင်း ၄နာရီအချိန်ဖြစ်ပြီး ခြေရာခံအဖွဲ့မှာ အာရုံတက်ကတည်းက တောတွင်းဝင်သွားကြခြင်းဖြစ်ပါသည်။ ရုတ်တရက်ဆိုသလို စကားပြောစက်က တဂျစ်ဂျစ်မြည်လာကာ အားလုံး ချက်ချင်းခေါင်းထောင်ကြည့်ကြသည်။

မီတာ ၂၅၀အကွာတွင် ဆင်ထီးကြီးတစ် ကောင်ကို မေ့ဆေးသေနတ်ဖြင့် ပစ်ဖမ်းထားပြီး ဖြစ်ပါသည်။

တိရစ္ဆာန်ဆိုင်ရာ ဆေးပညာရှင်ကအော်ဟစ်ကာ ထူထဲလှသည့်ဝါးတောအတွင်းသို့ ရှေ့မှဦးဆောင်၍ ပြေးဝင်သွားလေသည်။ ၄င်းသည် မေ့ဆေးပစ်အဖမ်းခံရသည့် ဆင်၏ကျန်းမာဘေးကင်းရေးကို တာဝန်ယူရသူဖြစ်ပြီး နေရာသို့ ၄င်းအမြန်ဆုံးရောက်ရှိရန်လိုအပ်ပါသည်။ အဖြစ်အပျက်မှာမြန်ဆန်လွန်းလှပြီး ကျွန်တော်တို့အားလုံး ထူထဲလှသည့် ဝါးရုံများကိုတိုးဝှေ့ရင်းကွက်လပ်တစ်ခုကို ရောက်သည်အထိ ပြေးလွှားခဲ့ကြသည်။ ထိုနေရာတွင် ခန့်ညားလှသည့်ဆင်ထီးကြီးတစ်ကောင် လှဲလျက်သားအနေအထား အိပ်ချင်မူးတူးမျက်လုံးများဖြင့် ရှိနေကာ နားရွက်များမှာ ရံဖန်ရံခါရှေ့နောက်လှုပ်ခပ်နေသည်ကို တွေ့ရသည်။ ဆေးပညာရှင်က ဆင်ကြီး၏ကျန်းမာရေးအခြေအနေကို စစ်ဆေးနေချိန်တွင်အဖွဲ့သားများက ယင်း၏ အရပ်အမြင့်နှင့်ခန့်မှန်းအသက်တို့ကို တိုင်းတာတွက်ချက်ကြသည်။ ထို့နောက် လည်ပတ်တပ်ဆင်ရန် အလျင်အမြန်လုပ်ဆောင်ကြပါတော့သည်။ ဆင်ကြီးအနေဖြင့် တတ်နိုင်သမျှ အမြန်ဆုံးမတ်တပ်ပြန်ရပ်နိုင်ရန် အထူးအရေးကြီးသဖြင့် အဖွဲ့သားများသည် လုပ်ငန်းစဉ်တစ်ခုလုံးကို တစ်နာရီပင်မကြာအောင် ရည်မှန်းလုပ်ဆောင်နေကြသည်။

ယင်း GPS လည်ပတ်များက တစ်နာရီတစ်ကြိမ်တည်နေရာကိုပေးပို့မည်ဖြစ်သဖြင့် သစ်တောပြုန်းတီးမှုကြောင့် စားကျက်မြေများဆုံးရှုံးရကာ ကျေးရွာများနှင့်ပိုမိုနီးကပ်သည်အထိ ရွှေ့ပြောင်းရောက်ရှိလာကြချိန်တွင် အရေးကြီးလှသည့်အချက်အနေဖြင့် ဆင်များ၏ ရွှေ့လျားသွားလာမှုကိုစောင့်ကြည့်လေ့လာနိုင်စေသည်။

ဒေသခံအများစုသည် တောဆင်ရိုင်းများဖြတ်သန်း သွားကြသည့်အခါ ပုန်းခိုရာအဖြစ် သစ်ပင်ပေါ်တွင် အိမ်များဆောက်လုပ်ကြသော်လည်း ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက်မူ အဆင်မပြေလှပေ။ အာရှဆင်တစ်ကောင်သည် တစ်နေ့လျှင် အစာပေါင်၃၀၀အထိ စားသုံးနိုင်သဖြင့် ဆင်အုပ်တစ်အုပ်အတွက် တစ်ရွာလုံး၏ စိုက်ပျိုးသီးနှံများကို စားသုံးပစ်ရန်အချိန်များများ မလိုအပ်ပေ။

ဆင်များသွားလာမှုကို မှတ်တမ်းတင်နိုင်ခြင်းဖြင့် လူသားနှင့်ဆင်တို့အတူယှဉ်တွဲနေထိုင်နိုင်စေမည့် ဘေးဆီးရန်ကာများလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ GPS လည်ပတ်များက ဆင်၏ရွှေ့လျားသွားလာမှု ရုတ်တရက်ပြောင်းလဲသွားသည်ကိုအချက်ပြနိုင်ပြီး အမဲလိုက်မုဆိုးများအလိုက်ခံနေရသည် သို့မဟုတ် အဆိပ်မြားဖြင့် အပစ်ခံရသည်ကို ညွှန်ပြနေခြင်းဖြစ်နိုင်သည်။ ထိုအခါ ကင်းလှည့်ဝန်ထမ်းအဖွဲ့ကို ယင်းဧရိယာသို့ချက်ချင်းစေလွှတ်၍ စစ်ဆေးစေနိုင်မည်ဖြစ်ပါသည်။ လည်ပတ်ကို တပ်ဆင်ပြီးသည်နှင့် ဆေးပညာရှင်က ဖြေဆေးထိုးပေးချိန်တွင် နေရာမှထွက်လာကြသည်။ ယခုအခါ ဆင်သတ်ခံရနှုန်းအထူးမြင့်တက်နေရာ မြန်မာ့တော်ဝင်နိုင်ငံ့ရတနာကြီးများကို ထိန်းသိမ်းထားလိုပါက လူနှင့်ဆင်တို့ယှဉ်တွဲနေနိုင်ရေးက အရေးကြီးလှသည်။



'လည်ပတ်' တပ်ဆင်ပြီးသည်နှင့် ဆရာဝန်ကဖြေဆေးထိုးပေးလိုက်သည်။ မကြာမီဆင်ကြီးလည်း မတ်တပ်ပြန်ထ၍ သစ်တောအတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ဇီဝမျိုးရင်း၊ ပျက်သုဉ်းခြင်းက
ဘာကြောင့်ဖြစ်သည် ဆင်ခြင်ရာ၏။



# မြကျွန်းမြိုင် မဟူရာဘုံ

အခန်းဆက်ဝတ္ထုရှည် (၂)

မြတ်သင်း

ယခင်လမှအဆက်

အရှေ့ကောင်းကင်ယံမှ ပျံတက်လာခဲ့သော ရဝိန်ဒေါင်းယာဉ်ပျံသည် ဝါးထရံအပေါက်ကြားမှ နေပြောက်လေးတစ်ပြောက်ကို ဉချလိုက်၏။ နေခြည်ဥကလေးသည် သင်းအောင်၏ မျက်နှာပေါ်သို့ကျပြီး ပေါက်ကွဲသွား၏။ သင်းအောင်၏ မျက်လုံးထဲသို့ နေခြည်များစီးဝင်လျက် ကျိန်းစပ်သွားသည်။ သင်းအောင်သည် မျက်လုံးကိုပွတ်၍ လူးလဲထလိုက်၏။

'နေတောင် အတော်မြင့်မှ ကိုး'

ဝရန်တာသို့ ထွက်လိုက်သည့် အခါတွင်ကား စခန်းဝင်းထဲမှ ပြန်တက်လာသော နှင်းရီ၏လက်ထဲ၌ ဝါးတံမြက်စည်းရှည်ကြီး တစ်ချောင်းကိုင်စွဲထား၏။

'မျက်နှာသစ်ရေတွေ ဘာလို့ ဆွဲတင်ထားတာလဲ နှင်းရီ၊ ကိုအောင် စမ်းချောင်းကိုသွားပြီး သစ်မှာပေါ့'

'မပင်ပန်းပါဘူး ကိုအောင်ရဲ့'

မျက်နှာသစ်ရေပုံးအနီးတွင် သွားတိုက်ဆေးညှစ်တင်ထားသော သွားပွတ်တံနှင့် ဆပ်ပြာတို့ကို အဆင်သင့်တွေ့ရသည်။ သင်းအောင်သည် မီးဖုတ်၍ ဆီရွှဲရွှဲဆမ်းထားသော ချေသားခြောက်နှင့် ကောက်ညှင်းပေါင်းတို့ကို ရေနွေးကြမ်းဖြင့် မျှောချပြီး သစ်ကွက်ထဲသို့ ထွက်လာခဲ့၏။ ရှုပ်ထွေးသော ဝေဒနာအတွေးများ မဝင်အောင် အလုပ်ဖြင့်ပိတ်ဆို့ကာကွယ်ထားလိုက်၏။

သို့သော် အလုပ်မှပြန်လာခဲ့ပြီးနောက် ညဦးပိုင်းတွင်ကား နှင်းရီနှင့်အတူ စမ်းချောင်းဘေးတွင်ထိုင်ရင်း မဆို၍မဖြစ်သော စကားကိုဆို၏။ အရွယ်စုံကျောက်ခဲလုလုလေးများသည် စွန့်ခွာပြေးနေသော စမ်းရေလျဉ်အား ကြေကွဲစွာမျှော်ငေးကြည့်နေကြ၏။ လရောင်မျှင်တို့သည် စမ်းရေလျဉ်၏ လှိုင်းခလုတ်လေးများကို တစ်ခုစီ တို့ခတ်ဆော့ကစားလိုက်၏။ စမ်းချောင်းထဲမှ သံစဉ်ပြေပြစ်သော တေးသံလေး ပေါ်ထွက်လာခဲ့၏။

'နှင်းရီကတော့ မေမေ့အရိပ်လိုဖြစ်နေတာမို့ မေးရဦးမယ်၊ မေမေ့ကျန်းမာရေးအခြေအနေ ဘယ်လိုရှိသလဲ နှင်းရီ'

'ခုတလောမှာတော့ တော်တော်လေး ကောင်းနေပါတယ် ကိုအောင်၊ နှင်းရီ အေးငြိမ်မှာဒုက္ခတွေ့ပြီး ပြန်လာတုန်းကတော့ တော်တော်ဆိုးဆိုးရွားရွားကြုံလိုက်ရတယ်၊ အိပ်ရာထဲမှာလဲတဲ့အထိပဲ၊ စိုးရိမ်ရတဲ့အတွက် ကိုအောင့်ဆီကိုတောင် သံကြိုးရိုက်တော့မလို့၊ အဲဒီနောက်ပိုင်းမှာတော့ အခြေအနေ တော်တော်ကောင်းလာပါတယ်။'

ခင်ပုတ်ချီပန်းရနံ့လေးများ မွှေးပျံ့လာ၏။ ချေဟောက်သံ၊ တောမျောက်အော်သံများကို သဲ့သဲ့မျှတစ်ချက်တစ်ချက်ကြားရသည်။

'မေမေက နှင်းရီနဲ့ကိုအောင်တို့အကြောင်း ဘာမှမပြောဘူးလား'

နှင်းရီက နှုတ်တုံ့မပြန်ဘဲ တိမ်စွန်းလကို ငေးစိုက်ကြည့်နေသည်။

'ဝဲလာဗိုလ်တဲမှာတုန်းက နှင်းရီနဲ့ ကိုအောင့်ကို လက်ဆက်ပေးချင်တဲ့အကြောင်း မေမေကပြောခဲ့တယ်'

'နှင်းရီမှာ ချစ်သူရှိနေပြီလား ဟင်... '

'ဟင့်အင်း...'

နှင်းရီက ခေါင်းကို ခါယမ်းလိုက်၏။

'ကိုအောင့်မှာတော့ မေမေ့ကို ငဲ့ရတာကတစ်ဖက်၊ ကိုယ်ရေးပြဿနာကတစ်ဖက်၊ တော်တော်ကို အခက်တွေ့နေရတယ်'

'ကိုယ်ရေးပြဿနာဆိုတာ ကဘာယ်လိုလဲ ကိုအောင်၊ နှင်းရီသိခွင့်

ရှိရင် သိပါရစေလား'

'ရန်ကုန်တက္ကသိုလ်မှာတုန်းက မိန်းကလေးတစ်ယောက်နဲ့ ကိုအောင်ချစ်ခဲ့မိတယ်၊ နှင်းရီသူ့ကိုမမြင်ဖူးပေမဲ့ သူ့အသံကိုတော့ကြားဖူးမှာပါ။ သူ့နာမည်က သွယ့်သွယ့်မွန် တဲ့'

ကျွန်းပင်မတ်မတ်ကြီးများသည် သွယ်နွဲ့သော ကံ့ကော်ပင်တန်းများအဖြစ်သို့ပြောင်းသွား၏။ စမ်းချောင်းဘေးမှ အဖုအထစ်များလှစွာသော ရင်သားတစ်ရာနှစ်ရာနှင့် လက်ပံပင်အိုကြီးအဖြစ်သို့ ပြောင်းသွား၏။ စမ်းချောင်းလေး၏တေးသံသည် ပိုမိုနုညက်လာပြီး အပင့် အဆတ် အနွဲ့ အလိမ်တို့ဖြင့် တီးခတ်နေသော စန္ဒရားသံသဖွယ် ကြွကြွလှုပ်မြူးလာ၏။ စန္ဒရားသံနှင့် လိုက်ဖက်ညီလှသော အမွန်၏သီချင်းသံသည် သင်းအောင်၏ရင်ထဲမှ ဆိပ်သာသောင်စွန်း၌ ဝဲပျံလျက်ရှိလေသည်။

တက္ကသိုလ်၏ အနုပညာစင်မြင့်၌ အသံကေရီလေးတစ်ဦးအဖြစ် ကျော်ကြားစပြုနေသော အမွန့်ကိုမှ 'မြင့်မိုရ်ရွှေတောင်လုံးသာပ'သင်းအောင်ချစ်ခဲ့မိသည်။ လေးဆူဒီပါ သီတာရေမြေဆုံးစေတော့ အို...ဘယ်မမုန်းပါတော့ နိုင်အောင်စွဲလမ်းမိခဲ့၏။ ကပ်လုံးပဆုံးတိုင်ထိ အမွန့်ကို ဘဝအဖော်မွန်ဖြစ်စေချင်သည်။ အမွန်က သူ့ကို 'ရှုံးညာပိုင်'အဖြစ် အသိအမှတ်ပြုလိုက်သောနေ့ကား သင်းအောင် ရင်အခုန်ရဆုံးနေ့ဖြစ်ခဲ့၏။ သို့သော် အုံးပြိုင်သဥ္စာကြွေ၌ တူနှစ်ကိုယ်ပျော်မွေ့ကြရေးကား ခက်လှ၏။

ဘွဲ့ရပြီး၍ သင်းအောင် အလုပ်ခွင်ဝင်ရောက်ရချိန်၌ သည်အခက်ကိုစတွေ့ရသည်။ သင်းအောင် က လက်ထပ်ပြီး မိမိနှင့်အတူနယ်သို့လိုက်ခဲ့ရန် အမွန့်ကိုခေါ်၏။ ထိုအချိန်၌ မြန်မာ့အသံ၏ဓါတ်ပြားရ အဆိုတော်တစ်ဦးအဖြစ်အောင်မြင်နေသော အမွန်က ငြင်းသည်။

'မောင့်ကို အမွန် အသက်မက ချစ်ပါတယ် မောင်ရယ်၊ ဒါပေမဲ့ မောင့်ကိုချစ်သလို အနုပညာကိုလည်း အမွန် ချစ်တာပဲ၊ မောင့်နောက်ကို အမွန်တစ်ဖဝါးမခွာ လိုက်ခဲ့ချင်ပါတယ် မောင်ရယ်၊ ဒါပေမဲ့ အမွန့်တေးပရိသတ်ကိုကိုလည်း အမွန် စွန့်ခွာမပစ်ရက်ခဲ့ဘူး'

'အနုပညာသည်ဆိုတာ ဆင်စွယ်နန်းတော်ပေါ်မှာမှ နေရတယ်လို့ အမွန်ကထင်နေတာလား၊ မောင် အခုသွားမယ့်အရပ်မှာလည်း အမွန့်တေးပရိတ်သတ်တွေရှိနေတာပါပဲ၊ မောင်နဲ့အတူ ပြည်သူတွေကြားကို တိုးဝင်စမ်းပါအမွန်ရယ်'

'မောင်ပြောတာလည်း ယေဘုယျအနေနဲ့တော့ မှန်ပါတယ်၊ ဒါပေမဲ့ချွင်းချက်တော့ရှိတယ်၊ အမွန်တို့လို ဂီတအနုပညာသည်ကတော့ အဲဒီချွင်းချက်ထဲမှာ အကျုံးဝင်တယ်၊ အသံလွှင့်ရုံက ရန်ကုန်မှာပဲရှိလေတော့ ကိုယ့်တေးသံကို တစ်ပြည်လုံးကကြားဖို့၊ ပြည်သူတစ်ရပ်လုံးကို တေးနဲ့အလုပ်အကျွေးပြုဖို့အတွက် ရန်ကုန်ဟာ ဘူမိနက်သန်ပဲ မောင်၊ နယ်ကိုလိုက်လာခဲ့ရင် ပြည်သူတစ်စိတ်တစ်ဒေသကိုပဲ အမွန် အလုပ်အကျွေးပြုခွင့်ရမှာပေါ့'

'နယ်ကနေ အသံသွင်းပြီး ရန်ကုန်ကိုပို့လို့လည်း ရပါတယ် အမွန်ရယ်'

'မောင်ပြောတော့ လွယ်လိုက်တာ၊ မောင်သွားမယ့်အရပ်က တကယ့်စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်၊ ဘယ်မှာလဲ သီချင်းရေးဆရာ၊ ဘယ်မှာလဲ တူရိယာအဖွဲ့၊ ဒီလိုချစ်သူ့ပုဆိုးစကိုဆွဲပြီးလိုက်သွားရင်းနဲ့ ဂီတလောကတိမ်မြုပ်ကြွေလွင့်သွားခဲ့ရတဲ့ အနုပညာကြယ်ပွင့်တွေ များလှပါပကောလား မောင်ရယ်၊ သူတို့လို အမွန်မဖြစ်ပါရစေနဲ့'

'အေးလေ အမွန်က အောင်မြင်ကျော်ကြားနေတဲ့ ပြည်သူချစ်သော အဆိုတော်ကြီးပေကိုး၊ မောင်တစ်ယောက်တည်းပိုင်တာမှ မဟုတ်ဘဲကိုး၊ ပြည်သူတစ်ရပ်လုံးက ပိုင်ဆိုင်တဲ့ ဂီတအနုပညာရှင်ကြီးပေကိုး'

'မထေ့ပါနဲ့ မောင်ရယ်၊ အမွန့်ကိုချစ်ရင် ဒီလိုမငေါ့ပါနဲ့လား၊ အမွန့်တေးသံကိုမီးဖိုထဲမှာ ချက်ပြုတ်ရင်းညည်းလိုက်၊ ရေချိုးခန်းထဲမှာ အဝတ်လျှော်ရင်း ညည်းလိုက်၊ အိပ်ခန်းထဲမှာ ပုခက်လွှဲရင်း ညည်းလိုက်ဆိုတဲ့ အဆင့်မျိုးမှာတင် တိမ်မြုပ်သွားမှာကို မောင်ကော ကြည့်ရက်သလား၊ ဟင့်... မွန် အသနားခံနေတာပါ မောင် ဒီတော့ နယ်မှာ တစ်နှစ် နှစ်နှစ်နေပြီး ရန်ကုန်ရုံးချုပ်ကိုပြောင်းရအောင် ကြိုးစားခဲ့ပါလား မောင်ရယ်၊ အမွန့်ကိုချစ်ရင် ကြိုးစားခဲ့ပါလား'

သင်းအောင်ကလည်း ပန်ကာအောက် မှန်ရောင်စားပွဲမှာထက် တောမြိုင်ထဲမှ သစ်လုံးတွေပေါ်မှာ အလုပ်လုပ်ရသည်ကို ပိုပြီးခုံမင်သည်။ သို့သော် မိမိမြတ်နိုးခဲ့မိသော ပန်းကလောင်းပန်းဂမုန်းအင် မဟုတ်လေဘဲ ဒေလီယာပန်းဆိုတော့လည်း တောမှာမပွင့်လန်းနိုင်သော အမျိုးဖြစ်ရကားခက်လှ၏။ သို့နှင့်ပင် သင်းအောင်တို့ပြဿနာသည် ကြာနွယ်ကိုချိုးဘိသို့ အမျှင်တွဲကာမပြတ်မသား ဖြစ်နေခဲ့ရ၏။ သို့သော် ယနေ့အထိသဝဏ်လွှာများဖြင့်ကား သစ္စာတိုင်ဆဲ၊ မေတ္တာခိုင်ဆဲပင်ရှိသေး၏။

ရုံဖန်ရံခါ၌မူ အမွန်က သူ၏သီချင်းသစ်များထဲ၌ မိမိတို့ဘဝကို လွမ်းဆွတ်ကြေကွဲဖွယ်ရာ ဖွဲ့နွဲ့ရင်း သင်းအောင်အား ဆင့်ခေါ်နေတတ်၏။ တစ်နေ့မှာတော့ နှစ်ဦးဆုံဆည်းစရာလမ်းစ ပေါ်လိမ့်နိုးနိုးနှင့် မျှော်လင့်နေကြဆဲ အခြေအနေတွင် ရှိနေကြသည်။

လဝန်းသည် မြကျွန်းမြိုင်အား ရက်စက်စွာစွန့်ခွာထားပစ်လျက် အနောက်ဘက် ပလူသာတောင်စွယ်၏ ပခုံးထက်တွင်မှေးစက်ရန် ပြင်ဆင်လျက်ရှိချေပြီ။ တိမ်ခိုမျှင်တစ်သွယ်က မြကျွန်းမြိုင်နှင့် ငွေလဝန်းတို့ ကွဲကွာသွားမည်ကို မရှုဆိတ်သည့်အလားရှည်လျားသောလက်များ ဆန့်တန်း၍ ပေါင်းကူးထိစပ်ပေးလျက်ရှိ၏။ နှင်းရီက ကျောက်ခဲလေးတစ်လုံးကို စမ်းရေထဲသို့ ပစ်ချလိုက်သည်။

'ကိုအောင်တို့ အဖြစ်ကလည်း မထွေးသာ မအန်သာတဲ့အဖြစ်မျိုးပါလား ကိုအောင်ရယ်၊ နှင်းရီကတော့ ကိုအောင့်ကိုရော သွယ့်သွယ့်မွန်ကိုပါ သနားမိပါတယ်'

'အဲဒီအခြေအနေမျိုးမှာ မေမေက ပြဿနာသစ်တစ်ရပ်ကို တင်လာပြန်တော့ ပိုပြီးရှုပ်ထွေးလာပြန်တာပေါ့ နှင်းရီ၊ ကိုအောင်ငြင်းလိုက်လို့ မေမေ့ဝေဒနာတိုးပြီး အဖြစ်ဆိုးကြုံခဲ့ရင်လည်း ကိုအောင်ပဲ ရင်ကျိုးရဦးမယ်၊ အင်း... မိဘမေတ္တာကလည်းတစ်ဖက်'

'သမုဒယသစ္စာကလည်း တစ်ဖက်လား ကိုအောင်... '

နှင်းရီသည် စမ်းရေထဲသို့ သွယ်နွဲ့သော လက်ချောင်းလေးများကို နှစ်လိုက်၏။

'စိတ်ညစ်မနေပါနဲ့ ကိုအောင်ရယ်၊ အဓိကပြဿနာက ကိုအောင်နဲ့ သွယ့်သွယ့်မွန်တို့ရဲ့ သဘောထားမညီညွတ်မှုပါ။ အဲဒီပြဿနာကိုစေ့စပ်ဖို့အဖြေသာရှာစမ်းပါ။ ကိုအောင်တို့ကိစ္စအဆင်ပြေရင် ကျန်တဲ့ပြဿနာကိုတော့ နှင်းရီကူညီဖြေရှင်းပေးနိုင်အောင်ကြိုးစားပါ့မယ်၊ တစ်လတိတိတောင်အချိန်ရသေးတာပဲ'

နှင်းရီက စမ်းရေထဲတွင် နှစ်ထားသော လက်ချောင်းလေးများကို နုတ်ယူလိုက်၏။

'မေမေပြောတဲ့ကိစ္စမှာ နှင်းရီရဲ့သဘောထားကကော ဘယ်လိုလဲ နှင်းရီ'

မျှော်လင့်မထားသော သင်းအောင်၏အမေးကြောင့် နှင်းရီတွေငိုင်သွား၏။ နှင်းရီ၏ မျက်နှာကလည်း ရုတ်ခြည်းညှိုးနွမ်းသွား၏။ နှင်းရီ၏မျက်လုံး၌ မျက်ရည်စလေးများ ဝန်းရစ်လာသည်။ နှင်းရီ၏နှုတ်ခမ်းလေးများက တဆတ်ဆတ်တုန်လာခဲ့၏။ နှင်းရီက ဆို့နစ်ကြေကွဲသောအသံဖြင့် ပြောသည်။

'နှင်းရီ ဘယ်လိုဖြေစေချင်သလဲ ကိုအောင်... ကိုအောင်ဖြေစေချင်သလို နှင်းရီဖြေပါ့မယ်'

(၅)

'ဂယ်ရီယဲ့ ကယ်ယယ် ... ရှုံးတိမ်တိမ်... ဂေါ်ဂေါ်'

'ဂယ်ရီယဲ့ ကယ်ယယ် ... ရှုံးတိမ်တိမ်... ဂေါ်ဂေါ်'

ကက်ဆက်ထဲမှ ဆူညံစွာထွက်ပေါ်လာသောအသံများကြောင့် နှင်းရီသည် ထိတ်လန့်သွားပြီး ခလုတ်ကို ချက်ချင်းနှိပ်၍ ရပ်ပစ်လိုက်၏။ သင်းအောင်က နှင်းရီ၏ထိတ်လန့်သွားဟန်ကို သဘောကျလျက်ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။

'ဘာသံတွေလဲ ကိုအောင်'

'ပြန်ဖွင့်လိုက်လေ ကိုအောင်ရှင်းပြမယ်'

'ဟင့်အင်း... တော်ပြီ မဖွင့်ချင်တော့ဘူး၊ ဘာကြီးမှန်းလဲမသိဘူး ဂယ်ရီယဲ့ ကယ်ကယ်... ဂယ်ရီယဲ့ကယ်ကယ်နဲ့'

'နံ့သာငှက်မလေးရဲ့ အသံလေ နှင်းရီရဲ့ အဓိပ္ပါယ်ကတော့ ... ဟောဒီစုံမြိုင်ကြီးထဲမှာ...

ခင်မတစ်ကိုယ်တည်းနေရတဲ့ဘဝကို ငြီးငွေ့လှပါပြီ...

ခင်မနှလုံးသားမှာလည်း အချစ်သွေးတွေ ပွက်ပွက်ဆူလို့နေပါပြီ ...

ပင်မြင့်ထက်က ငှက်ဖိုကိုကိုရယ်...

ခင်မဆီကို ပျံဝဲလာခဲ့ပါတော့

ချစ်လှည့်စမ်းပါတော့ကိုကိုရယ် ချစ်လှည့်စမ်းပါတော့...

လည်ချင်းယှက်ပြီး ချစ်ပွဲဝင်ကြဖို့အတွက်...

သစ်ရွက်နုလေးတွေ ကတောင်လှုံဆော်လို့နေပါပြီ... တဲ့'

နှင်းရီက ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှင်းပြနေသော သင်းအောင်ကို ပြုံး၍ကြည့်နေမိ၏။

'ကြုံကြုံဖန်ဖန်ရှိလိုက်တာ၊ ကိုအောင်က ငှက်စကားကို နားလည်တယ်ပေါ့လေ'

'အင်းပေါ့ ... နံ့သာငှက်မလေးရဲ့ စကားကိုနားလည်တာပေါ့'

'ငှက်မလေးရဲ့အသံက သနားစရာကောင်းလိုက်တာ... သူ့ခမျာတစာစာမြည်ကြွေးနေရရှာတယ်နော်၊ ကိုအောင်ရှင်းပြတာ ဟုတ် မဟုတ် နှင်းရီပြန်ဖွင့်ကြည့်လိုက်ဦးမယ်...'

'ခုနကတော့ ဘာကြီးမှန်းမသိဘူးဆို... ခုတော့သနားစရာတဲ့ ဖြစ်ရပြန်ပြီ၊ နေဦး...မဖွင့်နဲ့၊ ကိုအောင်နောက်တစ်ခွေဖွင့်ပြဦးမယ်...'

သင်းအောင်သည် ကက်ဆက်ထဲသို့ တိပ်ခွေအသစ်တစ်ခု လဲထည့်လိုက်၏။ ထို့နောက် ခလုတ်ကိုနှိပ်လိုက်သည်။

'တက်တက်တူ... ခါးခါး'

'တက်တက်တူ... ခါးခါး'

ငှက်တစ်ကောင်၏ တွန်သံက ဆူညံစွာပေါ်ထွက်လာခဲ့၏။

နှင်းရီအား ခေတ္တမျှနားထောင်စေပြီးမှ သင်းအောင်က ခလုတ်ကိုနှိပ်၍ ရပ်လိုက်သည်။

'ဒါကတော့ ကဗျာအကိုးအကားနဲ့ကို ရှင်းပြရမယ့်ငှက်သံပဲ'

'ဆိုပါဦး ငှက်သုတေသီကြီးရှင့်'

'ကုန်းဘောင်ခေတ် စာဆိုတစ်ဦးဖြစ်တဲ့ ရွှေတောင်နန္ဒသူက မွေ့နွှန်းရကန်ထဲမှာ ဒီလိုရေးထားခဲ့တယ်

စနေနံသုံးထပ်နဲ့

အစသတ်နောက်ဖျားမျာ

ခါးနှစ်ဆင့် တနင်္လာ...တဲ့၊ အဲဒါ ဟောဒီငှက်ရဲ့တွန်သံကိုဖွဲ့ထားတာပဲ၊ တက်တက်တူဆိုတာက စနေနံသုံးထပ်၊ စနေနံအက္ခရာသုံးလုံး၊ ခါခါဆိုတာက ခါနှစ်ဆင့် တနင်္လာ ... တနင်္လာအက္ခရာနှစ်လုံးပေါ့၊ စီခြောက်ဆယ်တစ်ခွေလုံး ခါတွန်သံချည်းပဲသွင်းထားတယ်'

'ခုနက နံ့သာငှက်မလေးတုန်းကလို သူ့စကားရဲ့အဓိပ္ပါယ်ကို ရှင်းပြဦးလေ'

'သြော် အဓိပ္ပါယ်ကတော့ ဟေ့ ဒီတောအုပ်မှာ ငါဘုရင်ကွ၊ ဘယ်ကောင်မှ ဗိုလ်မထားဘူး၊ သတ္တိရှိတဲ့ကောင်ထွက်ခဲ့၊ ချဲပစ်လိုက်မယ်... တဲ့'

'အလို... ကြောက်စရာကြီးပါလား'

နှင်းရီက ပခုံးကိုတွန့်လိုက်လျက် ရေရွတ်သည်။

'ဒီငှက်သံတွေကို ဘာလို့သွင်းထားတာလဲ သူတို့သဘာဝကိုလေ့လာတာလား...'

'မဟုတ်ဘူး ... တောပစ်ဖို့ ... '

'ဘယ်လို'

'ခုနက နံ့သာငှက်မလေးရဲ့ ချစ်ရေးမြှူသံကိုကြားရင် ငှက်ဖိုက အနားကိုကပ်လာတယ်၊ အဲဒါကိုစောင့်ပြီး ပစ်ရတယ်၊ ဒီလိုပဲ ခါဆိုတာကလည်း တစ်တောမှာတစ်ဖ ကိုယ့်နယ်နဲ့ကိုယ် ဘုရင်လုပ်နေတာ၊ တခြားခါငှက်ကို ကိုယ့်နယ်ထဲအဝင်မခံဘူး၊ တခြားခါငှက်တစ်ကောင်က ကျူးကျော်ပြီး တွန်နေသံကြားရင် ပြေးလာပြီး ခွပ်တယ်၊ အဲဒါကိုအသာစောင့်ပြီး ပစ်ရုံပဲ'

'သိပ္ပံပညာရဲ့အကူအညီကိုယူထားတဲ့ ရှာရှာဖွေဖွေငှက်ပစ်နည်းပေါ့လေ'

'ဟိုတုန်းကတော့ တကယ့်ငှက်တွေကိုဖမ်းပြီး ယဉ်အောင်မွေး၊ လှောင်ချိုင့်နဲ့ယူလာပြီး တည်ကြတာပါပဲ၊ ဒါပေမဲ့ အဲဒီနည်းက ကရိကထများတဲ့အတွက် ငှက်အစစ်ကိုမသုံးတော့ဘဲ အခုလို ကက်ဆက်နဲ့ထောင်တာကတော့ ကြိုက်သလောက် အသံမြည်နေအောင် လုပ်နိုင်တော့ ပိုပြီး တွင်ကျယ်တယ်'

'ကိုအောင် ဘာနဲ့ပစ်သလဲ'

'ကိုအောင့်လက်စွဲတော် ပွိုင့်တူးတူးနဲ့ပေါ့၊ နေပါဦး တစ်နေ့မှ နှင်းရီမြင်ဖူးသွားအောင် တောထဲမှာလက်တွေ့ပစ်ပြဦးမယ်'

သင်းအောင်သည် ပဲပေါင်း၊ကြက်ဥတို့ဖြင့် ကြော်ထားသော ထမင်းကြော်ကိုစား၍ အလုပ်သွားရန်ပြင်ဆင်၏။ တဲထဲမှထွက်မည်အပြု၌ နှင်းရီက တံခါးဝတွင် ပြေးရပ်လိုက်ပြီး လက်နှစ်ဖက်ကိုဆန့်တန်းလျက် ကာဆီးထား၏။

'ဟိုး ဆရာကြီး... ဟိုး ဟိုး ... ဒီလိုသွားလို့ဘယ်ရမလဲ'

သင်းအောင်က တံ့ခနဲရပ်လိုက်ပြီး နားမလည်နိုင်သောမျက်နှာဖြင့် နှင်းရီကိုငေးကြည့်နေ၏။ နှင်းရီက သူ့မေးစေ့ချွန်ချွန်လေးကို လက်ဝါးနုနုဖြင့်ပွတ်ပြလိုက်၏။ ပြီးမှ

'မုတ်ဆိတ်တွေ တအားရှည်နေပါပြီ ဆရာကြီး၊ မုတ်ဆိတ်များရိတ်ပယ်တော်မူပြီးမှ အလုပ်သို့ထွက်ခွာသင့်ကြောင်း သံတော်ဦးတင်ပါတယ်'

ဆက်လက်ဖော်ပြပေးပါဦးမည် >>

# တောတောင်ရေမြေ မြဲစေဖို့

အင်တိုင်းဖောရက် (Indine Forest)
ယင်းခဲဘက်လို ပျောက်ပျက်မှာစိုး
လက်ရှိကြီးမြေ ထပ်တိုးကျူးတွေ
တားနိုင်လေမှ ရေမြေသဘာဝ
အစဉ်မြဲလှလိမ့်။
ဒီရေတောမြေ ပုစွန်တွေမွေး
ကျူးနေလယ်ချဲ့ တိုးပွားခဲ့မှု
ရှိတဲ့တောမြေ
ပျောက်ပျက်ပေလိမ့်။
လက်ရှိသစ်ပင် မခုတ်ထွင်ဘဲ
မီးလျှင်မရှို့ ကွက်လပ်သို့စိုက်
တောတို့ဝေစည်
စိမ်းလိမ့်မည်။
သစ်တောသီးနံ ရောနှောပြန်စိုက်
တောဟန်မိုက်ညို့ ထိန်းလိုက်လို့လျှင်
စိုက်ဖို့ကုန်ငွေ သီးနံတွေမှ
ပြန်လေရလျက် ဝမ်းရေးခက်ပြေ
သစ်တက်လျှင်မြန်
အပင်သန်လိမ့်။
အသင်လူသား သတိထားကြ
တရားအသိ ဉာဏ်မြင်ရှိလော့
ကိုယ်၏ဝန်းကျင် မပျက်ချင်လျှင်
ကိုယ်တွင်စိတ်ထား ပြုပြင်သွားလို့
တရားဥပဒေ လိုက်နာလေမှ
တောတွေလှပ သဘာဝတောတွေ
မြဲကြရေရှည်တည်လိမ့်တကား။ ။



မုံရွာချစ်သန်းထွန်း(ခေတ္တစိမ်းစို)

# ကချင်ပြည်နယ်၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ရေပျော်ငှက်စာရင်း ကောက်ယူခြင်းအဖွဲ့မှ အင်းတော်ကြီးဒေသတွင် မှတ်တမ်းတင်ထားခြင်းမရှိသေးသော ရေပျော်ငှက်မျိုးစိတ်အသစ်တစ်မျိုး ထပ်မံတွေ့ရှိခြင်း

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန







အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ လုပ်ငန်းစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သော ရေပျော်ငှက်စာရင်းကောက်ယူခြင်းအား ဘေးမဲ့တောစတင်တည်ထောင်ချိန် ၉-၈-၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ်ဆောင်းရာသီ နိဝင်ဘာလမှ မတ်လအထိဆောင်ရွက်ခဲ့ရာ ဆောင်းခိုငှက်များ မည်သည့်အချိန်တွင် စတင်ဝင်ရောက်ကျက်စားလေ့ရှိခြင်း၊ မည်သည့်အချိန်တွင် နောက်ဆုံးပြန်လည်ထွက်ခွာခြင်း၊ မည်သည့်မျိုးစိတ်အသစ်များကျက်စားလာခြင်းနှင့် မည်သည့်မျိုးစိတ်များ လာရောက်ကျက်စားမှုမရှိတော့ခြင်းကို သိရှိမှတ်တမ်းတင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှစတင်၍ တစ်နှစ်ပတ်လုံး ရေပျော်ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ပါသည်။ လက်ရှိအချိန်တွင် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးကန်နှင့် ဆက်စပ်ရေဝပ်ဧရိယာများတွင် လာရောက်ကျက်စားသော ရေပျော်ငှက်မျိုးစိတ် (၁၁၀) မျိုးရှိကြောင်း မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းများမှ ၂၂-၈-၂၀၁၉ ရက်နေ့နှင့် ၂၄-၈-၂၀၁၉ ရက်နေ့တို့တွင် အင်းတော်ကြီးကန်အတွင်း ရေပျော်ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာအင်းတော်ကြီးဒေသတွင် မှတ်တမ်းတင်ထားနိုင်ခြင်းမရှိသေးသော ရေပျော်ငှက်မျိုးစိတ်အသစ်တစ်မျိုးကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

အဆိုပါရေပျော်ငှက်မျိုးစိတ်နှင့်ပတ်သက်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)မြန်မာအမည် –မြစ်တွေး

(ခ)အင်္ဂလိပ်အမည် –Lesser Crested Tern

(ဂ)သိပ္ပံအမည် – *Thalasseus bengalensis*

(ဃ)ပုံသဏ္ဌာန်ဖော်ပြချက် –ကိုယ်အလျား (၃၅) စင်တီမီတာမှ (၄၃) စင်တီမီတာခန့်ရှိပြီး သားပေါက်ရာသီတွင် အမောက်၊ နဖူး၊ သရဖူတို့မှာ အနက်ရောင်၊ အပေါ်ပိုင်းတွင်မီးခိုးရောင်နှင့် ပြာလဲ့လဲ့အရောင်ရောနှောနေသည်။ အောက်ပိုင်းတွင်အဖြူရောင်၊ နှုတ်သီးမှာ အဝါရောင်၊ ခြေထောက်များမှာ အနက်ရောင်နှင့်အတူ ဘဲခြေပုံခြေပြားမှာ အဝါရောင်တို့ဖြစ်သည်။ သားမပေါက်သည့်အချိန်တွင် နဖူးနှင့် သရဖူတို့မှာ အဖြူရောင်ဖြစ်ပြီး သေးငယ်သော ဦးခေါင်းအနောက်ဘက်ခြမ်းမှ အနက်ရောင်အမောက်မှာ အစင်းပါပြီး "U" ပုံသဏ္ဌာန်နှုတ်သီးမှာ အဝါရောင်ဖြစ်ကာ အနည်းငယ်တောက်ပြောင်လာပါသည်။ Greater Crested Tern နှင့်တူညီသော အချက်များမှာ အဖြူနဖူးနှင့်အတူ အလွန်ကြီးမားသောအမောက်တို့ဖြစ်ပါသည်။

(င)ကျက်စားရာဒေသ –ကမ်းရိုးတန်းများနှင့် မြစ်ဝကျွန်းပေါ်များတွင် ကျက်စားတတ်သည်။ မိုးရာသီတွင် အိန္ဒိယပင်လယ်၊ ပစိဖိတ်သမုဒ္ဒရာများတွင်ကျက်စားတတ်သည်။ အရှေ့တောင်အာရှဒေသများတွင်လည်း ကျက်စားသားပေါက်လေ့ရှိသည်။

# ကျွန်တော်လည်း လူထဲကလူ



**အုန်းလွင်လေး**




## ဟောပြောပွဲမှာ

ဟောပြောပွဲပြုလုပ်သည့် ...ရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျွန်တော့်ရဲ့ဝန်ထမ်းများက ဟောပြောပွဲတက်ရောက်လာသူများ သက်သောင့်သက်သာရှိရှိနေလို့ရအောင် ရွာဦးဘုန်းကြီးကျောင်းမှာ နေရာကျယ်ကျယ်ဝန်းဝန်းစီစဉ်ပြီး ဟောပြောချိန်မတိုင်မီ တစ်နာရီလောက်အလိုမှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဥယျာဉ်နှင့်ဘေးမဲ့တောများဆိုင်ရာ အသိပညာပေးဇာတ်လမ်းများအားပြသရင်း လူစုရုံးထားပါတယ်။ ဟောပြောချိန်ရောက်သည်နှင့် ဘေးမဲ့တောဝန်ထမ်း တောအုပ်မှ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအကြောင်းသိကောင်းစရာများ၊ တောအုပ်ကြီးမှ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဝန်ထမ်းများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများဆောင်ရွက်မှုအကြောင်းကို တစ်ဦးလျှင် နာရီဝက်ခန့်အား ပါဝါပွိုင့်ဆလိုက်များဖြင့် ရှင်းလင်းဟောပြောကြပါတယ်။နောက်ဆုံးတွင် ကျွန်တော်မှ မိတ်ဆက်စကားပြော၊ ဟောပြောပွဲဖြစ်မြောက်အောင် စီစဉ်ပေးသူများကို ကျေးဇူးတင်ပါကြောင်း ပဏာမပြောကြားပြီး ဇာတ်နိပါတ်တော်၊ သမိုင်းယဉ်ကျေးမှုများမှ ဆင်များအကြောင်းအစချီ၍ ဆင်တို့၏ သဘောသဘာဝစရိုက်၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင်ဖြစ်ပေါ်ခဲ့သည့် လူနှင့်ဆင်ပဋိပက္ခများ၊ တောဆင်ရိုင်းများ၏အန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးခြင်း၊ ခြိမ်းခြောက်မောင်းထုတ်ခြင်းနည်းလမ်းများ၊ တောဆင်ရိုင်းအန္တရာယ်ကင်းဝေးဖို့ ရှောင်ရန်ဆောင်ရန်နှင့် နောက်ဆုံးတွင် တောဆင်ရိုင်းများထိန်းသိမ်းခြင်းသည် ဇီဝမျိုးစုံမျိုးကွဲ၊ သဘာဝဝန်းကျင်ကိုထိန်းသိမ်းခြင်းမည်ပါကြောင်းနှင့် ထိုသို့ထိန်းသိမ်းပေးခြင်းဖြင့် အနာဂတ်မျိုးဆက်အတွက် အမွေကောင်းပေးခဲ့ခြင်းဖြစ်ပါကြောင်း အကျယ်တဝင့် ဟောပြောရှင်းပြ၍ တက်ရောက်သူများမှလည်း ပြန်လည်ဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်လိုက်ချိန်မှာတော့ --




ကျွန်တော်တို့က တောသူတောင်သားဆိုတော့ တောထဲတောင်ထဲအလုပ်ရှိရင် မသွားရမနေနိုင်ကြဘူးဗျ၊ အကယ်၍များ တောဆင်ရိုင်းနဲ့ပက်ပင်းတိုးရင် ဘယ်လိုလုပ်ရမလဲဆိုတာ ဆရာ့အနေနဲ့ဖြေပေးပါဦးလို့ ဒေသခံ ရပ်မိရပ်ဖတစ်ဦးမေးတာကို ကျွန်တော်က –

တောဆင်ရိုင်းတို့က ဆောင်းဦးကာလမှာ တောတွင်းမှလွင်ပြင်သို့ ထွက်လာတတ်ပြီး မိုးဦးကျကာလရောက်လာရင်တော့ တောနက်ထဲပြန်ဝင်ကြတယ်။ နောက် ညနေစောင်း၊ ညပိုင်းနဲ့ နံနက်စောစောအချိန်တွေမှာ တောဆင်ရိုင်းတွေသွားလာတတ်လို့ အဲဒီကာလအဲဒီအချိန်တွေမှာ သတိကြီးစွာသွားလာဖို့နဲ့ အထူးသဖြင့် ဘေးမဲ့တောဝန်းကျင် ဒီလိုဒေသမှာတော့ အချိန်တိုင်း အထူးသတိပြုနေဖို့လိုပါတယ်။ နောက်တစ်ဦးနဲ့တစ်ဦး တစ်ရွာနဲ့တစ်ရွာ သင့်တဲ့နည်းနဲ့ ဆင်သတင်းတွေဖလှယ်ဖို့လိုတယ်။ တောဆင်ရိုင်းတွေ သွားလာလှုပ်ရှားနေတယ်လို့ သတင်းရရင် မိမိအသက်အန္တရာယ်အတွက် လုံခြုံတဲ့နေရာမှာပဲ နေသင့်တယ်။ နှာမောင်းမြှောက် အနေအထားနဲ့ မိမိဖက်ကိုလှည့်နေတဲ့ ဆင်တစ်ကောင်တွေ့ရင် အဲ့ဒါဆင်က မိမိကိုအနံ့နဲ့ အာရုံခံနေတာလို့သိရမယ်၊ မိမိက ဆင်ကိုစပြီး တွေ့ရင်လည်း ဆင်ရဲ့လေညာအရပ်ကမနေဘဲ လေအောက်ဖက် ကြံ့ခိုင်မှုရှိတဲ့အပင်ပေါ်တက်အသံတိတ်ပုန်းနေသင့်ပြီး ဆင်လိုက်ရင်ကုန်းအမြင့်ပေါ် တောင်ပေါ်ကိုတက်ပြေးသင့်တယ်။ ပြေးရင်လည်း မြွေလိမ်မြွေကောက်နဲ့ ဆင်ကို လှည့်စားပြေးဖို့ လိုတယ်။ ဆင်အာရုံနောက်အောင် ကိုယ့်မှာပါတဲ့ ပုဆိုး၊အင်္ကျီ၊ခမောက်၊ ဦးထုပ်တွေကို ချွတ်ချပြေးသင့်တယ်၊ အကောင်းဆုံးက ဆင်တွေ့ရန်ရှောင် ဆိုသလို တောဆင်ရိုင်းနဲ့မတွေ့အောင်နေပြီး

ရန်ရှောင်နေသင့်တယ်၊ လောကနီတိအပိုဒ် ၉၀ မှာ ချီရှိတဲ့ သတ္တဝါကို အတောင် ငါးဆယ်၊ မြင်းကို အတောင်တစ်ရာ၊ အစွယ်ရှိတဲ့သတ္တဝါကို အတောင်တစ်ထောင်အကွာအဝေးမှ ရှောင်သင့်တယ်လို့ ဆိုထားသလိုတတ်နိုင်ရင် အဝေးဆုံးက ရှောင်သင့်တယ်လို့ ပြောချင်ပါတယ်လို့ဖြေပေးပါတယ်။ ဒေသခံအမျိုးသမီးကြီး တစ်ယောက်က–

'တောဆင်ရိုင်းတွေက ဆရာတို့ ထိန်းတဲ့ဘေးမဲ့တော ဧရိယာပြင်ပက ကျွန်မတို့စပါးခင်း၊ သီးနှံခင်းတွေ ဖျက်တယ်။ နေတဲ့အိမ်တွေဖျက်ရင် ဆရာတို့က အလျော် ပေးပါသလား'တဲ့ ကျွန်တော်က–

'တောဆင်ရိုင်းတွေကလူသတ်တယ်။ နေအိမ်နဲ့ သီးနှံခင်းတွေဖျက်ဆီးတဲ့အတွက် အလျော်တော့ မပေးပါဘူးဗျ။ ပေးခဲ့တဲ့မှတ်တမ်းလဲမရှိပါဘူးခင်ဗျာ။ အဲ့ဒီ ဖျက်ဆီးခံရမှုတွေအတွက် ဖြစ်စဉ်အစအဆုံးကို သက်ဆိုင်ရာဒေသဆိုင်ရာအုပ်ချုပ်တဲ့အကြီးအကဲတွေ ကျွန်တော်တို့ဌာန အထက်အဆင့်ဆင့်တွေကိုတင်ပြပေးပါတယ်ခင်ဗျာ' လို့ဘဲ ယဉ်ယဉ်ကျေးကျေးအပြုံးနဲ့ ပြန်ဖြေပေးလိုက်တယ်။

'ဆရာတို့အနေနဲ့ ဆင်ဆိုးဆင်ကောင်းကို ဘယ်လို ခွဲခြားလဲခင်ဗျ' တဲ့ ဒေသခံလူငယ်တစ်ဦးရဲ့ အမေးပါ။ ကျွန်တော်လည်း–

'ကျွန်တော်တို့ဝန်ကြီးဌာနအောက်မှာ သစ်ထုတ်ရေးဌာနရှိတယ်၊ အဲ့ဒီမှာဆင်တွေနဲ့ သစ်ထုတ်လုပ်တာရှိတယ်။ သစ်ထုတ်တဲ့ဆင်ယဉ်တွေမှာ ဆင်ဦးစီးတွေရဲ့ စကားအရ ခေါင်းတဆက်ဆက်လှုပ်တတ်တဲ့ ဆင်ဦးစီးအခေါ် ချိုးကူနေတယ်ဆိုတဲ့ဆင်၊ ရှေ့ခြေနှစ်ဖက်ကို မြှောက်လိုက်ချလိုက်လုပ်တတ်တဲ့ ဆင်ဦးစီးအခေါ် မောင်းထောင်းတတ်တဲ့ဆင်တွေဟာ ဆင်ဆိုးလို့သတ်မှတ်ပြီး သံခလောက်ဆွဲပေးထားတယ်။ ဆင်မုန်ယိုချိန်ဆို မည်သည့်ဆင်ဖြစ်စေ မြင်ရာကိုရန်ပြုချင်နေတတ်တယ်။ တောဆင်ရိုင်းကတော့ ဆင်ယဉ်နဲ့နှိုင်းယှဉ်ရင် ဆိုးပါတယ်ဆိုတာ အထူးပြောပြစရာမလိုတော့ဘူးလို့ယူဆပြီး မတွေ့အောင်ရှောင်နေတာအကောင်းဆုံးဖြစ်ပါမယ်'လို့ဖြေပေးလိုက်ရတယ်။

ဒီတစ်ခါမတ်တတ်ရပ်လာသူက ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်တိုင်ဖြစ်ပြီး...သူက

'ကျွန်တော်တစ်ခုမေးချင်ပါတယ်။ ဆင်ကိုသတ်ရင်ဘယ်လိုအရေးယူခံရပါသလဲဆိုတာလေး သိချင်ပါတယ်'တဲ့ ။ ကျွန်တော်ကလည်း–

'အော်... အုပ်ချုပ်ရေးမှူးကြီးမေးခွန်းက သိပ်ကောင်းတယ်ဗျာ။ အဲ့ဒီလိုမေးခွန်းမေးတာ အုပ်ချုပ်ရေးမှူးကြီးက ဆင်သတ်ပြီး အရပ်ဝေပေးတော့မလို့လားဗျာ' လို့အရွှမ်းဖောက်လိုက်ရာ တက်ရောက်လာသူများ ရယ်မောနေစဉ် –

'အဲဒီလိုမဟုတ်ပါဘူးဗျာ။ ဆင်လဲမသတ်ရဲပါဘူး။ အားလုံးသိစေချင်လို့မေးပေးတာပါ'လို့ဖြေတော့ ကျွန်တော်လည်းပြန်လည်ပြုံးပြရင်း–

'အုပ်ချုပ်ရေးမှူးကြီးမေးခွန်းက ကောင်းပါတယ်။ ကျွန်တော်လည်းဖြေပေးချင်တယ်။ အားလုံးလည်း သိစေချင်တယ်။ ဆင်ဆိုတာကလုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်က ၂၀၁၈–ခုနှစ် မေလ(၂၁)ရက်ပြဋ္ဌာန်းသည့် ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ် စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေထဲကပုဒ်မ ၄၁။(က) ကိုဖတ်ပြပါ့မယ်' လို့ဖြေပြီး အောက်ပါအတိုင်းဖတ်ပြလိုက်ပါတယ်။

'ပုဒ်မ ၄၁။ မည်သူမဆိုအောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးသုံးနှစ်မှ အများဆုံးတစ်ဆယ်နှစ်အထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင်ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကိုသတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် သယ်ဆောင်ခြင်း။

'အဲဒါကြောင့် အုပ်ချုပ်ရေးမှူးကြီးရေ–ထောင်ဒဏ်သုံးနှစ်မှ ဆယ်နှစ်နဲ့ ငွေဒဏ်လည်းပါတော့ ဆင်သတ်ရင်ထောင်ကျ၊ ငွေဒဏ်ဆောင်ပဲ'လို့ ဖြေပေးလိုက်ပါတယ်။

'ဆင်ဖြူတော်ဆိုတာတစ်ကိုယ်လုံးဖွေးဖွေးဖြူ နေတာလား၊ သက်ရှိဆင်ဖြူတော်ကိုမမြင်ဖူးလို့ သိရင်ပြောပြစေချင်ပါတယ်'လို ဒေသခံတစ်ဦးရဲ့ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော်က–

'ဆင်ဖြူတော်ဆိုတာ ရှေးဘုရင်အဆက်ဆက်မှ



ယနေ့ထိတန်ဖိုးထားပြီးရတနာအဖြစ် သတ်မှတ်ထားတာ ခံရပါတယ်။ ဆင်ဖြူတော်ကြန်အင်လက္ခဏာ ရှစ်ချက်ရှိပါတယ်။ အဲ့တာတွေကတော့ မျက်စိ–ပုလဲရောင်၊ ခွာ–အဖြူရောင်၊ ကျော–ငှက်ပျောကိုင်း၊ အမွေးအမျှင်–အဖြူရောင်၊ အစွယ်–စွယ်စုံအဖြူရောင်၊ နားရွက်–ကြီးတယ်၊ အသားအရေ–အဖြူ/အုန်းခွံရောင်/ပန်းရောင်၊ အမြီး–တံခါးပိတ်ဖြစ်တယ်၊ ရုပ်ရည်သန့်ပြန့်တည်ကြည်ပြီး တည်တည်ငြိမ်ငြိမ်ရှိတယ်'လို့ သိတာလေးပြန်လည်မျှဝေပါတယ်၊ ဆင်ဖြူကြန်အင်လက္ခဏာနဲ့ကိုက်ညီလို့ ဆင်ဖြူတော်ခေါ်တာပါ။ သက်ရှိဆင်ဖြူတော်ကို မြင်ဖူးချင်ရင်တော့ ရန်ကုန်မြို့ကျောက်တော်ကြီးဘုရားသို့ ဘုရားဖူးရင်းသွားရောက်ကြည့်ရှုနိုင်ပါတယ်ခင်ဗျာ' လို့ အဖြေပေးလိုက်ပါတယ်။

'ကျွန်တော်တို့ကို အခုလိုတောဆင်ရိုင်းနဲ့ ပတ်သက်တာဟောပြောပေးလို့ကျေးဇူးတင်ပါတယ်ဗျာ။ ဆရာတို့ရော တောဆင်ရိုင်းတွေနဲ့ထိတွေ့ရင် ဘယ်လို ကာကွယ်ကြလဲ၊ ဘယ်လိုနိုင်နိုင်နင်းနင်းထိန်းသိမ်းကြလဲ၊ ဆရာတို့တွေလည်းပဲ တောဆင်ရိုင်းကိုမကြောက်ကြဘူးလား' တဲ့ မေးတဲ့လူက ကျောင်းပိတ်ရက်မို့ ဟောပြောပွဲလာတက်တဲ့ ဒေသခံကျောင်းဆရာလူငယ်တစ်ဦး၊ ကျောင်းဆရာရဲ့



မေးခွန်းကြောင့် ကျွန်တော်လည်းကိုယ့်နဖူးကိုယ်ပုတ်ရင်းအဖြေပေးရပါတော့တယ်။

ကျောင်းဆရာရဲ့မေးခွန်းကို ကျွန်တော် ဥပမာလေးနဲ့ ရှည်ရှည်ဝေးဝေးဖြေပေးပါ့မယ်။

တစ်ခါက ဘိုးတော်ဘုရားဘုရင်ကြီးဟာ ရောဝတီမြစ်ဘေးရှိ ရွှေကြက်ကျဘုရားကိုဖူးမျှော်ပြီး အမတ်ကြီး ဦးပေါ်ဦးကို ကျီစယ်လိုတဲ့အတွက် ရောဝတီမြစ်ကို လက်ညှိုးထိုးပြရင်း 'ဟဲ့ပေါ်ဦး ဒီမြစ်ကိုဟိုဘက်ကမ်းရောက်အောင်ကူးနိုင်ပါမလား' မေးရာ အမတ်ကြီးမှ 'အမိန့်တော်မြတ်အတိုင်းပါဘုရား' ပြန်လျှောက်တင်တယ်၊ နောက်တော့ ဦးပေါ်ဦးက ကမ်းစပ်မှာ ဟိုဒီပြေးနေတာကို ဘိုးတော်ဘုရားမြင်တော့ 'ဟဲ့ ပေါ်ဦးမြစ်ကိုဖြတ်ကူးမယ်ဆိုပြီး မကူးသေးဘဲ ကမ်းစပ်မှာ ဟိုပြေး ဒီပြေးနဲ့ ဘာလုပ်နေတာတုန်း'မေးတော့ ဦးပေါ်ဦးက 'မြစ်ကူးဖို့လှေရှာနေတာပါဘုရား' ပြန်လျှောက်ရာ ဘိုးတော်ဘုရားက 'ဟဲ့ နင့်ကိုဒီအတိုင်းကူးခိုင်းတာလေ၊ လှေနဲ့ဆိုမှတော့ လူတိုင်းကူးနိုင်တာပေါ့'လို့ မိန့်ပါရော၊ အဲ့ဒီမှာ အမတ်ကြီးဦးပေါ်ဦးက ဘိုးတော်ဘုရားကို 'မှန်လှပါ ကျွန်တော်မျိုး ငပေါ်ဦးလည်း လူထဲကလူမို့ ရောဝတီမြစ်ကို လှေနဲ့မှကူးနိုင်ကြောင်းပါဘုရား' ပြန်လည်လျှောက်တင်တော့ ဘိုးတော်ဘုရားနဲ့ အနီးရှိမှူးမတ်အပေါင်း တသောသော ရယ်မောရတယ်တဲ့။

ဦးပေါ်ဦးစကားလို ကျွန်တော်တို့ ဝန်ထမ်းတွေလည်း လူထဲကလူတွေပါပဲ ကျောင်းဆရာရေ၊ နောက်ကျွန်တော်တို့မှာ ဆင်တွေကိုနိုင်တဲ့ ကောသမ္ဗီပြည့်ရှင် ဥတေနဘုရင်လို ဟတ္ထိကန္တမန္တာန်လည်းမတတ်၊ ဆင်တွေက ကြောက်ပါတယ်ဆိုတဲ့ ရေဆင်ဆိုလည်း အရုပ်တောင်မရှိလေတော့ ကျွန်တော်တို့ကိုယ်တိုင် မြွေအလမ္ပာယ်ဆရာမြွေကိုက်ခံရတဲ့အဖြစ်မျိုးမဖြစ်ရလေအောင် အထူးသတိထားရပါတယ်၊ ဒါပေမဲ့ ဆင်နဲ့ပတ်သက်လို့ ဆင်အကြောင်းများများသိရှိနားလည်လေ ကိုယ့်အတွက် အန္တရာယ်ကင်းလေမို့ ကျွန်တော်တို့လည်း အခုထိသင်ယူလေ့လာရင်းနဲ့ ကျွန်တော်တို့သိသမျှကိုလည်း ဒေသခံတွေ အန္တရာယ်ကင်းစေချင်တဲ့ စေတနာဖြင့် အသိပညာပေး ဖြန့်ဝေနေရတာပါလို့ ဖြေကြားလိုက်မိတယ်။

ဟောပြောပွဲတက်ရောက်သူများထံမှ အသံတိတ်နေသဖြင့် ကျွန်တော်မှ–

တက်ရောက်သူများအနေနဲ့ ဆွေးနွေးပေးဖို့ ထပ်မံဖိတ်ခေါ်ပါတယ်လို့ ပြောသော်လည်း မည်သည့်မေးခွန်းမျှ ထပ်မံမေးမြန်းလာခြင်း မရှိပါသဖြင့် –

ကဲ...တက်ရောက်လာသူ၊ ဆွေးနွေးပေးသူများ အားလုံးကို ကျေးဇူးတင်ပါတယ်၊ ကိုယ့်ဒေသမှာ တောဆင်ရိုင်းနဲ့ပတ်သက်တဲ့ ထူးခြားဖြစ်စဉ်များကို ကျွန်တော်တို့ထံ အချိန်နဲ့တစ်ပြေးညီ သတင်းပို့ပေးကြပါလို့ ထပ်မံမေတ္တာရပ်ခံရင်း ဟောပြောပွဲကို နိဂုံးချုပ်ပါရစေ၊

ဟောပြောပွဲတစ်ခုတော့ အောင်မြင်စွာပြီးမြောက်ခဲ့လေပြီ။

သစ်တောမူဝါဒတွင် သစ်တောများပြုစုထိန်းသိမ်းခြင်းနှင့် သစ်တောသယံဇာတများအသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းဆောင်ရွက်သွားရမည်ဟုပါရှိရာ နိုးကြားတတ်ကြွသည့်အသိဖြင့် စနစ်တကျ စွမ်းဆောင်ရည်အပြည့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် သစ်တောဝန်ထမ်းများအနေဖြင့် သစ်တောသယံဇာတများကို ကိုယ်တိုင်ပြုစုထိန်းသိမ်းရသကဲ့သို့ ပြည်သူလူထုအတွင်းအသိပညာပေးဖြန့်ဝေ ဟောပြောဆောင်ရွက်နေရမည်သာ...။

မြန်မာ့ဆင်များ နေရင်းဒေသတွင် လွတ်လပ်လုံခြုံစွာ ကျက်စားနိုင်ပါစေ ဆန္ဒဖြင့်...

# ခါကာဘိုရာဇီဥယျာဉ်ဝယ် အပင်မျိုးစိတ်တွေ စုကြမယ် (၈)

ဒေါ်မြင့်မြင့်စန်း
လက်ထောက်သုတေသနအရာရှိ(ငြိမ်း)

စာရေးသူတို့သည် နံနက်(၉)နာရီတွင် နံနက်စာ စားပြီးနောက် မနေ့ညကအခြောက်ခံထားသော ပန်းနမူနာပုံစံများကို စစ်ဆေးကြပါတယ်။ စခန်းအနီးရှိတောအုပ်အတွင်းသို့ ရဝမ်အဖွဲ့နှင့်အတူ အပင်များသွားရောက်စုဆောင်းကြရာ လမ်းမှာအကွေ့အကောက်များသည့်အပြင် ရေညှိများနှင့်ချော်နေ၍ မနည်းတုတ်ထောက်၍လျှောက်ရပါသည်။ နေမထွက်သေးသည့်အပြင် သစ်ပင်ကြီးများ အောက်ဖြစ်သဖြင့် အေးစိမ့်နေပါတယ်။ တောင်အကွေ့တစ်ခုမှာ သစ်ပင်ခုတ်သံကြားလို့ မော့ကြည့်ရာ စာရေးသူတို့အဖွဲ့မှ ထင်းခြောက်များ ရှာနေခြင်းဖြစ်ကြောင်း ပြောပြပါတယ်။ စာရေးသူတို့နားနေရာ စခန်းတိုင်းတွင် အများဆုံး အခန်း(၂)ခန်းပါရှိပြီး အခန်းအလယ်မှာ မီးဖိုများထားရှိရာ၊ မီးဖိုရန်အတွက်လည်း လာရောက်တည်းခိုကြသူများက နောက်လူအဆင်သင့်အသုံးပြုရန် ထင်းများရှာဖွေထားခဲ့ကြပါသည်။ ယနေ့လည်း စာရေးသူတို့အဖွဲ့က နောက်ထပ်ရောက်လာမည့်သူများအတွက် ပြန်လည်စုဆောင်းပေးကြခြင်းဖြစ်ကြောင်း ရှင်းပြကြပါတယ်။ အချိန်တိုအတွင်း သဘာဝအတိုင်းလဲကျနေသော သစ်ပင်ကြီးနှင့် သစ်ကိုင်းခြောက်များကို အဖွဲ့လိုက်ထမ်းလာကြသည်ကိုလည်းတွေ့ရပါတယ်။

သဘာဝအလှတွေခံစားရင်းနဲ့ တောင်ကိုကွေ့ကာပတ်ကာဖြင့် တောလမ်းနံဘေးအတိုင်း အပင်တွေခူးကြတာ ရေညှိရေမှော်မျိုးစိတ် Moss (၅)မျိုးနဲ့ Ferns မျိုးစိတ်(၅)မျိုးအပြင် အခြားအပင်မျိုးစိတ်(၅)မျိုး၊ စုစုပေါင်း မျိုးစိတ်(၁၅)မျိုးရရှိပြီး နေ့လယ်(၁)နာရီမှာ စာရေးသူတို့ စခန်းကိုပြန်လှည့်လာခဲ့ကြပါတယ်။ စခန်းမှာတော့ နေ့လယ်စာအတွက် ထမင်းချက်မေရမ်တို့က အဆင်သင့်စောင့်နေကြလို့ မောမောနဲ့တစ်ခါတည်း ဝင်စားကြပါတယ်။ ဟင်းကတော့ ငါးသေတ္တာဟင်း၊ အချဉ်ရွက်ကြော်၊ ပဲနီလေးဟင်းချိုနှင့် သရက်သီးသနပ်ဖြစ်ပါတယ်။ မနက်ဖြန်နောက်တစ်နေရာကိုရွှေ့မှာဖြစ်လို့ စာရေးသူတို့အဖွဲ့က နေ့လယ်စာ စားပြီးတာနဲ့ ခူးလာတဲ့အပွင့်၊ အသီးတွေကို ပန်းနမူနာပုံစံစတင်လုပ်ရပါတော့တယ်။ ပြီးတာနဲ့ မစ္စကီတ်နဲ့အတူညက မီးကင်ထားတဲ့ ပန်းနမူနာပုံစံတွေ ခြောက်၊ မခြောက်ပြန်စစ်၊ ခြောက်တဲ့ပန်းနမူနာပုံစံတွေကို ခွဲယူထုပ်ပိုးပြီး အရွက်တွေကို DNA စစ်ဖို့ အိတ်တွေထဲထည့်ကြပါတယ်။ စာရေးသူလည်း နေ့လယ်(၂)နာရီခန့်မှာ အလုပ်တွေအားလုံးပြီးသွားလို့ အမျိုးသားနဲ့အမျိုးသမီး သီးခြားစီ တဲထိုးထားတဲ့ အထမ်းသမားလေးတွေ နားနေတဲ့ တောင်ကမ်းပါးယံအပေါ်ကို တောင်စောင်းအတိုင်းတက်သွားခဲ့ပါတယ်။ သူတို့အားလုံးက ချစ်စဖွယ်အပြုံးနဲ့ စာရေးသူကို ကြိုဆိုကြပါတယ်။ စာရေးသူက အမျိုးသမီးလေးတွေဆီကိုဦးစွာသွားပြီး ဘာဟင်းနဲ့စားကြလဲလို့မေးတော့ ခေါက်ဆွဲပြုတ်နဲ့ထမင်းရောသောက်တယ်တဲ့၊ ဒါနဲ့ဟင်းမရှိလို့လားလို့မေးတော့မရှိဘူးတဲ့လေ။ သူတို့က စာရေးသူတို့ရဲ့ ရိက္ခာအဖွဲ့ကပေးတဲ့ ဝေစုကိုပဲစားကြတာတဲ့၊ဟုတ်တာပေါ့။ သူတို့ခမြာ စာရေးသူတို့ရဲ့ အထုပ်အပိုး၊ ဝန်စည်စလွယ်တွေကိုလည်း ထမ်းရသေး၊ မိမိရဲ့အဝတ်အစားနဲ့ အိုးခွက်လေးတွေလည်း သယ်ရသေးဆိုတော့ သူတို့ရဲ့ ကိုယ်ပိုင်စားသောက်မဲ့ရိက္ခာကိုတော့ ဘယ်သယ်နိုင်ပါတော့မလဲ။ ဝင်ငွေမရှိလို့သာ စာရေးသူတို့နဲ့လိုက်ပြီး ပစ္စည်းသယ်ကြတာလေ။ အမျိုးသားအထမ်းသမားလေးတွေကတော့ အတော်အကြမ်းခံနိုင်ကြပါတယ်။ အိပ်တဲ့သူကအိပ်ပြီး အချို့ကတော့ ကြိမ်ကိုဖျာပြီး အပြိုင်အဆိုင်ပလိုင်းနဲ့ခြင်းများရက်နေကြတာ တွေ့ရပါတယ်။ နောက်ပြီးသူတို့လေးတွေနဲ့လည်း ဆေးဖက်ဝင် အပင်တွေအကြောင်းကိုမေးရင်း အပင်ကိုပြခိုင်းရပါတယ်။ အပင်တွေအကြောင်းလည်း မေးပြီးရော စာရေးသူကို အခါးရည်(လက်ဖက်ရည်ကြမ်း)တိုက်ပါတယ်။ လက်တစ်ဝါးသာသာ သစ်ဆွေးတုံးကြီးလို အခဲကို ဓါးနဲ့ခြစ်ပြီး အမှုန့်တွေကိုခွက်ထဲထည့်၊ ရေနွေးလောင်းထည့်ပေးပါတယ်။ အနံ့ကလည်းဆိုးချက်မို့ဘာလဲလို့မေးတော့ လက်ဖက်ခြောက်နဲ့ အခြားအရွက်တွေကိုရောပြီး စက်နဲ့ကြိတ်ထားတာတဲ့ ခရီးသွားရင်သယ်ရလွယ်အောင်တဲ့။ တစ်တုံးကို ၁၀၀၀ကျပ်တဲ့၊ စာရေးသူကတော့ မကြိုက်လို့ တစ်ငုံဘဲသောက်ကြည့်ပါတယ်။

ခဏနေတော့ ကောင်းကင်မှာ မိုးရိပ်ဆင်လာတာနဲ့စာရေးသူလည်း တောင်အောက်ကို ပြန်ဆင်းလာခဲ့ပါတယ်။ ဆရာကိုစောလွင်ကတော့ သူ့ရဲ့ဖိနပ်နှစ်ရံစလုံး ထိပ်ဖက်မှကွဲပြီး ဟနေလို့ ချုပ်ရန်အပ်ရှိသော်လည်း မရသဖြင့် ဖိနပ်အပေါ်နှင့်အောက်ဘက်ကို ကြွပ်ကြွပ်ကြိုးဖြင့်ပတ်၍ချည်နေပါတယ်။ ဒါကိုတွေ့တော့ စာရေးသူ ကျိုင်းတုံအ.ထ.က(၃)မှာ အလုပ်လုပ်ခဲ့စဉ်တုန်းက ကျိုင်းတုံဈေးမှာ

ရောင်းတဲ့ငါးကင်တွေကို မြင်ရောင်မိပါတယ်။ ချောင်းတွေထဲကရတဲ့ ငါးတွေကိုရင်ခွဲ အစာပလာထည့်ပြီးရင် နှီးနဲ့ တစ်ကောင်လုံးကို ပတ်ချည်ထားတာပါ။ သူတို့ခေါ်တာက လည်းကြည့်ဦး။ ငါးဒုက္ခတဲ့။ အဲဒီအချိန်တုန်းကတော့ မြင်ရသမျှဟာအဆန်းချည်းမို့ စာရေးသူက ကျောင်းပိတ်ရက်တွေမှာ ဈေးကိုသွားပါတယ်။ မှတ်ပါတယ်။ အဲဒါကြောင့် ကိုစောလွင်ကို စာရေးသူက ဖိနပ်ဒုက္ခပေါ့လို့ ပြောလို့ ထမင်းချက်မေရမ်တို့က ပွဲကျသွားကြပါတယ်။ သူတို့အတွက်တော့ ဗဟုသုတရတာပေါ့။

အပြင်ဘက်မှာတော့ မစ္စတာဒေမီက အပင်တွေခြောက်မခြောက် ပြန်စစ်နေတုန်းပါ။ မိုးက သဲကြီးမဲကြီးရွာလာပြီး ချက်ချင်းအအေးဓာတ် ဝင်လာပါတော့တယ်။ ထမင်းချက်မေရမ်တို့က အလိုက်တသိ ဖျော်ပေးတဲ့ ကော်ဖီလေးသောက် အိပ်ရာထဲစောင်ခြုံကွေးပြီး ခဏမှေးလိုက်တာ ညနေ(၄း၃၀)နာရီမှနိုးပါတယ်။ မစ္စကီတ်ကတော့ မအိပ်ပဲ နောက်တစ်နေ့လမ်းမှာ အပင်ကောက်ဖို့ သတင်းစာရွက်တွေကို နံပါတ်ရေးနေလို့ စာရေးသူကဆက်ပြီး ရေးပေးပါတယ်။ တောက တစ်နေရာနဲ့ တစ်နေရာ မတူတာမို့ အပင်တွေများတဲ့နေရာ ရောက်ရင်တော့ အများကြီးသုံးရလို့ တစ်ခါတစ်လေလောက်တောင် မလောက်ပါဘူး။ ယာယီထည့်ရတဲ့ အိတ်တွေနဲ့ထည့်ပြီး စခန်းရောက်မှ ပြန်ထည့်ရလို့ အိပ်ချိန်လည်း နောက်ကျကုန်ပါတယ်။ စခန်းကတော့ အလယ်မှာရှိတာကြောင့်ရယ်၊ မိုးကြောင့်ရယ် မှောင်ကျလာတာမို့ မီးထွန်းပြီး ညစာစားကြပါတယ်။ ညကလည်း တစ်ဖြည်းဖြည်းနဲ့နက်လာတာနဲ့အမျှ မနက်ဖြန်ခရီးဆက်ထွက်ရဦးမှာမို့ ပစ္စည်းတွေနဲ့ ပန်းနမူနာပုံစံတွေသိမ်းပြီး အိပ်ရာဝင်ခဲ့ပါတော့တယ်။

စာရေးသူတို့အဖွဲ့က မနေ့က ၂၁ ရက်နဲ့ ဒီနေ့ ၂၂ ရက်နေ့အတွက် အမြင့်(၂၀၈၅)မီတာမှာအပွင့် ပန်းရောင်နဲ့ *Saurauia polneura*၊ အမြင့်(၂၁၀၀)မီတာမှာ စပိုးအဝါရောင်နဲ့ *Lycopodium clavatum* ၊ အဖြူရောင်အပွင့်ပွင့်တဲ့ *Microtropis* spp ၊ အမြင့် (၂၁၂၂)မီတာမှာ *Eurya perserrata*၊ အမြင့်(၂၁၆၇)မီတာမှာ အစိမ်းရောင်သန်းပြီး အဖြူရောင်အပွင့်ပွင့်တဲ့ *Embelia arunachalensis*၊ သစ်ကပ်ချုံပင်မျိုးဖြစ်ပြီး ပွင့်ဖတ်ကအနီရောင် *Aeschynanthus* spp၊အပွင့်အဝါဖျော့ရောင်နဲ့အဖြူရောင်သန်းပြီးအစိမ်းရောင်အဖူး *Lauraceae* မျိုးစိတ် ၂ မျိုး၊ စမ်းချောင်းရဲ့အလယ်ကျောက်တုံးပေါ်ကရတဲ့ အသီးနက်ပြာရောင်နဲ့ *Nertera cf. sinensis*၊ အမြင့်(၂၁၇၇)မီတာမှာ ခရမ်းရောင်ပွင့်နဲ့ *Lactuca* spp၊ အမြင့်(၂၁၈၇)မီတာမှာ အသီးအနီရောင်ရှိ *Ilex* spp၊ အမြင့်(၂၃၈၇)မီတာမှာ စပိုး အနက်ရောင်နဲ့ *Arachniodes* spp ၊ Ferns မျိုးစိတ်ဖြစ်တဲ့ *Blechnum* spp (၂)မျိုး၊ *Sambucus javanica* အပါအဝင်မျိုးစိတ်(၆၀)ရရှိပြီး၊ စုစုပေါင်း (၃၂၄)မျိုး စုဆောင်းပြီးဖြစ်ပါတယ်။

၂၃.၁၀.၂၀၁၅ ရက်နေ့မှာတော့ မနက်စာစားရင်း ကိုဇော်နိုင်ထွန်းက ''ဒီကနေ့ နာမည်ကျော် ခက်တောင်ကို တက်ရမှာဖြစ်ပြီး ၈ မိုင်ရှိကြောင်း၊ ၄ မိုင်အတက် ၄ မိုင်အဆင်း၊ ၁ မိုင်ခန့်မှာ မော့၍တက်ရမည်ဖြစ်ကြောင်း'' ပြောပြရာ စာရေးသူက ''၁ မိုင်ကတော့ အပျော့ပေါ့လို့'' ပြန်ဖြေလိုက်ပါတယ်။ ဒါပေမဲ့ အဆင်းကလည်းမတ်စောက်သတဲ့။ စာရေးသူတို့ခြေထောက်တွေက နေ့တိုင်းလမ်းလျှောက်လာလို့ ပုံမှန်ဖြစ်သွားပြီလေ။ ဒါပေမဲ့ အထမ်းသမားကလေးတွေရဲ့ ခြေထောက်ကိုတော့ လိုက်မမီသေးပါဘူး။ မစ္စကီတ်ကတော့ ခြေတံရှည်လို့ ခြေလှမ်းကျဲကြီးတွေနဲ့ မြန်တယ်လေ။

နံနက်(၇း၃၀)နာရီမှာ စာရေးသူတို့ ၆ ယောက်အဖွဲ့က အပွင့်၊အသီးများခူးလိုက်၊ပန်းနမူနာပုံစံများ လုပ်လိုက်နှင့်ပို၍ကြာသဖြင့် ရှေ့ကစော၍ ထွက်လာကြပါတယ်။ မနေ့ကမိုးရွာထား၍ ကိုရွှေကျွတ်တို့က လမ်းအလယ်မှနေပြီးခေါင်းတထောင်ထောင်နှင့်စောင့်နေကြရာ စာရေးသူက နောက်ဆုံးမှလိုက်ခဲ့ပါတယ်။ ခြေထောက်များတွင် ကျွတ်ကာများပါ၍လည်း ကျွတ်များတက်လာသည်နှင့်သိ၍ တော်ပါသေး၏။ တောင်ပေါ်တစ်လျှောက် ပေ(၁၅၀)ခန့် မြင့်သော


Sambucus javanica


Moss ရေညှိမျိုးစိတ်


ဒန်းပန်းမျိုးစိတ်


Lycopodium clavatum

သစ်ပင်ကြီးများစွာ ပေါက်ရောက်နေသည့်အပြင် တောမှာ စိုစွတ်နေပြီး ဝါးပင်များ၌ပင် ရေညှိများစွာ ပေါက်ရောက်နေသည်ကိုလည်းတွေ့ရပါတယ်။ *Viola* spp:, *Hoya* spp:, *Begonia* spp:, သစ်ခွမျိုးစိတ်များဖြစ်သော *Otochilus* spp:, *Cymbidium* spp:, *Coelogyne* မျိုးစိတ်များ၊ အမြင့်(၁၇၇၆)မီတာ၌ အသီးအစိမ်းရောင်ရှိ *Smilax* spp:၊ အမြင့်(၁၇၉၁)မီတာတွင် ရဝမ်အခေါ် နာလောင်ပင် *Brassaiopsis* spp:၊ အမြင့် (၁၈၁၇)မီတာတွင် အသီးအနီရောင်ရှိ *Ilex* spp:, အပွင့်မှာ ပန်းရောင်ဖြစ်ပြီး ပွင့်ချပ်၏ထိပ်ဖက်တွင် စိမ်းပြာရောင်ရှိသော *Agapetes* spp: ၊ အမြင့်(၁၈၂၀)မီတာတွင် ၂၅ မီတာရှိသည့်အပင်ကြီးပေါ်မှ သစ်ကပ်ပင် *Pittosporum* spp:, ခရင်မ်ရောင်အပွင့် *Trevesia* spp: နှင့် သစ်ခွမျိုးစိတ်(၃)မျိုးကိုစုဆောင်းနိုင်ခဲ့ပါတယ်။ တောင်ပေါ်ကို စကားတစ်ပြောပြောနှင့်တက်လာရာ အချို့နေရာများတွင် ၄၅ ဒီဂရီ၊ ၆၅ ဒီဂရီ၊ ၇၅ ဒီဂရီမတ်သောကြောင့် ချွေးများနှင့် စိုရွှဲနေရာ နေ့လယ်(၁၁း၃၀)နာရီတွင် အမြင့်ပေ(၆၉၈၁)သို့ ရောက်ပြီး နေပူစာလှုံရင်းခဏနားကြပါတယ်။

တောင်မှာမြင့်လာသည်နှင့်အမျှ လေတိုက်နှုန်းပိုမြင့်လာရာ တောင်ထိပ်သို့ နေ့လယ်(၁၂း၃၀)နာရီတွင် ရောက်ရှိခဲ့ပြီး၊ ခက်တောင်ရဲ့ ကျောက်သားထုအပေါ်မှာ ခြေချနိုင်ခဲ့ကြပါတယ်။ တောင်ထိပ်မှာ ဘာအပင်မှမပေါက်ဘဲ မြေတလင်းဖြစ်နေပါတယ်။ လေအေးတွေတိုက်ပြီး ချမ်းလွန်းလို့ မလှမ်းမကမ်းမှာပေါက်နေတဲ့ ဝါးတောကဝါးလုံးခြောက်တွေဆွဲယူပြီး မီးဖိုကြပါတယ်။ မီးလှုံရင်းနဲ့ နေ့လယ်စာ ထမင်းဘူးကိုဖွင့်စားကြပါတယ်။ စာရေးသူတို့မှာမောလွန်းလို့ အနည်းငယ်သာစားနိုင်ကြပါတယ်။ ပြီးမှ တောင်ထိပ်မှာ အမှတ်တရဓာတ်ပုံရိုက်ကြပါတယ်။ ဒီတစ်သက်မေ့နိုင်ဖွယ်မရှိတဲ့ခရီးစဉ်ပါ။ စာရေးသူတို့အဖွဲ့မှာ ၁၀ မိနစ်ခန့်သာနား၍ ခရီးဆက်ကြရာ ယခုအချိန်မှစ၍ အဆင်း ၄ မိုင်ကို စတင်ဆင်းကြမှာဖြစ်ပါတယ်။ စာရေးသူရဲ့သိုးမွှေးဦးထုပ်က အထမ်းကလေးတွေရဲ့ ပလိုင်းထဲမှာပါသွားလို့ ကျောပိုးအိတ်ထဲက မျက်နှာသုတ်ပဝါအသေးကိုထုတ်ယူပြီး နားနှစ်ဘက်လုံအောင် ခေါင်းပေါ်မှာခြုံ အပေါ်ကဦးထုပ်ထပ်ဆောင်းမှ နေသာထိုင်သာရှိသွားပါတယ်။ အဆင်းလမ်းကိုငုံ့ကြည့်တော့ လမ်းဘေးဝဲယာ နှစ်ဘက်စလုံးမှာ တပင်တိုင်ဝါးတောများသာ မင်းမူနေကြပါတယ်။ ဒါကြောင့် နောက်ကလိုက်လာတဲ့ ကိုစောလွင်ကို ဆရာရေ သတိထားပြီးလျှောက်ပေတော့လို့ အော်ဟစ်သတိပေးရင်း တောင်အောက်ကိုဆင်းချလာခဲ့ပါတယ်။ စာရေးသူတို့အဖွဲ့နောက်က လိုက်လာတဲ့အထမ်းသမားလေးတွေက တောင်အောက်ကို သူတို့ရဲ့ကျောနောက်က ပလိုင်းအလေးချိန်ကို ထိန်းပြီး အပြေးအလွှားဆင်းသွားကြပါတယ်။ ကျန်းမာကြံ့ခိုင်ပြီး သန်မာဖြတ်လတ်ကြတဲ့အရွယ်မို့ စားလည်းစားနိုင်ကြပါတယ်။ မြေပြန့်က သူတို့အရွယ်ကလေးတွေကတော့ အခုလိုတစ်တောင်ဆင်း တစ်တောင်တက်များအလေးထမ်းပြီးသွားခိုင်းရင် ဘယ်လိုများနေကြမလဲလို့ စာရေးသူတွေးနေမိပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ဘဝတွေကမတူကြတော့လည်း ကံစီမံရာလို့ပဲ မှတ်ရမှာပေါ့လေ။

စာရေးသူတို့မှာ ၂ မိုင်ခန့်ရှည်သော ဝါးတောလမ်းလေးအတိုင်းဆင်းလာရာ သွားရင်းမတ်တပ် ရှေ့လူသွားလမ်းလေးပေါ်မှာ ရေညှိစိမ်းစိမ်းတွေက ဆီးကြိုနေတာတွေ့လိုက်ရပါတယ်။ ခရီးသည် အမြဲမရှိသောလမ်းဖြစ်၍ အချို့နေရာတွေမှာ လက်မဝက်ခန့်ထူနေလို့ သတိမြဲမြဲထားကာ တုတ်ကောက်နှင့် ဖြည်းဖြည်းချင်းလျှောက်ရပါတော့တယ်။ ရေညှိများရှိသော ကျောက်တုံးအပေါ်သို့ ခြေထောက်ကိုအပြားလိုက်ချ၍ လျှောက်လျှင် တစ်ခါတည်းချော်လဲပါတော့သည်။ အချို့ကျောက်တုံးများမှာ ဒေါင်လိုက်ထောင်မတ်နေ၍ စာရေးသူလည်း ဉာဏ်ကူပြီး ခြေဖျားနှင့်သာထောက်၍ အောက်ဘက်ရှိ ကျောက်တုံးများကိုကျော်လွှားခဲ့ပါတော့သည်။ (ဤနေရာတွင် ချော်လဲ၍ အရိုးကျိုးပါက ပြန်လမ်းရှိသော်လည်း ရက်ကြာသဖြင့် ခြေထောက်ဖြတ်ရမှာမလွဲပေ။ သို့ရာတွင် ရဝမ်လူမျိုးတို့က ယခုလမ်းကို နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး တရုတ်နိုင်ငံနယ်စပ်သို့ အရောင်းအဝယ်လုပ်ရန် သွားသောလမ်းဖြစ်၍ သူတို့အတွက်ကတော့ ထမင်းစားရေသောက်သဖွယ် လွယ်လွယ်လေး ပြေးဆင်းသွားကြပါတယ်။ အံ့သြစရာပင်။) တောင်မှာ အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာပြီး အချို့နေရာများတွင် သစ်သားလှေခါးများနှင့် ဆက်ထားပါသည်။ ရှေ့တွင် အနည်းငယ်နိမ့်သည့် ထလန်တောင်ကို မြင်နေရပြီး စာရေးသူတို့မှာ တောင်ကြားနှစ်ခုအကြားရောက်နေပါတော့တယ်။ ဒီကြားထဲ မိုးကဖြုန်းကနဲ ရွာချလိုက်လို့ ကျောပိုးအိတ်ထဲက မိုးကာထုတ်ဝတ်ပြီး ဆက်လျှောက်ကြပါတယ်။ မိုးနှင့်အတူ လေကလည်းတိုက်တာမို့ ချက်ချင်း စိမ့်တက်လာပါတော့တယ်။ မြူခိုးတွေလည်းထွက်လာလို့ ဓာတ်ပုံတွေရိုက်ကြပြီး ရှေ့မှာအထမ်းကလေးတွေ ရပ်နေကြလို့မေးကြည့်တော့ စာရေးသူတို့ကို စောင့်နေတာတဲ့။ စာရေးသူတို့ကို အရင်ရှေ့ကသွားခိုင်းလို့ ကြည့်လိုက်တော့ ရှေ့ညာဘက်မှာ တောင်ကမ်းပါးယံနဲ့ တစ်ထပ်တည်းရှိနေတဲ့ကျောက်တုံးကြီး။ ကျောက်တုံးကြီးရဲ့အောက်ခြေမှာ ၆ လက်မခန့်အကျယ်ရှိတဲ့ ထွင်းထုထားတဲ့ လမ်းကလေး။ ကျောက်တုံးကြီးကိုဖက်ပြီး ခြေဖျားထောက် ဖြေးဖြေးချင်းရွေ့သွားရမှာတဲ့။ ဘယ်ဘက်ကတော့ အောက်ခြေကိုတောင်မမြင်ရတဲ့ ချောက်ကြီးပါ။ သူတို့က အရင်ကူးဖြတ်ပြပါတယ်။ အောက်ကို မတော်တဆခြေချော်ကျ

စာမျက်နှာ .. ၄၀ .. သို့

# အင်မျိုးရင်းဝင်သစ်မျိုးများဖြင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း



ဒေါက်တာညွန့်ခိုင် သစ်တောသိပ္ပံနှင့် သစ်တောဂေဟဗေဒ

ယခင်လမှအဆက်

## အင်မျိုးရင်းဝင်သစ်မျိုးများဖြင့် ပျိုးပင်များထုတ်လုပ်ခြင်း

အင်မျိုးရင်းဝင် သစ်မျိုးများမှ ပျိုးပင်ထုတ်လုပ်ရန် အတန်အသင့် ခက်ခဲမှုရှိကြောင်း သိရှိရပါသည်။ သစ်စေ့ရရှိနိုင်မှုနှင့် သစ်စေ့သိုလှောင်သိမ်းဆည်းရန် ခက်ခဲမှုများကြောင့် ပျိုးပင်အမြောက်အမြားထုတ်လုပ်ရန် ခက်ခဲရခြင်းဖြစ်ပါသည်။ ထို့အပြင် အင်မျိုးရင်းဝင်သစ်မျိုးများမှာ မျိုးစိတ်အရေအတွက်များလွန်းခြင်း၊ သစ်စေ့နှစ်စဉ်မရရှိနိုင်ခြင်းတို့ကြောင့် လက်ခံကျင့်သုံးနိုင်မည့် ပျိုးဥယျာဉ်တည်ထောင်ခြင်းဆိုင်ရာ အခြေခံအသိပညာ ဗဟုသုတများနည်းနေပါသေးသည်။ ယနေ့ကာလတွင် ခန္ဓာပိုင်းမျိုးပွားနည်းကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြပြီး လက်တွေ့အသုံးပြုလာနေကြပြီဖြစ်ပါသည်။ အင်မျိုးရင်းဝင်သစ်မျိုးများအသုံးပြု၍ ခန္ဓာပိုင်းမျိုးပွားခြင်းနည်းဖြင့် ပျိုးပင်များ ထုတ်လုပ်ခြင်းသည် အခြားသော အကြီးမြန်သစ်မျိုးများမှ ပျိုးပင်ထုတ်လုပ်သည် ထက်ကုန်ကျစရိတ်ပိုမိုနိုင်ပါသည်။ သို့သော်လည်း အင်မျိုးရင်းဝင်သစ်မျိုးများကို ကာကွယ်ထိန်းသိမ်းရန်လိုအပ်ချက်၊ အင်မျိုးရင်းဝင်သစ်မျိုးများ၏ စီးပွားရေးအရ အရေးပါမှုများကြောင့် သစ်တောပျိုးဥယျာဉ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသင့်ပါသည်။ သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဆိုပါက အောက်ဖော်ပြပါနည်းလမ်း(၃)မျိုးစလုံးကို အသုံးပြု၍ ပျိုးပင်ထုတ်လုပ်နိုင်ပါသည် –

(၁) သစ်စေ့မှသော်လည်းကောင်း၊
(၂) သဘာဝအတိုင်း အလေ့ကျပေါက်ရောက်သောအပင်ငယ်များကို နုတ်ယူစုဆောင်း၍ ၍သော်လည်းကောင်း၊
(၃) ခန္ဓာပိုင်းမျိုးပွားခြင်းနည်းလမ်း အသုံးပြု၍သော်လည်းကောင်း။

အင်မျိုးရင်းဝင်သစ်မျိုးများဖြင့် ပျိုးဥယျာဉ်တည်ထောင်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့်နည်းတူ ပျိုးဥယျာဉ်တည်ထောင်ခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရေးဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါသည်။

သစ်တောများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာ၌ အပူပိုင်းမိုးသစ်တောများကို ပြန်လည်တည်ထောင်ရာတွင် အင်မျိုးရင်းဝင်သစ်မျိုးများဖြင့် ပြန်လည်တည်ထောင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ပြုန်းတီးနေသောမိုးသစ်တောများကို အင်မျိုးရင်းဝင်သစ်မျိုးများဖြင့် ပြန်လည်တည်ထောင်ကြရာ၌ သစ်စေ့(သို့မဟုတ်)ပျိုးပင်များကို အလုံအလောက်ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အင်မျိုးရင်းဝင်သစ်မျိုးများဖြင့် ပျိုးပင်များထုတ်လုပ်ရာ၌ ကြုံတွေ့ရသည့်အခက်အခဲများမှာ –

* သစ်စေ့များကို နှစ်စဉ်စုဆောင်းရရှိနိုင်မှုမရှိဘဲ အင်မျိုးရင်းဝင်သစ်မျိုးများ အသီး သီးသည့်ကာလသည် ၂ နှစ်လျှင်တစ်ကြိမ်မှ ၁၀ နှစ်လျှင်တစ်ကြိမ်အထိ ကာလခြား၍ အသီးသီးခြင်း၊
* အစေ့တွင်းစာ (ကာဗိုဟိုက်ဒရိတ်)များသည့်အတွက် ရှဉ့်ကဲ့သို့သော အကောင်ငယ်များကိုက်ဖြတ် စားသောက်ခြင်းနှင့် အင်းဆက်ကျရောက်ဖျက်ဆီးခြင်းများ၊
* မျိုးကောင်းမျိုးသန့် သစ်စေ့အဖြစ် အသိအမှတ်ပြုနိုင်သည့် အစီအစဉ်မရှိသေးခြင်းနှင့် သစ်စေ့အရည်အသွေးအတန်းအစား သတ်မှတ်နိုင်မှုမရှိသေးခြင်း၊
* သစ်စေ့သက်တမ်းတိုတောင်းလွန်းခြင်းနှင့် ရေရှည်သိုလှောင်နိုင်မည့် နည်းစနစ်နှင့် အခြေခံလိုအပ်

ချက်များလိုအပ်နေခြင်း၊

* အင်မျိုးရင်းဝင်သစ်မျိုးအများစု၏ သစ်စေ့များသည် လေဖြင့်ပျံ့နှံ့ကြပြီး၊ အချို့သည် ရေဖြင့်ပျံ့နှံ့နိုင်ကြသော်လည်း သားငှက်တိရစ္ဆာန်များကြောင့် ပျံ့နှံ့နိုင်မှုမရှိခြင်းနှင့်
* အပင်ငယ်များသည် ပတ်ဝန်းကျင်အခြေအနေများ၏သက်ရောက်မှုအပေါ် ခံနိုင်ရည်နည်းခြင်း အစရှိသည်တို့ဖြစ်ကြပါသည်။

သစ်တောပြုန်းတီးမှုများဖြစ်ပေါ်နေသော အပူပိုင်းမိုးသစ်တောများ(အမြဲစိမ်းတောများ)ကို ပြန်လည်တည်ထောင်ရာ၌ ဓမ္မတာမျိုးဆက်ခြင်းကို အားပေးနိုင်သော်လည်း သေးငယ်သော ဧရိယာအတွက်သာအသုံးပြုနိုင်ပြီး မိခင်အပင်များ ကျန်ရှိနေသေးသော ဧရိယာများအတွက်သာ အဆင်ပြေနိုင်မည်ဖြစ်ပါသည်။

## သစ်စေ့ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း/ပျိုးအိတ်တွင်း သစ်စေ့တိုက်ရိုက်ထည့်စိုက်ပျိုးခြင်း

သစ်စေ့များကို စုဆောင်းရရှိပြီးသည့် အချိန်တွင် ချက်ချင်းပျိုးထောင်စိုက်ပျိုးရန် လိုအပ်ပါသည်။ သစ်စေ့များကိုမစိုက်ပျိုးမီ စိုက်ပျိုးရာ၌လွယ်ကူစေရန်နှင့် မြေနှင့်ထိတွေ့အစိုဓါတ်ရရှိစေရန်အတွက် အတောင်ပံများကို ဖယ်ရှားပေးရန်လိုအပ်မည်ဖြစ်ပါသည်။ အညှောင့်ပေါက်နှုန်းကောင်းမွန်သော(၈၀%)မျိုးစိတ်များအတွက် သစ်စေ့ကိုပျိုးအိတ်အတွင်း တိုက်ရိုက်စိုက်ပျိုးနိုင်ပြီး၊ အညှောင့်ပေါက်နှုန်းမကောင်းမွန်သော (သို့မဟုတ်) မသိရှိရသော မျိုးစိတ်များအတွက် ပျိုးဘောင်တွင်ကနဦးစိုက်ပျိုး၍ ပျိုးအိတ်တွင် ပျိုးပင်ကူးစိုက်ပျိုးရန်ဖြစ်ပါသည်။ ပျိုးပင်ကူးခြင်းကို အစေ့ရွက်များ သိသာစွာကြွေကျ၍ ပထမအရွက်တစ်စုံထွက်ပေါ်သည့်အချိန်တွင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ အညှောင့်ပေါက်ခြင်းနှင့် ကနဦးပျိုးပင်ရှင်သန်ခြင်းအဆင့်များတွင် အရိပ်မိုးထားမှုသေချာစေရပါမည်။ အရိပ်ထားရှိခြင်းသည် ပျိုးပင်ကြီးထွားမှုအတွက် အလွန်အရေးကြီးကြောင်း လေ့လာတွေ့ရှိမှုများအရ သိရှိရပါသည်။

အင်မျိုးရင်းဝင် သစ်မျိုးများအသုံးပြု၍ ပျိုးဥယျာဉ်တည်ထောင်ရခြင်းဆိုင်ရာ သုတေသနရလဒ်များအရ *Shorea leprosula* မျိုးစိတ်သည် အောက်ခံမြေဆီလွှာသည့် မြစ်သဲကြမ်း(river sand)တွင် (၉၈%)၊ သစ်ဆွေးမြေ (peat) နှင့် စပါးခွံအရောတွင်(၈၆%)နှင့် အပေါ်ယံမြေဆီလွှာ (top soil)တွင် (၇၇%)ခန့်အထိ အညှောင့်ပေါက်နှုန်းရှိကြောင်း South Kalimantan တွင် တွေ့ရှိရပါသည်။ မြစ်သဲကို အသုံးပြုမည်ဆိုပါက ရေဆင်းကောင်းစေခြင်း၊ ရေဝပ်မှုမရှိခြင်းနှင့် လွယ်ကူညင်သာစွာနုတ်ယူ ပျိုးပင်ကူးနိုင်ခြင်းအစရှိသည့် ကောင်းကျိုးများရရှိစေနိုင်မည့် အလယ်အလတ်အဆင့်ကြမ်းသောမြစ်သဲကို အသုံးပြုသင့်ပါသည်။

ပိုမိုပေါ့ပါးသည့် သစ်ဆွေးမြေသည် ပျိုးပင်များကို သယ်ယူရွှေ့ပြောင်းခြင်းနှင့် ကိုင်တွယ်စိုက်ပျိုးခြင်းများတွင် လွယ်ကူစေသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း mycorrhizae သည် သစ်ဆွေးမြေတွင် ရှင်သန်နိုင်မှုနည်းပါးကြောင်းသိရှိရပါသည်။ သစ်ဆွေးမြေသီးသန့်တွင် အပင်ကြီးထွားနှုန်းလျော့နည်းပြီး အပေါ်ယံမြေဆီလွှာ (Top Soil) (၁၀ – ၂၀%) အထိရောနှောစိုက်ပျိုးခြင်းဖြင့် ရလဒ်ကောင်းများရရှိကြောင်း သိရှိရပါသည်။

လက်တွေ့လေ့လာမှုအရ *Shorea parvifolia* နှင့် *S. faguetiana* မျိုးစိတ်များသည် သစ်စေ့စတင်စိုက်ပျိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်းတွင် အညှောင့်ပေါက်မှုရာခိုင်နှုန်း(၉၀)အထိရှိကြောင်းသိရှိရပါသည်။ *Dipterocarpus grandiflorus* သည် အညှောင့်ပေါက်ရာခိုင်နှုန်းအလွန်နည်းကြောင်းနှင့် ရက်ပေါင်း(၃၀)အတွင်းတွင် ၁၀% အထိသာ အညှောင့်ပေါက်မှုရှိကြောင်း သိရှိရပါသည်။

## သဘာဝအတိုင်း အလေ့ကျပေါက်ရောက်သော အပင်ငယ်များ (Wildings)ကို နုတ်ယူစုဆောင်းစိုက်ပျိုးခြင်း

သဘာဝအတိုင်း အလေ့ကျပေါက်ရောက်သော အပင်ငယ်များကို နုတ်ယူစုဆောင်းစိုက်ပျိုးခြင်းတွင် ရှင်ပင်ရာခိုင်နှုန်း ပိုမိုကောင်းမွန်ကြောင်း (၇၉–၁၀၀%) ရှိကြောင်းသိရှိရပါသည်။ S. parvifolia စိုက်ခင်းတွင်ပျိုးပင်ဖြင့် စိုက်ပျိုးခြင်း(၂၈%)ထက် သဘာဝအတိုင်းအလေ့ကျပေါက်ရောက်သော အပင်ငယ်များကို နုတ်ယူစုဆောင်းစိုက်ပျိုးခြင်းက ရှင်ပင်ရာခိုင်နှုန်း(၇၉%)ပိုမိုကောင်းမွန်ကြောင်းသိရှိရပါသည်။ သို့သော်လည်း သစ်မျိုးနှင့်သယ်ယူရွှေ့ပြောင်းသည့် အချိန်၌ ဂရုစိုက်အမှုအပေါ်မူတည်၍ အပင်ရှင်သန်မှုအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ သစ်မျိုးရွေးချယ်မှုနှင့် သစ်မျိုးနှင့်စိုက်ပျိုးသည့်နေရာဒေသ ကိုက်ညီမှုရှိရေးသည်လည်း အဓိကအရေးကြီးသည့်အချက်ပင်ဖြစ်ပါသည်။ သဘာဝအတိုင်း အလေ့ကျပေါက်ရောက်သော အပင်ငယ်များကို နုတ်ယူစုဆောင်းစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူး(၂)ရပ်မှာ –

(၁)အလေ့ကျပေါက်ရောက်နေသော အပင်ငယ်များသည် မိခင်အပင်မှကြွေကျသည့် အစေ့ပေါင်းများစွာအနက်မှ ပတ်ဝန်းကျင်အခြေအနေနှင့်လိုက်လျောညီထွေ ရှင်သန်နိုင်စွမ်းအားရှိသည့်အစေ့များသာ အပင်ငယ်အဖြစ် ရှင်သန်ပေါက်ရောက်လာနိုင်ခြင်းကြောင့် အပင်ရှင်သန်စွမ်းအား သာလွန်ကောင်းမွန်ခြင်း၊

(၂)အပင်ငယ်ပေါက်ရောက်ရာမြေတွင် သစ်တောအတွင်းရှိ mycorrhizae များပါဝင်နေခြင်းတို့ဖြစ်ပါသည်။

## ခန္တာပိုင်းမျိုးပွားခြင်းနည်းဖြင့် ပျိုးပင်များထုတ်လုပ်ခြင်း

ခန္တာပိုင်းမျိုးပွားခြင်းဖြင့် ပျိုးပင်ထုတ်လုပ်ခြင်းသည် သစ်စေ့ပုံမှန်မရရှိနိုင်သည့် သစ်မျိုးများ၊ သစ်စေ့သိုလှောင်၍ မရနိုင်သောသစ်မျိုးများနှင့် အထူးသင့်လျော်ပါသည်။ ဤနည်းလမ်းကိုအသုံးပြုခြင်းအားဖြင့် အရည်အသွေးကောင်းမွန်သော ပျိုးပင်များကိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုပိုမိုကောင်းမွန်စေနိုင်မည်ဖြစ်ပါသည်။ မလေးရှားနိုင်ငံတွင် အင်မျိုးရင်းဝင်သစ်မျိုး (၇၅)မျိုးနှင့် အင်ဒိုနီးရှားနိုင်ငံတွင် အင်မျိုးရင်းဝင်သစ်မျိုး(၃၀)တို့ကိုအသုံးပြု၍ ခန္တာပိုင်းမျိုးပွားနည်းဖြင့် ပျိုးပင်များထုတ်လုပ်လျက်ရှိပါသည်။

## ကိုင်းဖြတ်စိုက်ပျိုးခြင်း

အင်ဒိုနီးရှားနိုင်ငံရှိ သစ်တောလုပ်ငန်းများနှင့် ဆက်နွယ်သည့်ကုမ္ပဏီများသည် ကိုင်းဖြတ်စိုက်ပျိုးခြင်းကို အကြီးအကျယ်လုပ်ကိုင်လျက်ရှိပါသည်။ ပင်စည်ဖြစ်လာမည့် ကိုင်းတက်အညွန့် (၅-၁၀)စင်တီမီတာအရှည်ကိုဖြတ်၍ စိုက်ပျိုးလေ့ရှိပါသည်။ ဘေးကိုင်းတက်အဖြစ်ကြီးထွားမည့် ကိုင်းတက်များသည် ဘေးဘက်သို့သာ ကြီးထွားလေ့ရှိသည့်အတွက် ဘေးတက်များကိုဖြတ်ယူစုဆောင်းခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ မလေးရှားနိုင်ငံ၏တွေ့ရှိမှုများအရ အညွန့်ထိပ်ဆုံးမှ အဆစ်ကိုဖြတ်၍စိုက်ပျိုးခြင်းထက် ဒုတိယအဆစ်ကိုဖြတ်၍စိုက်ပျိုးခြင်းက ပိုမိုအောင်မြင်မှုရှိကြောင်းသိရှိရပါသည်။ ကိုင်းဖြတ်စိုက်ပျိုးခြင်းမှ အမြစ်ထွက်နိုင်မှုမှာ သစ်မျိုးအပေါ်မူတည်၍ ကွဲပြားမှုများရှိပြီး၊ အကြီးမြန်သစ်မျိုးဖြစ်သည့် Shorea leprosula သည် အမြစ်ထွက်မှုကောင်းမွန်ကြောင်းသိရှိရပါသည်။ ငယ်ရွယ်သောအပင်များ (သို့မဟုတ်) ငုတ်တက်များမှဖြတ်ယူစုဆောင်းသည့် ကိုင်းဖြတ်များသည် အပင်ကြီးများမှစုဆောင်းခဲ့သည့် ကိုင်းဖြတ်များထက် အမြစ်ထွက်နှုန်းပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

ကိုင်းဖြတ်ရန် အပင်လုံလောက်မှုရှိစေရန်အတွက် ဥယျာဉ်ငယ်တည်ထောင်နိုင်ပြီး၊ ဥယျာဉ်ငယ်တည်ထောင်ရန်လိုအပ်သည့်အပင်များကို သဘာဝတောအတွင်းမှ စုဆောင်းရယူစိုက်ပျိုးနိုင်ပါသည်။ ဥယျာဉ်ငယ်အတွင်းရှိ အပင်ငယ်တစ်ပင်မှ တစ်နှစ်လျှင် ပင်စည်ဖြစ်ထွန်းမည့် ကိုင်းတက်အညွန့် (၅-၇)ညွန့်အထိ စုဆောင်းရရှိနိုင်ပါသည်။

အလယ်အလတ်အဆင့်ကြမ်းသော သဲကိုကြားခံမြေဆီလွှာအဖြစ်အသုံးပြုရန် သင့်လျော်ပါသည်။ ဖြတ်ထားသောကိုင်းများကို ရေတွင်စိမ်၍အမြစ်ထွက်စေခြင်း နည်းလမ်းကိုလည်းအသုံးပြုနိုင်ပါသည်။ ရေစိမ်ခြင်းဖြင့် အမြစ်ထွက်စေခြင်းနည်းလမ်းတွင် အမြစ်အရေအတွက်နည်းခြင်း၊ အမြစ်ပိုမိုရှည်လျားခြင်းနှင့် ဘေးမြစ်ဖြာထွက်မှုနည်းသည်ကိုတွေ့ရှိရပါသည်။ မြေဆီလွှာကြားခံအသုံးပြု၍ ထွက်လာသောအမြစ်သည် ရေကိုကြားခံအဖြစ်အသုံးပြု၍ ထွက်လာသောအမြစ်ထက် ရှင်သန်နှုန်းပိုမိုကောင်းမွန်သည်ကိုတွေ့ရှိရပါသည်။ အမြစ်ထွက်စေရန်အတွက် အများဆုံးအသုံးပြုသည့် ဟိုမုန်းအမျိုးအစားများမှာ – IAA (indoleacetic acid)၊ IBA -(indolebutyric acid) နှင့် NAA (naphaleneacetic acid)တို့ဖြစ်ကြပါသည်။

## မြေဩဇာထည့်သွင်းခြင်း

အင်မျိုးရင်းဝင်သစ်မျိုးများအား မြေဩဇာထည့်သွင်းခြင်း လက်တွေ့စမ်းသပ်မှုများတွင် အပင်များကြီးထွားမှုအပေါ်၌ သိသာထင်ရှားသည့် ထိရောက်မှုမရှိကြောင်းတွေ့ရှိရပါသည်။ ပျိုးအိတ်များအတွင်း မြေဩဇာထည့်သွင်းခြင်းစမ်းသပ်မှုများကို အများအပြားပြုလုပ်ကြပါသည်။ ဒေသတွင်း အလွယ်တကူဝယ်ယူရရှိနိုင်သည့် NPK (15:15:15) အချိုးအစားကိုရေစိမ်၍ ပြင်းအား ၀.၅ – ၁.၅% ရှိသည့် မြေဩဇာကို တစ်စတုရန်းမီတာအတွင်း၌ ၅ – ၁၅ ဂရမ်ပမာဏအား ပျိုးပင်အရွယ်အစားအပေါ်မူတည်၍ ထည့်သွင်းပေးခြင်းဖြစ်ပါသည်။ မြေဩဇာထည့်သွင်းပြီးနောက် ပျိုးပင်များလောင်ကျွမ်းမှုမရှိစေရန်အတွက် ဂရုစိုက်၍ ရေလောင်းပေးရမည်(သို့မဟုတ်) မိုးရွာသွန်းသည့်အချိန်နှင့်ညှိ၍ မြေဩဇာထည့်သွင်းရမည်ဖြစ်ပါသည်။ အင်မျိုးရင်းဝင်သစ်မျိုးများသည် မြေဆီမြေဩဇာကောင်းမွန်ခြင်းမရှိသည့် မြေများတွင်လည်း ပေါက်ရောက်ရှင်သန်လေ့ရှိသည့်အတွက် မြေဩဇာထည့်သွင်းမည်ဆိုပါက အခြားသောအကြီးမြန်သစ်မျိုးများနှင့်နှိုင်းယှဉ်လျှင် မြေဩဇာလိုအပ်ချက်လျော့နည်းကောင်း လျော့နည်းနိုင်မည်ဖြစ်ပါသည်။

---

စာမျက်နှာ-၃၇ မှအဆက်

လျှင်ဖြင့် မတွေးရဲအောင်ပါ။ စာရေးသူတို့မှာ အသက်မရှူဘဲကြောက်ကြောက်နဲ့ဖြတ်ကူးကြပါတယ်။ မစ္စကိတ်မှာ ဒူးနာလာလို့ ဖြည်းဖြည်းပဲလျှောက်လာရင်း စာရေးသူတို့ကို မီလာပါတယ်။ နေလည်းစောင်းလာပြီး မှောင်လာလို့ ညနေ (၅း၀၀)နာရီခန့်မှာ ရဝမ်အဖွဲ့ကလာရောက်ကူညီကြပြီးစခန်းကို ခေါ်ဆောင်ခဲ့ကြပါတော့တယ်။ ထုတ်ခွမ်စခန်းကတော့ တောင်ကြားထဲမှာရှိပြီး သစ်ပင်ကြီးတွေနဲ့ ဝန်းရံနေတာမို့ မှောင်နေပါတယ်။

စာရေးသူတို့အားလုံး ကွပ်ပျစ်ပေါ်ကိုအားရပါးရ ပစ်လှဲချပြီး အမောဖြေကြပါတယ်။ အမောပြေမှ အဝတ်လဲ၊ ခြေလက်မျက်နှာသစ်ပြီး ညစာစား အတွေ့အကြုံတွေ ပြောကြပါတယ်။ မနက်ဖြန် နားမှာမို့လည်း အားဖြည့်ရင်း အိပ်ရာဝင်ကြပါတယ်။ ဒီကနေ့တော့ အလွန်မောရ၍ ခြေထောက်ညောင်းလှသော ခရီးပါပေ။

**ဆက်လက်ဖော်ပြပါမည်။**

# လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်လာသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ

ဒေါ်ယဉ်ယဉ်မာ ၊ ဦးစီးအရာရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ကြရာတွင် ရာသီဥတုပြောင်းလဲမှု အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ခဲ့ရပါသည်။ ထို့အပြင် လူဦးရေများပြားလာခြင်း၊ မြို့ပြတိုးချဲ့ခြင်း၊ စက်မှုလုပ်ငန်း များပြားလာခြင်းတို့ကြောင့် ပုံမှန်စွန့်ပစ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ စက်မှုစွန့်ပစ်ပစ္စည်းများ တစ်နေ့တစ်ခြားများပြားလာပါသည်။

စွန့်ပစ်ပစ္စည်းများအနက် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း (Hazardous Waste)သည် လူသားတို့၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများဖြစ်ပြီးအရည်၊အစိုင်အခဲ၊ဓာတ်ငွေ့၊ အနည်အနှစ်စသည့် ပုံသဏ္ဍာန်မျိုးစုံဖြင့်တွေ့နိုင်ပါသည်။ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများသည် ကဏ္ဍအသီးသီးမှထွက်ရှိနိုင်ပြီး အထူးသဖြင့် ကျန်းမာရေးကဏ္ဍ၊စက်မှုကဏ္ဍ၊သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများမှ ထွက်ရှိပါသည်။ ဆေးရုံ/ဆေးခန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းမှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများ၊ စက်မှုကဏ္ဍများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေး ကဏ္ဍများမှအသုံးပြုပြီးသော ပိုးသတ်ဆေးများ၊ အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများကဲ့သို့သော စွန့်ပစ်ပစ္စည်းများဖြစ်ပါသည်။

လူနေအိမ်များမှ ထွက်ရှိသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း (Household Hazardous Waste) ဆိုသည်မှာ မိသားစုတစ်စု သို့မဟုတ် မိသားစုများနေထိုင်သော အဆောက်အဦ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းစသည့် လူနေထိုင်သည့် အဆောက်အဦတို့မှထွက်ရှိသော လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများဖြစ်ပါသည်။ လူနေအိမ်များမှအများဆုံးထွက်ရှိသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများမှာ အိမ်သုံးဓာတုစွန့်ပစ်ပစ္စည်းများ၊ အိမ်သုတ်ဆေးများ၊ သစ်သားတာရှည်ခံသုတ်ဆေးများနှင့် ဆိုးဆေးများ၊ အသုံးပြုပြီးသော/ ပျက်စီးနေသော အီလက်ထရောနစ် စွန့်ပစ်ပစ္စည်းများ(ဘက်ထရီ၊ဓာတ်ခဲ၊မီးသီး၊ မီးချောင်း၊ရေခဲသေတ္တာ၊တီဗွီ၊ တယ်လီဖုန်းစသည်)၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ ခြင်၊ ယင်၊ အင်းဆက် စသည့် ပိုးသတ်ဆေးဖြန်းရည်များ၊ ဓာတ်မြေဩဇာများ၊ အသုံးပြုပြီးသော စက်ဆီ၊ ချောဆီများ (အင်ဂျင်ဝိုင်ဆီ၊ ဒီဇယ်ဆီ စသည်)နှင့် အသုံးမပြုတော့သော သို့မဟုတ် ရက်လွန်နေသောဆေးဝါးများ စသည်တို့ဖြစ်ပါသည်။






ဘေးအန္တရာယ်ဖြစ်စေနိုင်သော သွင်ပြင်လက္ခဏာများမှာ ပေါက်ကွဲစေတတ်သော (Explosive)၊မီးလောင်လွယ်သော(Flammable)၊ဓာတ်ပြုစေတတ်သော (Reactive)၊ အဆိပ်ဖြစ်စေသော (Toxic)၊ တိုက်စားပျက်စီးစေတတ်သော(Corrosive) နှင့် ဂေဟစနစ်ကို အဆိပ်သင့်စေသော (Eco Toxic)စသည်တို့ဖြစ်ပါသည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် မြေထုညစ်ညမ်းခြင်း၊လေထုညစ်ညမ်းခြင်း၊ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ ကန်တို့တွင် ညစ်ညမ်းခြင်းနှင့် မြေအောက်ရေ ညစ်ညမ်းခြင်း စသည့်ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများ ဖြစ်စေနိုင်ပါသည်။ ထို့အပြင် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများကြောင့် အစာအဆိပ်သင့်ခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ၊အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆုတ်ကင်ဆာ၊ အခြားကင်ဆာရောဂါများနှင့် နာတာရှည်ရောဂါများ စသည့်လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်နိုင်မှုများ ဖြစ်စေနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများ၌ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဖြစ်ရပ်ဆိုးကြီးများ ကြုံတွေ့ခံစားခဲ့ကြရသည်မှာ ယင်းစွန့်ပစ်ပစ္စည်းများသည် လူသားတို့၏ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို မည်မျှအထိ ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း မီးမောင်းထိုးပြသည့် သိသာထင်ရှားသော သာဓကများဖြစ်ပါသည်။

၁၉၃၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား ဓာတုဗေဒပညာရှင် Paul Hermann Muller သည် ပိုးသတ်ဆေး




တစ်မျိုးဖြစ်သည့် (Dichloro Diphenyl Trichloethane-DDT )ကိုတီထွင်ခဲ့ပြီး ပိုးသတ်ဆေးနှင့် ခြင်နှိမ်နှင်းဆေး (Pesticide and Malaria Controller) အဖြစ် ၁၉၄၀ ခုနှစ်မှ ၁၉၆၀ ခုနှစ်အထိအသုံးပြုလာခဲ့ကြပါသည်။ ၁၉၆၂ ခုနှစ်တွင် အမေရိကန်နိုင်ငံသူ အဏ္ဏဝါဇီဝဗေဒပညာရှင် Rachel Carson ရေးသားသည့် "Silent Spring" စာအုပ်တွင်(DDT)ကြောင့် ဂေဟစနစ်အပေါ် ပြင်းထန်သောဆိုးကျိုးများ သက်ရောက်မှုကို အဓိကဖော်ပြရေးသားခဲ့ပြီးနောက် နိုင်ငံအများစု၌ စိုက်ပျိုးရေးကဏ္ဍတွင် DDT အသုံးပြုခြင်းကို ပိတ်ပင်ခဲ့ကြပါသည်။ သို့သော် အပူပိုင်းနိုင်ငံများတွင် ဆက်လက်အသုံးပြုဆဲဖြစ်ပါသည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေခဲ့သည့် အဖြစ်အပျက်တစ်ခုမှာ နယူးယောက်ပြည်နယ်ရှိ Niagara Falls မြို့၌ ဖြစ်ပွားခဲ့သည့် Love Canal Disaster ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်ဝန်းကျင်ခန့်တွင် Hooker Chemical Company သည် ဓာတုစွန့်ပစ်ပစ္စည်းများ(Chemical Wastes)များကို သံပေပါ/သံစည်(Steel Drums)များအတွင်း ထည့်၍ Niagara Falls မြို့အနီးရှိ တူးမြောင်းအဟောင်းတစ်ခုဖြစ်သည့် Love Canal အတွင်းသို့စွန့်ပစ်ခဲ့ပါသည်။ ယင်းတူးမြောင်းအတွင်း ဓာတုစွန့်ပစ်ပစ္စည်းများပါဝင်သော သံစည်များပြည့်နှက်သွားသည့်အခါ မြေကြီးများဖုံးအုပ်၍ စာသင်ကျောင်းများ၊ ကစားကွင်းများနှင့် လူနေအိမ်များတည်ဆောက်ခဲ့ပါသည်။ ယင်းဓာတုစွန့်ပစ်ပစ္စည်းများကြောင့် မြေအောက်ရေညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပါသည်။ ယင်းတူးမြောင်းအနီး နေထိုင်သူများသည် ဓာတုအနံ့ဆိုးများနှင့် ဓာတုလောင်ကျွမ်းမှုများကိုခံစားခဲ့ရပြီး ကိုယ်လက်အင်္ဂါချို့ယွင်းသော ကလေးများမွေးဖွားမှု(Birth Defects) အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။




၁၉၅၆ ခုနှစ်ခန့်တွင် ဂျပန်နိုင်ငံ၊ မီနာမားတားမြို့၌ မာကျူရီအဆိပ်သင့်ခြင်းကြောင့် ဖြစ်ပွားခဲ့သည့် မီနာမားတားရောဂါ(Minamata Disease)သည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေခဲ့သည့် အဖြစ်ဆိုးကြီးများအနက် လူသိအများဆုံးအဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ မီနာမားတားမြို့၌ တည်ရှိသည့် Acetaldehyde ၊ PVC (Poly Vinyl Chloride) စသည့် ဓာတုပစ္စည်းများထုတ်လုပ်သည့် Nippon Chisso Co., Ltd. ၏ စက်ရုံမှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများကို ပြုပြင်သန့်စင်ခြင်းမပြုလုပ်ဘဲ အနီးအနားရှိ မီနာမားတားပင်လယ်အော်ထဲသို့ စွန့်ပစ်ခဲ့ပါသည်။ ၎င်းစွန့်ပစ်ရေဆိုးများတွင်ပါဝင်သော မီသိုင်းမာကျူရီ(Methyl-Mercury)များကြောင့် ပင်လယ်ထဲရှိ ငါးနှင့်ရေနေသတ္တဝါများသေဆုံးခဲ့ပါသည်။ ၎င်းငါးများကိုစားသုံးသည့် ဒေသခံပြည်သူများသည် မာကျူရီအဆိပ်သင့်ပြီး ပြင်းထန်သော အကြောဆွဲခြင်းရောဂါကို ခံစားခဲ့ကြရပါသည်။ ၎င်းရောဂါဆိုးကြီးကြောင့် လူပေါင်း(၉၀၀)ကျော်သေဆုံးခဲ့ပြီး လူပေါင်း(၂)သန်းကျော် ကျန်းမာရေးဆိုင်ရာဝေဒနာများ ခံစားခဲ့ကြရပါသည်။



ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းနှင့်စွန့်ပစ်ခြင်းကို ထိန်းချုပ်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ်၊ မတ်လ ၂၂ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဘာဆယ်မြို့၌ကျင်းပခဲ့သည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ နိုင်ငံ့ကိုယ်စားလှယ်များညီလာခံမှ အတည်ပြုချမှတ်ခဲ့သော နိုင်ငံတကာသဘောတူညီချက် စာချုပ်တစ်ခုဖြစ်သည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်း ထိန်းချုပ်မှုဆိုင်ရာ ဘာဆယ်သဘောတူညီချက်စာချုပ် (Basel Convention on the Control of Transboundary Movements of Hazardous Wastes and their Disposal)၌ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း(၁၈၇)နိုင်ငံမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ဘာဆယ်သဘောတူညီချက်စာချုပ်၏ အဓိကရည်ရွယ်ချက်မှာ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းနှင့်ယင်းတို့အား စီမံခန့်ခွဲမှုမှ လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အား ဆိုးရွားစွာသက်ရောက်ထိခိုက်မှုများ ဖြစ်ပေါ်မလာစေရေး တင်းကျပ်သောထိန်းချုပ်မှုဖြင့် ကာကွယ်ရန်ဖြစ်ပါသည်။ ယင်းစာချုပ်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး ဘာဆယ်သဘောတူညီချက်စာချုပ်ပါ ကတိကဝတ်/လုပ်ငန်းများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အဓိကတာဝန်ယူ အကောင်အ

ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခြင်း၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများပြားလာခြင်းတို့နှင့်အတူ အခြားတစ်ဖက်မှာလည်း ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်းဆိုင်ရာကဏ္ဍများတွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့လာနေရပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအမံများကို နိုင်ငံတကာမှ အတွေ့အကြုံများ၊ အလေ့အကျင့်ကောင်းများကိုအခြေခံပြီး ဆောင်ရွက်လျက်ရှိပါသည်။

နော်ဝေ-မြန်မာ နှစ်နိုင်ငံအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (၂၀၁၅-၂၀၁၈)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်အေဂျင်စီ(NEA)တို့သည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာစီမံကိန်း (Project on Hazardous Waste Management)ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများ/ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းစီမံကိန်းမှ နော်ဝေပတ်ဝန်းကျင်အေဂျင်စီ၏ အကူအညီဖြင့် မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းဆိုင်ရာ လက်ရှိဥပဒေရေးရာ ပြဋ္ဌာန်းချက်များအပေါ် အခြေခံလေ့လာမှု (Regulatory Baseline Study)များ ဆောင်ရွက်ခဲ့ပြီး ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းဆိုင်ရာ နည်းဥပဒေများတို့အားရေးဆွဲလျက်ရှိပါသည်။

ထို့အပြင် နော်ဝေနိုင်ငံအခြေစိုက် The Foundation for Scientific and Technical Research (SINTEF)တို့၏ နည်းပညာအကူအညီဖြင့် နည်းပညာဆိုင်ရာ အခြေခံလေ့လာမှု(Technical Baseline Study) ဖြစ်သည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းထွက်ရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှုကို မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံပေါင်း (၂၀၀)ကျော်တို့၌ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းထွက်ရှိမှု အစီရင်ခံစာကို ပြုစုနိုင်ခဲ့ပါသည်။ အဆိုပါ စစ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်၌ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းထွက်ရှိမှုတန်ချိန် (၂၈၀,၀၀၀)ကျော်ရှိပြီး ၂၀၃၀ ခုနှစ်တွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း တန်ချိန် (၆၇၀,၀၀၀)ကျော်ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

စီမံကိန်း၏ မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းဆိုင်ရာ လက်ရှိဥပဒေရေးရာ ပြဋ္ဌာန်းချက်များအပေါ် အခြေခံလေ့လာမှု(Regulatory Baseline Study)နှင့် နည်းပညာဆိုင်ရာ အခြေခံလေ့လာမှု (Technical Baseline Study)တို့မှရရှိလာသော အချက်အလက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုအတွက် ပင်မအစီအစဉ်(Master Plan of Hazardous Waste Management in Myanmar)အပြီးသတ်မူကြမ်းအား ရေးဆွဲနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်အခါ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့အကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏မူဝါဒမှာလည်း စီးပွားရေးနှင့်ပတ်ဝန်းကျင်ကို ပေါင်းစပ်ဆောင်ရွက်ရန် အားပေးဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုမှလည်း ပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး သိမြင်နိုးကြားမှုများရှိလာပြီဖြစ်ပါသည်။

ထို့ကြောင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံတော်မှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ရေးဆွဲထုတ်ပြန်ရန်လိုအပ်ပြီး နိုင်ငံသားများကလည်း လိုက်နာပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းချုပ်နိုင်မည့်အပြင် နိုင်ငံသားများ၏ ကျန်းမာရေး ထိခိုက်နိုင်မှုများကိုလည်း ကြိုတင်ကာကွယ်သွားနိုင်မည် ဖြစ်ပါသည်။ သို့မှသာ **ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် မျှော်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ တောက်ပသောအနာဂတ်ကို ရည်မှန်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားရန်ကို ရရှိနိုင်ရေး အထောက်အကူဖြစ်မည် ဖြစ်ပါသည်။**

ထို့ကြောင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသောနည်းလမ်းများဖြင့် စွန့်ပစ်နိုင်ဖို့ အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကားချက်များ**

Dr. Wenchao Xue's lecture note, Introduction to Hazardous Waste, Asian Institute of Technology, Thailand, 2018

Master Plan for Hazardous Waste Management in Myanmar (DRAFT) 8 January 2019

http://www.basel.int/

# ကမ္ဘာ့အဆုတ်ကြီး မီးလောင်ကျွမ်းမှု

ဦးကျော်သက် (တောအုပ်ကြီး)၊ GIS







လွန်ခဲ့သည့်ရက်သတ္တပတ်များတွင် ကမ္ဘာ့အပူပိုင်းမိုးသစ်တောများ၏ ၆၀ ရာခိုင်နှုန်းနှင့်ညီမျှသော ဘရာဇီးနိုင်ငံရှိ အမေဇုန်မိုးသစ်တောများ တောမီးလောင်ကျွမ်းမှုသည် အလွန်ထူးခြားသိသာသော သတင်းတစ်ခုအဖြစ်သာမက တောမီးလောင်ကျွမ်းမှုတွင် ကမ္ဘာ့စံချိန်သစ်တင်ခဲ့လေသည်။ အမေဇုန်တောမီးလောင်ရခြင်းအကြောင်းအရင်းမှာ စိုက်ပျိုးမြေချဲ့ထွင်ခြင်းနှင့် သတ္တုတူးဖော်ခြင်းတို့အတွက် တောများကိုအပြောင်ရှင်းလင်းခြင်း၊ လူဦးရေတိုးပွားလာခြင်းနှင့်အတူ မြေပိုင်ဆိုင်လိုမှုများကြောင့် သစ်တောများဆုတ်ယုတ်လာခြင်း၊ သစ်တောအတန်းအစားကျဆင်းလာခြင်းစသည်ဖြင့် လူတို့ကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက်ရလဒ်များကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တောမီးလောင်ကျွမ်းမှုနှင့်အတူ အငြင်းပွားစရာအကြောင်းအရာတစ်ခုလည်းပေါ်ပေါက်လာခဲ့၏။ ကမ္ဘာ့ခေါင်းဆောင်များ၊ ထင်ပေါ်ကျော်ကြားသူများအပါအဝင် မီဒီယာများမှလည်း အမေဇုန်အပူပိုင်းမိုးသစ်တောများသည် ကမ္ဘာပေါ်ရှိသက်ရှိများအတွက် လိုအပ်သောအောက်ဆီဂျင် ၂၀ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးလျက်ရှိကြောင်း ထောက်ပြပြောဆိုခဲ့ကြသည်။ သို့သော်လည်း အရီဇိုးနားတက္ကသိုလ်ရှိ စကော့စလီစကာကမှ အဆိုပါအမေဇုန်တောသည် အောက်ဆီဂျင် ၂၀ ရာခိုင်နှုန်း ထောက်ပံ့ပေးနေသည်ဟု ဆိုသည်မှာ သိပ္ပံနည်းကျဆန်းစစ်ပါက အဓိပ္ပါယ်မရှိကြောင်း၊ အောက်ဆီဂျင်ထောက်ပံ့မှုကို ထိခိုက်မည်ဆိုပါကလည်း အတိတ်က တောပြုန်းတီးမှုများနှင့် တောမီးလောင်မှုတို့၏ အကျိုးသက်ရောက်မှုများလည်း ထည့်သွင်းရမည်ဖြစ်ကြောင်း Newsweek သတင်းသို့ပြောကြားခဲ့ပါသည်။

၁၉၉၀ခုနှစ်ခန့်ကတည်းက အောက်ဆီဂျင်ဓာတ်ငွေ့သည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ၀.၀၀၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီးဖြစ်ကြောင်း၊ ဤကိစ္စသည် သိပ္ပံနည်းကျစူးစမ်းလေ့လာသင့်သော်လည်း အမှန်လက်တွေ့တွင် လျစ်လျူရှုကြပြီး၊ ယနေ့အချိန်ထိ အောက်ဆီဂျင်ဓာတ်ငွေ့ကျဆင်းမှုအများဆုံးမှာ ကျောက်ဖြစ်ရုပ်ကြွင်းများလောင်ကျွမ်းမှုဖြစ်၍ အကြမ်းအားဖြင့် ၁၀ ရာခိုင်နှုန်းမှာသစ်တောပြုန်းတီးမှုနှင့်အတူ ဇီဝဒြပ်ထုများ လောင်ကျွမ်းခြင်းအကျိုးဆက်ကြောင့်ဖြစ်ပေါ်လာကြောင်း၊ အကယ်၍ အမေဇုန်သစ်တောပြုန်းတီးမှုသည် ကမ္ဘာ့သစ်တောပြုန်းတီးမှု၏ ၅၀ ရာခိုင်နှုန်းခန့် ဖြစ်ခဲ့မည်ဆိုလျှင်လည်း အောက်ဆီဂျင်ထောက်ပံ့မှုမှာ ၅ ရာခိုင်နှုန်းသာရှိမည်ဖြစ်ကြောင်း စကော့စလီစကာမှ ထောက်ပြခဲ့ပါသည်။ အကယ်၍ အမေဇုန်တောကြီးတစ်ခုလုံးကို ဆုံးရှုံးခဲ့မည်ဆိုလျှင်လည်း ၎င်းတောကြီးသည် အောက်ဆီဂျင် ၁.၂ မီလီယမ်ဂစ်ဂါတန်သာ ဆုံးရှုံးမည်ဖြစ်ပြီး၊ တစ်ကမ္ဘာလုံးနှင့် နှိုင်းယှဉ်မည်ဆိုပါကလည်း ၁ ရာခိုင်နှုန်းထက်နည်းနေကြောင်း ထောက်ပြပြောကြားခဲ့ပါသည်။ ဘရာဇီးအမျိုးသား အမေဇုန်သုတေသနဌာနရှိ ပါမောက္ခ ဖီးလစ်ဖီယားစိုက် ဆိုသူကလည်း အောက်ဆီဂျင်အတိုင်းအတာသည် တည်ငြိမ်လျက်ရှိပြီး၊ အမေဇုန်သစ်တောများပေါ်တွင် သာအဓိကမှီခိုနေသည် မဟုတ်ကြောင်းနှင့်အမေဇုန်တော၏ ၂၀၁၉ မီးလောင်မှုသည် ၂၀၁၈ ခုနှစ်ထက် ၈၀ ရာခိုင်နှုန်းခန့်မြင့်တက်လာသည့် အနေအထားတွင်ရှိကြောင်း ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့ပါသည်။

ဘရာဇီးလက်ရှိသမ္မတ ကလည်း ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း တောများရှင်းလင်းပြီး မီးရှို့ခြင်းမပြုရ အမိန့်ကို ရက်ပေါင်း၆၀ သတ်မှတ်ခဲ့ပါသည်။ သို့သော်လည်း ဒေသခံများက လိုက်နာခြင်းမပြုသောကြောင့် တောမီးလောင်ကျွမ်းမှုမှာ ထိန်းမရသည့်အဆင့်ထိ ရောက်ရှိခဲ့သည်သာမက အတိုက်အခံနိုင်ငံရေးသမားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ဘရာဇီးသမ္မတအပေါ် နိုင်ငံရေးထိုးနှက်မှုများ၊ မူဝါဒပိုင်းဆိုင်ရာလျော့နည်းမှုများ၏ အားနည်းချက်များအဖြစ် ထောက်ပြဝေဖန်ခံခြင်းများလည်း ဖိအားပေးရင်ဆိုင်ရလျက် ရှိပါသည်။ ဥရောပအာကာသအဖွဲ့အေဂျင်စီ မှလည်း အမေဇုန်မိုးသစ်တောကြီးသည် ကာဗွန်စုပ်ယူသိုလှောင်ရာတွင် အဓိကအခန်းနေရာမှ ပါဝင်သဖြင့် ၎င်း၏ အကျိုးဆက်အနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကိုလည်း အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ သို့သော် ယခုအခါ ဘရာဇီးနိုင်ငံ၏တပ်ဖွဲ့ဝင်များအားလုံးပါဝင်လျက် ယန္တရား အင်အားများနှင့်အတူ နှိမ်နင်းနေသည်သာမက နိုင်ငံတကာအဖွဲ့အစည်းများမှလည်း ငွေကြေးထောက်ပံ့ခြင်း၊ မီးငြိမ်းသတ်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းခြင်းတို့ကို ဘရာဇီးအစိုးရနှင့်အတူ လက်တွဲဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

Sources:
http://www.bbc.co.uk/news/world-latin-america-49450495
http://globalnews.ca/tag/amazon-rainforest

# Integration of Environment and Development for Sustainable Development

By
U Sein Thet, Director (Rtd)
Chairman, FREDA

Sustainable development seeks to strike a balance between the environment and development. Development occurs through policy, planning and management by the government. Achieving sustainable development requires the integration of environmental considerations into decision-making at all levels. Policy formulation by the government, national planning for development and the management of development activities should be integrated with environmental concerns. Since the adoption of the market-oriented economic system in Myanmar in 1988, dramatic changes have taken place in all economic and social spheres. The development of the national economy has been the main thrust for enhancing the living standards of people. Foreign direct investments have been encouraged and promoted and the result is a substantial rise in economic activity in the country.

Thus far in Myanmar, environmental factors have not been given explicit attention in the development process. The process of integration of environment and developing in decision-making requires the support of comprehensive and up-to-date information and data on the social, economic and environmental status of the country. Sustainable development is an ongoing process and it is essential that information is available and easily accessible to provide a basis for decision-making and also to provide feedback in order that adjustments can be made to national policies and programmes. The national planning and development process is the central area where decisions, which will impact most significantly on the environment and on economic development in Myanmar, are made.

The process of national planning should therefore be modified with a view to incorporating concerns for environmental protection and conservation in the national development process. Development in pure economic terms will not improve the lives of the people unless social and environmental development is also incorporated. Achieving sustainable development in each sector and each programme area depends to a large extent on a careful weighing of environmental and developmental needs. It is clear that policies in each sector have effect and impacts on other sectors. For example, a policy for industrial development will require co-ordination with infrastructure development in the energy sector, and the transport and communications sectors. Infrastructure development will depend on the natural and human resources available in the country. The utilization of some resources for infrastructure development will impact on the other uses of the same resource for other purposes. Water, for instance, can be used for hydro-electric power generation, but large hydro power projects involving the construction of dams affect irrigation and agriculture, inland water transport and ecologically sensitive habitats.

Environmental Impact Assessment (EIA) is a vital and useful tool for planning and decision-making. The identification of potential environmental problems can assist in the planning and development process. Recommendations on methods and procedures for the amelioration of environmental harm can assist in the implementation of remedial projects and provide for sustainable and environmentally sound development. The process of analysis and the information gathered in the EIA process are vital to allow an equitable balance to be struck between environment and development. The implementation of EIA can provide for logical and rational decision-making that cuts across various time periods, from short term impacts and benefits to long term planning. EIA can be applied at all levels, from the proposal and planning of large scale development

projects to the promotion and encouragement of small scale cottage industries. However, imposing requirements for EIA and the implementation of EIA processes requires a heavy investment in manpower, expertise and resources.

The integration of environment and development at all levels of government and administration should begin from simple training programmes, workshops and seminars for all levels of government officials and the public to create public awareness of the different environmental dimensions that exist in their work. From moves to increase the general level of environmental awareness there should be further developments to increase the capacity and expertise of government officials and private individuals in environmental management through higher level and more intensive training and manpower development programmes.

Sustainable development is a continuing process. The development process should be systematically monitored and evaluated and regular reviews of the integration of environment and development should be conducted.

To ensure that existing policies, plans and programmes are integrated with the environmental dimension, a national review of economic, sectoral, and development policies should be conducted. The effects on the environment of each of these policies from negative effects of pollution, degradation and encroachment to positive effects of conservation, pollution control and abatement and protection should be examined, highlighted and weighed with the economic benefits to be obtained. Where necessary, existing policies, plans and programmes should be modified to take into account the environmental dimension. Sustainable development and environmental management concerns cut across all sectors of government, and is multidisciplinary and multi-sectoral in character. Numerous government ministries, departments and agencies are involved in the management functions that are necessary to achieve sustainable development and the integration of environment and development. Without a concerted effort to reorganize and strengthen the governmental institutional capacity and multi-sectoral integration and cooperation, the pursuit of sustainable development can be greatly hampered.

Some of the possible problems that can arise with insufficient integration of government departments and responsibilities and institutional reorganization are overlaps in administrative responsibilities, fragmentation of authority in some cases and sometimes even the absence of clear responsibility with respect to particular areas such as environmental health. In general, a lack of managerial, technical and financial resources also contributes to the inadequacies in the government's capabilities to implement activities for sustainable development. In some cases, some departments may have statutory responsibility for particular functions but may not be in a position to perform these functions owing to a variety of reasons such as a lack of manpower, expertise, or financial resources. The requirement of developing countries are generally reflected in these international environmental conventions and the interests of countries with different natural conditions and at different levels of development are usually taken into consideration. As such action plans should be prepared for the implementation of these conventions and agreements. In addition, other international treaties, conventions and protocols should be closely studies with a view to Myanmar's ratification of such instruments. As a developing country, Myanmar is in great need of financial and technical support and assistance for its development programmes and pursuit of environmental conservation and protection. Apart from international assistance however, financial and technical means of pursuing environmental conservation and protection can be sought from measures carried out in the domestic arena. Some of these measures include the use of economic and market instruments and incentives to encourage the integration of environment into development such as using the polluter-pays-principle or the natural-resource-user-pays concepts applied in many countries including developing countries.

## နောက်ကျောဖုံးမှ နှုတ်ဆက်




ပိုမိုဆိုးဝါးသည်မှာ လူတို့၏ဖမ်းဆီးသတ်ဖြတ်ခြင်းကြောင့် ရေငှက်အကောင်ဦးရေ မြောက်မြားစွာ ကာလတိုအတွင်း လျင်မြန်စွာကျဆင်းကြရသည်။

ကမ္ဘာ့ဆောင်းခိုငှက်များနေ့ (World Migratory Bird Day)သည် ၂၀၀၆ ခုနှစ်မှ အစပြု၍ ဆောင်းခိုငှက်နှင့် ၎င်းတို့၏ကျက်စားရာဒေသများ ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များကို အသားပေးသည့် လူထုအသိပညာပေးရေး အစီအစဉ်မြှင့်တင်ရေးလှုပ်ရှားမှုကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။



စွန့်ပစ်ပလတ်စတစ်ထုပ်ပိုးပစ္စည်းနှင့် ပင်လယ်စင်ယော်

၂၀၁၈ ခုနှစ် ကမ္ဘာ့ဆောင်းခိုငှက်များနေ့သည် **‘ငှက်များနှစ်’** "Year of the Bird" ဖြစ်ပြီး၊ ဆောင်ပုဒ်မှာ **“ငှက်ထိန်းသိမ်းရန် ကျွန်ုပ်တို့ပေါင်းစည်းလို့ဆော်ကြပါစို့” "Unifying our voice for Bird Conservation"** ဖြစ်သည်။ ၂၀၁၈ ခုနှစ်သည် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ သမိုင်းတွင် အရေးပါသည့် ပြောင်းလဲသည့်နှစ်ဖြစ်သည်။ အာဖရိက–ယူရေးဆီးယား ပျံသန်းလမ်းကြောင်း၊ အရှေ့အာရှ–ဩစတြေးလျ ပျံသန်းလမ်းကြောင်းနှင့် အမေရိက ပျံသန်းလမ်းကြောင်းများဖြစ်သည့် ကမ္ဘာ့အဓိက ဆောင်းခိုငှက် နယ်နိမိတ်ဖြတ်သန်းလမ်းကြောင်း သို့မဟုတ် ပျံသန်းလမ်းကြောင်းများကို ပေါင်းစုရေးဖြစ်သည်။



စွန့်ပစ်ပလတ်စတစ်ထုပ်ပိုးပစ္စည်းများ ပြည့်နှက်နေသည့် ကမ်းခြေတစ်နေရာ

ကမ္ဘာတစ်ဝန်း ကမ္ဘာ့ဆောင်းခိုငှက်များနေ့ ၂၀၁၈ ခုနှစ် ကျင်းပပွဲအနေဖြင့် ငှက်ကြည့်ခြင်း၊ ဖျော်ဖြေပွဲကျင်းပခြင်း၊ ဟောပြောပွဲနှင့် တင်ပြဆွေးနွေးပွဲကျင်းပခြင်း စသည့်ဖြစ်ရပ် (၇၅၀)ကျော်ကို နီးနီးကပ်ကပ်ရှိသည့် နိုင်ငံပေါင်း (၈၀)စုစည်းဆောင်ရွက်ကြသည်။ ယခုနှစ်တွင် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ကို ကမ္ဘာတစ်ဝန်းလူထုလှုပ်ရှားမှုပွဲများကို အရေးအတွက် ပိုမိုကျင်းပလာကြပြီး၊ ပလတ်စတစ်ညစ်ညမ်းသည့် ခြိမ်းခြောက်မှုများ ချက်ချင်းအရေးယူဆောင်ရွက်ကြရန် နှိုးဆော်ဟောပြောမှုများ ပေါ်ထွန်းလာသည်။ ကမ္ဘာတစ်ဝန်းနိုင်ငံများမှ ဒေသခံအဖွဲ့အစည်း(ဥပမာ ကမ်းခြေသန့်ရှင်းရေးအဖွဲ့)များသည် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ လှုပ်ရှားမှုအနေဖြင့် ကမ်းရိုးတန်းတစ်လျှောက် ပလတ်စတစ်ရှင်းလင်းရေးလှုပ်ရှားမှုကိုစည်းရုံးကာ ပါဝင်ဆောင်ရွက်လာကြသည်။




စွန့်ပစ်ပလတ်စတစ်အိတ်ကြောင့် သေဆုံးရသည့် ပင်လယ်ရေသတ္တဝါများ

ကမ္ဘာ့ဆောင်းခိုငှက်များနေ့ကို တစ်နှစ်လျှင် နှစ်ကြိမ်၊ မေလနှင့် အောက်တိုဘာလ ဒုတိယပတ် စနေနေ့ သတ်မှတ်ကျင်းပရန် သတ်မှတ်ထားပြီး၊ ကမ္ဘာ့ဆောင်းခိုငှက်များနေ့ကို အလှမ်းဝေးသည့် လူများထံသို့ ကျယ်ကျယ်ပျံ့ပျံ့သိစေရန် ငှက်ထိန်းသိမ်းရေးဆိုင်ရာ သတင်းအာဘော်တို့ကို ချဲ့ထွင်ရှင်းပြရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် ကမ္ဘာတစ်ဝန်းလူတို့သည် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ကို ငှက်ဖျော်ဖြေပွဲ၊ ပညာပေးအစီအစဉ်၊ ပြခန်းနှင့် ငှက်ကြည့်လေ့လာရေးကဲ့သို့သော လူထုလှုပ်ရှားမှုစည်းရုံးဆောင်ရွက်ခြင်းတို့ ကျင်းပကြသည်။ နိုင်ငံ၊ ဒေသအလိုက် ဆောင်းခိုငှက်များကျရောက်မှု အမြင့်ဆုံးကာလသည် ကွဲပြားခြားနားသဖြင့် လှုပ်ရှားမှုအားလုံးကိုနှစ်အတွင်း အချိန်မရွေးလုပ်ဆောင်နိုင်သည်။ ၂၀၁၉ ခုနှစ် မေလ ၂၂ ရက်နေ့ (စနေနေ့)နှင့် အောက်တိုဘာလ ၁၂ရက်နေ့ (စနေနေ့)များတွင် ဥယျာဉ်/ဘေးမဲ့တောများ၌ ပညာပေးဟောပြောပွဲအခမ်းအနားများ ကျင်းပခဲ့ပါသည်။

ယခုနှစ်တွင် ကမ္ဘာ့ဆောင်းခိုငှက်များနေ့ ၂၀၁၉ ခုနှစ် ဆောင်ပုဒ်မှာ **“ငှက်များကာကွယ်ဖို့၊ ပလတ်စတစ် ညစ်ညမ်းမှုဖြေရှင်းစို့.”** **"Protect Birds: Be the Solution to Plastic Pollution!"** ဖြစ်ပြီး၊ ဆောင်းခိုငှက်နှင့် ၎င်းတို့၏စားကျက်ဒေသများထိခိုက်ခြင်းကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်။

နှစ်စဉ်ထုတ်လုပ်သည့် ပလတ်စတစ်တန် သန်း(၃၀၀)ကျော်သည် ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံး အသုံးပြုသည့်ပစ္စည်းဖြစ်သည်။ ပလတ်စတစ်ကိုအသုံးချမှုသည့် ကာလအလွန်တိုတောင်းလှသော်လည်း ၎င်း၏သက်တမ်းမှာ နှစ် ၂၀ မှ ၅၀၀ တိုင်ဆွေးမြေ့ခြင်းမရှိပေ။ ပေါ့ပါးပြီး၊ ကြာကြာခံသဖြင့်နှစ်သက်ကြသည်။ စွန့်ပစ်လိုက်သည့် ပလတ်စတစ်စများသည် ဂေဟစနစ်များဆီသို့ အလွယ်တကူရောက်သွားပြီး၊ ကမ္ဘာတစ်ဝန်းတွင် ဆောင်းခိုမျိုးစိတ်များအား ပြင်းထန်သည့် ခြိမ်းခြောက်မှုများဖြစ်စေသည်။ စွန့်ပစ်ပလတ်စတစ်တန် (၈)သန်းခန့်သည် ကမ္ဘာ့သမုဒ္ဒရာထဲ နှစ်စဉ်ဝင်ရောက်နေကြောင်း လေ့လာသူများကဆိုသည်။ ပလတ်စတစ်များသည် သမုဒ္ဒရာတွင် ပျော်ဝင်ခြင်းမရှိပဲ ဆိုးကျိုးများဖြစ်စေကြောင်း၊ ရေ၊ နေရောင်ခြည်နှင့်လေကြောင့် ပလတ်စတစ်များသည် သေးငယ်သည့် အပိုင်းအစများကွဲထွက်ခြင်းဖြင့် သတ္တဝါများမျိုချမိခြင်း၊ ရစ်ပတ်ငြိတွယ်ခြင်း ဖြစ်ကာသေဆုံးနေကြကြောင်း ပညာရှင်များ၏ စောင့်ကြည့်လေ့လာမှုအရ သိရသည်။

ရေငှက်များသည် ပလတ်စတစ်ခြိမ်းခြောက်မှု ဘေးအန္တရာယ်မှလွတ်မြောက်အောင် ရုန်းထွက်နိုင်ခြင်း မပြုနိုင်ကြောင်း။ သေဆုံးသည့် ငှက်ငယ်များ၏ အစာအိမ်ထဲတွင် ပလတ်စတစ်များ ပြည့်နှက်နေသည်ကိုတွေ့ရကြောင်း၊ ပလတ်စတစ်ကွင်းနှင့် ပိုက်များကြောင့် ရစ်ပတ်ငြိတွယ်ပြီး၊ အသက်ရှူမရအောင် ဖိသတ်ခံရခြင်းမျိုးကို ငှက်များနှင့် အခြားတောရိုင်း တိရစ္ဆာန်များ၏ ပလတ်စတစ်ကြောင့် ဆုံးရှုံးမှုအမှန်တကယ် နောက်ဆက်တွဲ အကျိုးဆက်များပင်ဖြစ်ကြောင်း သုတေသီများကသတိပေးနိုးဆော်ထားသည်။

ကမ္ဘာတစ်ဝန်း ပလတ်စတစ်အန္တရာယ်ကြီးထွားလာခြင်းသည် ရေငှက်များကို နည်းလမ်းပေါင်းများစွာဖြင့်ထိခိုက်စေသည်။ မျိုချမိပါကအဆိပ်ဖြစ်စေနိုင်ပြီး အစာတော်ပြတ်ကာ အဟာရပြတ်စေနိုင်သည်။ သမုဒ္ဒရာအတွင်း၊ မြစ်ကြောင်း သို့မဟုတ် ကမ်းစပ်၊ ကမ်းရိုးတန်းတစ်လျှောက်နှင့် ရေတိမ်ဒေသများတွင် မျောပါနေသော ပလတ်စတစ်များသည် ငှက်များကို ထိခိုက်ဒဏ်ရာရစေခြင်း၊ လှုပ်ရှားမှုဟန့်တားခြင်းနှင့် ပင်ပန်းနွမ်းလျစေခြင်းတို့ဖြစ်စေကြောင်း လေ့လာသူပညာရှင်အဖွဲ့မှဖော်ပြထားသည်။ ရေငှက်များသည် ခြိမ်းခြောက်မှုများစွာ ရင်ဆိုင်နေကြရသဖြင့် လူတိုင်းတစ်စုံတရာကိုင်တွယ် ဖြေရှင်းသင့်ကြောင်းနိုးဆော်ထားသည်။

အကောင်ဦးရေများစွာသောရေငှက်တို့သည် နှစ်စဉ်ပလတ်စတစ်ကြောင့် သေဆုံးရသည်မှာ လတ်တလော တစ်သန်းရှိပြီး ဆက်လက်တိုးပွားနေကြောင်းသိရသည်။ သုတေသနများ၏ အတိအကျဖော်ပြချက်များအရ ချက်ချင်းဆောင်ရွက်ရမည့် အခြေအနေဖြစ်သည်။ ပင်လယ်ငှက် (၉၀%)၏ စလုပ်ထဲတွင် ပလတ်စတစ်များပါရှိနေပြီး၊ ဤအတိုင်းဆိုလျှင် နောင် ၂၀၅၀ ပြည့်နှစ်တွင် (၉၉%)ထိ ဖြစ်လာနိုင်ကြောင်းသိရသည်။

ကမ္ဘာ့ဆောင်းခိုငှက်များနေ့ ၂၀၁၉ သည် စွန့်ပစ်ပလတ်စတစ်များ ခြိမ်းခြောက်မှုအန္တရာယ်သည် ရေငှက်များအဖို့ ကြီးမားသည့် စိန်ခေါ်မှုဖြစ်သည်ကို ထောက်ပြထားသည်။ နေ့စဉ်လူတို့အသုံးပြုပြီး စွန့်ပစ်လိုက်သည့် ပလတ်စတစ် ထုတ်ကုန်ပစ္စည်းများသည် ရေကြောင်းများအတိုင်း ပင်လယ်ထဲရောက်ရှိကာ ရေသတ္တဝါများ၊ ရေငှက်များကို အလွန်ဆိုးဝါးသည့် အသက်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်ကို လူထုအသိပညာပေးလှုပ်ရှားမှုအနေဖြင့် နိုးဆော်ထားပါသည်။ တစ်ဆက်တည်းတွင် ကမ္ဘာအနှံ့လူအများသည် ပလတ်စတစ်သုံးစွဲမှုနှင့်ပတ်သက်၍ Reduce, Reuse and Recycle နည်းဖြင့် အပေါ့အလျော့လိုက်နာကျင့်သုံးပြီး၊ ပလတ်စတစ်အစားထိုးပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့်ပစ္စည်းများ တီထွင်သုံးစွဲနိုင်ရေး၊ မိမိပတ်ဝန်းကျင်ရှိ ပလတ်စတစ်များ ကောက်ယူရှင်းလင်းရေးကို အရေးတယူဆောင်ရွက်ခြင်းဖြင့် စွန့်ပစ် ပလတ်စတစ်များကြောင့် တောရိုင်းတိရစ္ဆာန် အသက်ဘေးအန္တရာယ်မှကင်းစေရေးအတွက် မြန်မာနိုင်ငံသားများသိရှိစေပြီး၊ ဝိုင်းဝန်းကူညီနိုင်ရန် နိုးဆော်ရေးသားလိုက်ပါသည်။

# ကာတွန်းကဏ္ဍ



သဘာဝကို
လေးစားပါ



ကမ္ဘာမြေပေါ်မှာ
အားလုံးဟာ
တစ်ခုတည်းပါ။




နွေးထွေးရှင်သန်နိုင်ဖို့
လွှမ်းခြုံပေးထားတဲ့
ဖန်လုံအိမ်ဓာတ်ငွေ့တွေ
လိုတာထက်မပိုစေနဲ့



ကျွန်တော်တို့ တစ်ဦးချင်းစီမှာ
ပိုမိုကောင်းမွန်တဲ့ကမ္ဘာကြီး
ဖြစ်လာအောင်
လုပ်နိုင်စွမ်းရှိတယ်။










APK






# ကမ္ဘာ့ ဆောင်းခိုငှက်များနေ့ ၂၀၁၉

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊
မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း

ကမ္ဘာတစ်ဝန်း ဆောင်းခိုရေငှက်များသည် ၎င်းတို့၏ သားပေါက်နေထိုင်ကျက်စားသည့်ဒေသမှ ပျံသန်းလမ်းကြောင်း (၉) ကြောင်းဖြင့် နိုင်ငံ နယ်နိမိတ်များကို ဖြတ်ကျော်ကာ ဆောင်းခိုကျက်စားရာဒေသများဆီသို့ နှစ်စဉ် ပုံမှန် ပျံသန်းကျက်စားကြသည်။ ထို့အတူ သန်းချီသည့် ရေငှက်များသည် ကမ္ဘာ့တောင်ပိုင်းပူနွေးပြီး အစာရေစာပေါများသည့် စားကျက်ဒေသများဆီသို့ ခရီးမိုင်ရှည် ပျံသန်းကျက်စားကြသည်။ ငှက်မျိုးစိတ် အနည်းဆုံး (၄၀၀၀)ခန့်သည် နှစ်စဉ်ပုံမှန် ဆောင်းခိုပျံသန်းကျက်စားကြသည်။ ဤအရေအတွက်သည် ကမ္ဘာ့ငှက်မျိုးစိတ်၏ ၄၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ဆောင်းခိုငှက်များသည် အထူးသဖြင့် ဆောင်းခိုရေငှက်များသည် အကောင်ဦးရေ မြောက်မြားစွာ အုပ်စုဖွဲ့ကာ ဆောင်းခို ပျံသန်းလမ်းကြောင်းအတိုင်း နှစ်စဉ်ဆောင်းခိုကျက်စားကြသည်။ ဆောင်းခိုရေငှက်များသည် မိုင်ပေါင်းများစွာ ရှည်လျားသည့် ပျံသန်း လမ်းကြောင်းတစ်လျှောက် နေ့ညပျံသန်းသွားလာရခြင်း၊ ပျံသန်းခရီးတွင် သားရဲငှက်များ အမဲလိုက် တိုက်ခိုက်ခံရခြင်း၊ ပျံသန်းလမ်းကြောင်းတွင် ခရီးတစ်ထောက်ရပ်နားသည့်ဒေသများတွင် အစားအစာနည်းပါးခြင်း၊ ပြတ်လပ်ခြင်း၊ သားရဲတိရစ္ဆာန်များ၏ အမဲလိုက် သတ်ဖြတ် စားသောက်ခံရခြင်း၊ သဘာဝဘေးဥပဒ်အန္တရာယ်အမျိုးမျိုး၏ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကျော်လွှားရခြင်းတို့ကြောင့် နှစ်စဉ် ဆောင်းခိုရေငှက်များသည် ဆောင်းခို ခရီးစဉ်နှင့် ဆောင်းခိုကျက်စားဒေသများတွင် အကောင်ဦးရေများစွာ သေကြေပျက်စီးရခြင်းကြောင့် ဆောင်းခိုရေငှက်များသည် မျက်မှောက်ကာလတွင် မျိုးသုဉ်းမှုအန္တရာယ် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေကြရသည်။

စာမျက်နှာ -၄၇ သို့